မြန်မာ့အလင်း

အတွဲ (၅၃) အမှတ် (၂၄၇)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်

၂၀၁၄ ခုနှစ်၊ ဇွန် ၉ ရက်၊ တနင်္လာနေ့။

တို့တာဝန်အရေး(၃)ပါး

- ❐ ပြည်ထောင်စု မပြိုကွဲရေး။
- ❐ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❐ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ရန်ကုန်-ထားဝယ်-မြိတ်ကားလမ်းမပေါ်ရှိ ပုလောတံတား ၇၀ ရာခိုင်နှုန်းပြီးစီး

ပုလော ဇွန် ၈

ခရီးသည်တင်မော်တော်ယာဉ်များ နေ့စဉ်ဖြတ်သန်းလျက်ရှိသော ရန်ကုန်-ထားဝယ်-မြိတ် ကားလမ်းမပေါ်ရှိ ပုလောသစ်သားတံတားကို သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနရန်ပုံငွေဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၁၆)မှ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်တည်ဆောက်ခဲ့သည်။

အဆိုပါ သံကူကွန်ကရစ်တံတားသည် ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေခွဲ၊ တံတားအရှည်ပေ ၆၀၀၊ ရေလမ်းကင်းလွတ်အကျယ် ၇၅ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၁၅ ပေ တည်ဆောက်ရန်လျာထားပြီး ယာဉ်သွားလမ်းအကျယ် ၁၂ ပေ၊ လူသွားလမ်းသုံးပေခွဲကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်က တည်ဆောက်ပြီးစီးခဲ့ပြီး မော်တော်ယာဉ်များကို ဖြတ်သန်းသွားလာခွင့်ပြုခဲ့ကြောင်း သိရသည်။

ကျန်ရှိသော ယာဉ်သွားလမ်းအကျယ် ၁၂ ပေ၊ လူသွားလမ်း သုံးပေခွဲကို တည်ဆောက်လျက်ရှိရာ တံတားကြီးတစ်စင်းလုံးတည်ဆောက်မှု ၇၀ ရာခိုင်နှုန်းပြီးစီးခဲ့ပြီးဖြစ်၍ သံကူကွန်ကရစ်တံတား ၁၀၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပါက တံတားကြီးကို နေ့စဉ်အသုံးပြုလျက်ရှိသော ခရီးသည်တင် မော်တော်ယာဉ်များ၊ ခရီးသွားပြည်သူများ၊ ကျောင်းသား ကျောင်းသူများက မိသားစုစီး မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ စက်ဘီးများဖြင့် စိတ်ချမ်းမြေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ယနေ့ မာတိကာ

ယာဉ်ထိန်းရဲတပ်ဖွဲ့ အွန်လိုင်းစာမျက်နှာ Yangon Traffic Police အတည်ပြုပြောင်းလဲသတ်မှတ်ပြီ — စာမျက်နှာ » ၂

ရေကြောင်းပို့ဆောင်ရေး လွယ်ကူစေရန် ဆိပ်ခံတံတား တည်ဆောက် — စာမျက်နှာ » ၁၁

ကျွန်တော်နဲ့ ပဋိပက္ခအလွန်ကာလ (Post-Conflict) ဆောင်းပါး — စာမျက်နှာ » ၆

မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးမည် — စာမျက်နှာ » ၁၂

အနောက်တောင်မုတ်သုံလေ နိုင်ငံတစ်ဝန်းလုံးဝင်ပြီ

နေပြည်တော် ဇွန် ၈

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။ (သတင်းစဉ်)

ပုလောတံတား

ရန်ကုန်-ထားဝယ်-မြိတ် ကားလမ်းပေါ်ရှိ ပုလောတံတားတည်ဆောက်ပြီးစီးမှု အခြေအနေကို ဤသို့တွေ့မြင်ရသည်။ (မြို့နယ် ပြန်/ဆက်)

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

အာလူးတန်ချိန် ၁၀၀၀၀ ပြည်ပသို့ပို့ရေး စီစဉ်လျက်ရှိ

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာ့စိုက်ပျိုးသီးနှံများ ပြည်ပသို့ တင်ပို့နိုင်ရေးကြိုးစားလျက်ရှိရာ လာမည့် ၂၀၁၅ ခုနှစ်တွင် ပြည်ပသို့ အာလူးတန်ချိန် ၁၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ရေးစီစဉ်လျက်ရှိကြောင်း မြန်မာ့အာလူးများ ပြည်ပသို့ တင်ပို့ရောင်းချနေသူများက ပြောသည်။

“ကျွန်တော်တို့အခု ၂၀၁၄ ခုနှစ်မှာ အရည်အသွေးကောင်းပြီး ပြည်ပဈေးကွက်စံချိန်မီတဲ့ အာလူးတန်ချိန် ၃၀၀၀ ကို စိုက်ပျိုးပြီး အိမ်နီးချင်းထိုင်းနိုင်ငံကို တင်ပို့ရောင်းချဖို့စီစဉ်နေပါတယ်။ လာမယ့်နှစ်မှာတော့ အရည်အသွေးမီ အာလူးတန်ချိန် ၁၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ရေးအတွက် ကြိုးစားနေပါတယ်” ဟု အာလူးစိုက်ပျိုးထုတ်လုပ်သူတစ်ဦးဖြစ်သည့် ဦးကိုကိုက ပြောကြားသည်။

မြန်မာနိုင်ငံတွင် အာလူးများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးနှင့် အောင်ပန်းမြို့ ဝန်းကျင်ဒေသများ၊ မကွေးတိုင်းဒေသကြီး စလင်းနှင့် ဆင်ဖြူကျွန်းအနီး ဝန်းကျင်ဒေသများ၊ မန္တလေးတိုင်းဒေသကြီး တပ်ကုန်းမြို့ အနီးဝန်းကျင်ဒေသများတွင် စိုက်ပျိုးလျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသတွင် အရွယ်အစားမကြီးမသေး (စကအာလူး)မျိုးများကို နှစ်စဉ်ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် စိုက်ပျိုးကြသည်။ ဆောင်းအာလူးကို နှစ်စဉ် စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် စိုက်ပျိုးကာ ရေအာလူးစိုက်ပျိုးမှုကို နှစ်စဉ် ဇန်နဝါရီ ဖေဖော်ဝါရီ၊ မတ်နှင့်ဧပြီလများတွင် စိုက်ပျိုးကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ ❁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဆင်းရဲမှုလျှော့ချရေးအစွမ်းကုန်ကြိုးပမ်း

ကျွန်ုပ်တို့နိုင်ငံတွင် လက်ရှိဆင်းရဲမှုနှုန်းကို ၂၆ ရာခိုင်နှုန်းမှ လာမည့် ၂၀၁၅ ခုနှစ် တွင် ၁၆ ရာခိုင်နှုန်းသို့ လျှော့ချသွားရန် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ဤရည်မှန်းချက် အထမြောက်အောင်မြင်စေရန် အစိုးရ၊ ပြည်သူနှင့်လူမှုအဖွဲ့အစည်းများ ဟန်ချက်ညီညီတွန်းနိုင်မှ ရွေ့မည်ဖြစ်ပါသည်။ အချိန်သည် တဖြည်းဖြည်းနီးကပ်လို့လာချေပြီ။ အားလုံးက အပူတပြင်း ကြိုးစားအားထုတ်ကြပါမှ အောင်မြင်နိုင်မည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရပိုင်းက ပံ့ပိုးပေးနိုင်သည်များ ပံ့ပိုးပေးနေသကဲ့သို့ ပြည်သူများအပိုင်းကလည်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးတိုးပွားအောင်ဆောင်ရွက်ရေး မိမိတို့စီးပွားရေးလုပ်ငန်းများ ရည်မှန်းချက်ရှိရှိ ဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ သို့မှသာ စီးပွားရေးအခွင့်အလမ်းများနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်ကာ ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်က နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိတို့အနေဖြင့် နှစ်ပေါင်းများစွာ စီးပွားရေးပိတ်ဆို့မှု ခံထားရမှုများကို ဖယ်ရှားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ပိတ်ဆို့မှုအားလုံးနီးပါးကို သက်ဆိုင်ရာနိုင်ငံများက ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ သို့သော် ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်မားနေသည့် ကျေးလက်နှင့် မြို့ပေါ်ရပ်ကွက်အချို့ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ မိမိတို့နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီဟု မဆိုနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရတာဝန်ယူပြီးချိန်တွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ အားလုံးနှင့်ညှိနှိုင်းတိုင်ပင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်ကို ချမှတ်အကောင်အထည်ဖော်ခဲ့ပါကြောင်း ဇွန် ၈ ရက်တွင် ပဲခူးမြို့ ကျေးလက်ဒေသနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနား၌ ပြောကြားခဲ့သည်။

ဤသို့ ဆင်းရဲနွမ်းပါးမှုလျှော့ချရာတွင် သမဝါယမဝန်ကြီးဌာနက ချေးငွေများထုတ်ချေးခြင်းနှင့် လယ်ယာသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးပစ္စည်းများ အရစ်ကျရောင်းချပေးရေးအစီအမံမှာလည်း များစွာအထောက်အပံ့ဖြစ်လာမည်ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် အောက်တိုဘာလမှစတင်ပြီး ယနေ့အထိ ဤဝန်ကြီးဌာနက ဆောင်ရွက်ပေးထားမှုအခြေအနေမှာ ပြည်သူများ၏ အရင်းအနှီးအတွက် ကျပ်သန်းပေါင်း ၁၄၅၈၁၅ သန်းကျော် ထုတ်ချေးထားပြီး တန်ဖိုးငွေကျပ်သိန်းပေါင်း ၅၄၂၄၅ ဒသမ ၉၁၅ သိန်းရှိသည့် လုပ်ငန်းသုံးယာဉ်၊ စက်ကိရိယာအမျိုးမျိုး အရေအတွက်ပေါင်း ၂၇၆၅ ခုကိုလည်း အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးထားပြီဖြစ်ကြောင်း သိရသည်။

ဤသို့ကူညီပံ့ပိုးဖြည့်ဆည်းပေးမှုသည် ဆင်းရဲမှု လျှော့ချရေးအတွက် လိုအပ်နေသော အရင်းအနှီးများ ရရှိမည်ဖြစ်၍ မကြာမီကာလအတွင်း စီးပွားရေးတိုးတက်လာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသူအားလုံးက မှန်မှန်ကန်ကန်တိတိကျကျ ဝိုင်းဝန်းကြိုးစားအားထုတ်ကြရမည် ဖြစ်ပါသည်။ သို့မှသာ မျှော်မှန်းထားသော ဆင်းရဲမှုနှုန်းလျှော့ချရေးသည် အမှန်တကယ်လျှော့ကျလာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မွန်ပြည်နယ် သထုံခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇွန် ၈

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်သည် မွန်ပြည်နယ် လွှတ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးနိုင်လဝီအောင်နှင့်အတူ ဇွန် ၆ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ Caustic Soda and PVC စက်ရုံ(သထုံ) စီမံကိန်းနယ်မြေသို့ရောက်ရှိပြီး စီမံကိန်းနယ်မြေပတ်ဝန်းကျင်ရှိ ဆူးအင်းဘုန်းတော်ကြီးကျောင်းတွင် ပတ်ဝန်းကျင်ကျေးရွာဖြစ်သည့် အင်းရှည်၊ ဆူးအင်း၊ ကျုံမှီ၊ ခရိုးကျေးရွာဘုန်းကြီး ကျောင်းများမှ ဆရာတော်များအား ဆန်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဆူးအင်းကျောင်းဓမ္မာရုံ၌ စီမံကိန်းပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ခရိုးကျေးရွာမူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၆၇ ဦးနှင့် ကျုံမှီကျေးရွာမူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၁၄၈ ဦးတို့အတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်များနှင့် ကျောင်းတစ်ကျောင်းစီအတွက် အလှူငွေကျပ်တစ်သိန်းစီ ပေးအပ်သည်။

ဆက်လက်၍ ဆူးအင်းကျေးရွာ မူလတန်းကျောင်း၌ ကျောင်းသားကျောင်းသူ ၇၅ ဦးအတွက် ကျောင်းဝတ်စုံ ဗလာစာအုပ်များနှင့် အလှူငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ အင်းရှည်ကျေးရွာ မူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူ ၁၅၅ ဦးအတွက် ကျောင်းဝတ်စုံဗလာစာအုပ်များနှင့် အလှူငွေကျပ်တစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်ထိန်းရဲတပ်ဖွဲ့အွန်လိုင်းစာမျက်နှာ Yangon Traffic Police အတည်ပြုပြောင်းလဲသတ်မှတ်ပြီ

ရန်ကုန် ဇွန် ၈

ယခုဇွန်လအစပိုင်းက " ယာဉ်စည်းကမ်းထိန်းသိမ်းရေး" အမည်ရ အင်တာနက် လူမှုကွန်ရက်စာမျက်နှာကို ဖွင့်လှစ်မည်ဖြစ်ကြောင်း ကနဦးက အသိပေးကြေညာထားသော်လည်း လက်ရှိယာဉ်ထိန်း ရဲတပ်ဖွဲ့၏ လူမှုကွန်ရက်စာမျက်နှာကို "Yangon Traffic Police " အဖြစ် ပြောင်းလဲ သတ်မှတ်လိုက်ပြီဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ ထုတ်ပြန်ချက်အရ သိရသည်။

ပြီးခဲ့သော ဇွန် ၃ ရက်က စတင်ဖွင့်လိုက်သော အဆိုပါ ယာဉ်ထိန်းရဲတပ်ဖွဲ့၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သည့် "Yangon Traffic Police " တွင် ဇွန် ၇ ရက်ညနေ ၄ နာရီ ၁၅ မိနစ်ထိယာဉ်တိုက်မှု၊ စည်းကမ်းချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ စိတ်ပါဝင်စားသူဦးရေများမှ LIKE ပြုလုပ်ထားကြသူများမှာ ၂၈၃၈ ဦးထိရှိနေပြီဖြစ်ကြောင်း သိရသည်။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ ဒုရဲမှူးကြီးလင်းထွဋ်က" ဒီလူမှုကွန်ရက်စာမျက်နှာက ရန်ကုန်နာမည်တပ်ထားပေမယ့် ရန်ကုန်မြို့တစ်ခုတည်းအတွက်မဟုတ်ပါဘူး၊ ဒီစာမျက်နှာလင့်ကနေတစ်ဆင့် နေပြည်တော်အတွက်လည်း ချိတ်ဆက်ဆောင်ရွက်ထားပြီးသားပါ၊ နေပြည်တော်ကိုလည်းရောက်လာမှာပါ၊ ဒီလူမှုကွန်ရက်စာမျက်နှာကနေတစ်ဆင့် ယာဉ်စည်းကမ်း ချိုးဖောက်နေကြသူများကိုမည်သူမဆို တာဝန်သိပြည်သူတွေအနေနဲ့ သတင်းပေးတိုင်ကြားနိုင်ကြပါတယ်"ဟု ပြောကြားခဲ့သည်။

ယင်းနောက် မူလပထမဖွင့်ထားသော အဖြူရောင်ရဲ (WhiteP) အမည်ကို ရည်ညွှန်းဖွင့်ဆိုထားသော White p 2014 @gmail.com ဖြစ်သည့် အီးမေးလိပ်စာအား ယခင်ကနဦးအတိုင်း မပြောင်းလဲဘဲ သတ်မှတ်ထားရှိတော့မည် ဖြစ်ပြီး အဆိုပါအီးမေးလိပ်စာမှ တစ်ဆင့်လည်း ယာဉ်စည်းကမ်းချိုးဖောက်နေကြသူများအား အများပြည်သူများအနေဖြင့် တိုင်ကြားနိုင်ကြပြီ ဖြစ်ကြောင်း အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ တာဝန်ရှိသူများ၏ပြောပြချက်အရ သိရသည်။

စိုးဝင်း(SP)

နိုင်ငံတကာပြပွဲ တက်ရောက်ရန် မြန်မာနိုင်ငံကိုဖိတ်ကြား

ရန်ကုန် ဇွန် ၈

ထိုင်းနိုင်ငံ၌ကျင်းပမည့် ဇီဝနည်းပညာနှင့် သိပ္ပံနည်းပညာများဆိုင်ရာ နိုင်ငံတကာပြပွဲနှင့် ကွန်ဖရင့်ဖြစ်သော Thailand LAB 2014 နှင့် LIFE Science Asia 2014 ကို မြန်မာနိုင်ငံမှ ပညာရှင်များနှင့်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ ပြပွဲကို ဗန်ကောက်မြို့ BITEC EH 101- 102 ၌ စက်တင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"သိပ္ပံပညာဆိုင်ရာပညာရေးမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါကြောင်း၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးရင်းနှီးမြှုပ်နှံမှု အသိပညာဖလှယ်ရေး စည်းဝေးတိုင်ပင်နိုင်မည်ဖြစ်ကြောင်း၊ ယင်းပြပွဲတွင် စိုက်ပျိုးရေး၊ အစားအစာ ဇီဝနည်းပညာ၊ ဇီဝဆေးထုတ်လုပ်မှု၊ ဆေးပညာဆိုင်ရာ ဇီဝနည်းပညာ၊ ဇီဝလုပ်ငန်းစဉ်စက်မှုပညာ၊ ဇီဝသန့်စင်ရေး နည်းပညာအစရှိသည်တို့ကို စီးပွားရေးလုပ်ငန်းနှင့် တွဲဖက်ဆွေးနွေးကြမည်ဖြစ်ကြောင်း" စီးပွားရေးဒါရိုက်တာ မစ္စတာတီလာ ယုလီလာခါဂျိုကီက ပြောကြားသည်။

အဆိုပါပြပွဲသည် ထိုင်းနိုင်ငံ၌ စတုတ္ထအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကာ ယခုနှစ်တွင်ပြပွဲသို့ နိုင်ငံပေါင်း ၄၀ မှ လာရောက်လေ့လာမည်ဟု ခန့်မှန်းထားကြောင်း၊ ကြိုတင်စာရင်းပေးသွင်းခြင်းနှင့် စီးပွားဖက်ရှာဖွေခြင်းကို www. thailandlab.com တွင် ပြုလုပ်နိုင်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်

နေပြည်တော် ဇွန် ၈

နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး(၅၃)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း အရှေ့ဘက်ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတုတော် ရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော်လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက်မှ ပင့်သံဃာတော်ကိုးပါး၊ ဇမ္ဗူသီရိမြို့နယ် ဝိဇိတာရုံပရိယတ္တိစာသင်တိုက်မှ ပင့်သံဃာတော်ကိုးပါး စုစုပေါင်း ၁၈ ပါးတို့ ကြွရောက် ချီးမြှောက်တော်မူကြပြီး စေတီတော်ဂေါပကအဖွဲ့၏ နာယကအဖွဲ့ဝင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေမှ ဝတ်အသင်းများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ တပ်နယ်ဝတ်အသင်းများ တက်ရောက်ကြည်ညိုပူဇော်ခဲ့ကြသည်။ **(ယာပုံ)**

ရွတ်ဖတ်ပူဇော်

(၅၃)ကြိမ်မြောက် အသံအစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဇွန် ၁၂ ရက်အထိ ငါးရက်တိုင်တိုင် ရွတ်ဖတ် ပူဇော်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကွန်ပျူတာပန်းချီ ယှဉ်ပြိုင်မှုကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၈

ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် ကွန်ပျူတာပန်းချီနှင့် ပိုစတာပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ)၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ မီမီသက်သွင်၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဆရာဆရာမများက ပြိုင်ပွဲဝင်ကလေးငယ်များ၏ ကွန်ပျူတာပန်းချီယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ တိုင်းဒေသကြီးအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘားအံမြို့ ပညာရေး၊ ကျန်းမာရေးနှင့် ဘာသာ၊ သာသနာရေးကဏ္ဍများ KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ကြည့်ရှုအားပေး

ဘားအံ ဇွန် ၈

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် နေပြည်တော်မှ ပြန်လည်ရောက်ရှိလာသော KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စောရော်ဂျာခင်၊ ဒေါက်တာစောမာတင်နှင့် အဖွဲ့ဝင်များသည် ဇွန် ၆ ရက်ညနေပိုင်းက ဘားအံတက္ကသိုလ်၊ အားအံပညာရေးကောလိပ်၊ သူနာပြုသားဖွားသင်တန်းကျောင်းများသို့သွားရောက်၍ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအားတွေ့ဆုံ၍ ဩဝါဒစကား ပြောကြားသည်။

ဆက်လက်၍ ပိုင်ကျုံမြို့နယ်ခွဲ တာကရားကျေးရွာသို့ ဇွန် ၇ ရက် နံနက် ၉ နာရီတွင် ပိုင်ကျုံမြို့ အသင်းအုပ်ဆရာ ဦးစောစိုးလယ်၊ ပြည်နယ်ဆောက်လုပ်ရေးအင်ဂျင်နီယာမှူးကြီး၊ ပြည်နယ်ကျေးလက်ဦးစီးမှူး၊ ပြည်နယ်ပညာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်/ မြို့နယ်/ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးများ လိုက်ပါလျက် တာကရားကျေးရွာ ကရင်နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် ဓမ္မဆရာများ၊ အသင်းတော်မှ လူကြီးများ၊ ရပ်မိရပ်ဖများ၊ ပညာရေးနှင့် ကျန်းမာရေးမှ ဆရာ ဆရာမများ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံနှုတ်ဆက်စကားပြောကြားကာ **(အောက်ပုံ)** တာကရားကျေးရွာ နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုး ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေများပေးအပ်ရာ ကရင်ပြည်နယ် အစိုးရအဖွဲ့က ၁၀ သိန်း၊ ပြည်နယ်ဝန်ကြီးချုပ်မိသားစုက တစ်သိန်း၊ KNU ဥက္ကဋ္ဌ စောမူတူးစေးဖိုးက ငွေကျပ်သိန်း ၃၀၊ ဆောက်လုပ်ရေးအင်ဂျင်နီယာမှူးမှ ငွေကျပ်တစ်သိန်း ပေးအပ်ရာ အသင်းတော်မှ တာဝန်ရှိသူများက လက်ခံ၍ စာသင်ကျောင်းများအတွက် ဗလာစာအုပ်နှင့် ခဲတံကို ဆက်လက်ပေးအပ်ရာ ဆရာမများက လက်ခံကြောင်း သိရသည်။

နေမျိုးလွင်

အိုလံပစ်နေ့အထိမ်းအမှတ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၈

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ အိုလံပစ်နေ့အထိမ်းအမှတ်ဘိလိယက်နှင့်စနူကာ pool(9 ball) အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲများကို နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းတွင် ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ လက်ရည်မီသောအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း၊ ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ရုံးခန်း ဖုန်း - ၃၇၅၁၀၄ သို့ ဇွန် ၁၈ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

❀ ရွှေဖိုးမှ

အာလူးစိုက်ပျိုးထုတ်လုပ်ရာတွင် ၂၀၁၆ ခုနှစ်တွင် အာလူးတန်ချိန် ၃၀၀၀၀၊ ၂၀၁၇ ခုနှစ်တွင် အာလူးတန်ချိန် တစ်သိန်းနှင့် ၂၀၁၈ ခုနှစ်၌ အာလူးတန်ချိန် သုံးသိန်းခန့် ပြည်ပတင်ပို့ရောင်းချနိုင်ရေးကြိုးစားလျက်ရှိသည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် မြန်မာတစ်နိုင်ငံလုံးရှိ အာလူးစိုက်ပျိုးဧက၏ ၇၅ ရာခိုင်နှုန်းခန့်ရှိနေသည်။

အာလူးစိုက်ပျိုးထုတ်လုပ်မှုအနေအထားကိုကြည့်လျှင် ပြည်တွင်းစားသုံးမှုပိုလျှံသည့် အနေအထားဖြစ်ရာ အရည်အသွေးမီသည့်အာလူးများကို ပြည်ပသို့တင်ပို့နိုင်ရေး တဖြည်းဖြည်းတိုးတက်ရန် ဆောင်ရွက်ခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးမြင့်လာစေမည်ဖြစ်သည်။ အာလူးများကို လောလောဆယ်တွင် ထိုင်းနိုင်ငံထံသို့ တင်ပို့လျက်ရှိသည်။

မြန်မာ့အလင်း

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဒုတိယဗိုလ်မှူးကြီး သန်းတိုး (ငြိမ်း)-ဒေါ်ပပမော်တို့၏ သမီးဖြစ်သူ **မသင်းဝေသဇင်တိုး**သည် **ခြောက်ဘာသာ(ဘာသာစုံ)ဂုဏ်ထူး**ဖြင့်လည်းကောင်း၊ ဦးအေးလွင်-ဒေါ်လွင်မာစိုးတို့၏ သမီးဖြစ်သူ **မအိန္ဒြေအောင်** သည် **ခြောက်ဘာသာ(ဘာသာစုံ) ဂုဏ်ထူး**ဖြင့်လည်းကောင်း၊ ဦးကျော်ကျော် - ဒေါ်သီတာတို့၏ သမီးဖြစ်သူ **မကျော်ဆုမွန်**သည် **သုံးဘာသာဂုဏ်ထူး**ဖြင့်လည်းကောင်း ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့်အတွက် ဘိုးဘိုး၊ ဘွားဘွားများနှင့်အတူ လေးလေး၊ အန်တီလေးတို့မှ အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

လေးလေး ဦးကြည်မင်း-အန်တီလေး ဒေါ်အေးအေးစန်း

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခုံအမှတ် ပလ-၁၁ဝဖြင့် ထူးချွန်စွာ **(ခြောက်ဘာသာဂုဏ်ထူး) (ဘာသာစုံဂုဏ်ထူး)**ဖြင့် အောင်မြင်ခဲ့သည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ (ဒေါက်တာဇော်ဝင်း၊ ဦးစီးအရာရှိ)-လက်ပံတန်းမြို့နယ်ဦးစီးမှူး ဒေါက်တာသန်းသန်းနွယ်တို့၏သမီး **မထူးနန္ဒာအောင်**အတွက် မိသားစုနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

နိုင်ငံတကာသတင်း

ကိုလံဘီယာအစိုးရနှင့် သူပုန်အဖွဲ့တို့အကြား အမှန်တရားကော်မရှင် ထူထောင်ရန်သဘောတူ

ဘိုဂိုတာ ဇွန် ၈

ကိုလံဘီယာအစိုးရနှင့် ဖတ်သူပုန်အဖွဲ့သည် ဆယ်စုနှစ်ငါးခုကြာ ဖြစ်ပွားခဲ့သည့် ပဋိပက္ခအတွင်း ထောင်ပေါင်းများစွာသော ပြည်သူများသေဆုံးခဲ့ရခြင်းအပေါ် စုံစမ်းဖော်ထုတ်ရေး အမှန်တရားကော်မရှင်တစ်ရပ် ထူထောင်ရန်သဘောတူလိုက်သည်။

ယင်းတို့သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပရာ ကျူးဘားသို့သွားရောက်ကာ ကြားနာစစ်ဆေးမှုကိုခံယူရန်လည်း သဘောတူလိုက်သည်။ အဆိုပါ ကြေညာချက်သည် ငြိမ်းချမ်းရေးကို ဦးတည်စေသည့် ထင်ရှားသော သဘောတူညီချက်ဖြစ်သည်ဟု ဆိုသည်။

အဆိုပါပဋိပက္ခအတွင်း လူပေါင်း ၂၂၀၀၀၀ သေဆုံးခဲ့ရာ အများစုမှာ အရပ်သားများဖြစ်ကြသည်။

ပဋိပက္ခအတွင်းသေဆုံးသူများ၏ အခွင့်အရေးအတွက် ဆွေးနွေးခြင်း မဟုတ်ကြောင်း ဟာဗားနား၌ ထုတ်ပြန်သော အဆိုပါကြေညာချက်၌ ဖော်ပြသည်။ ယင်းပဋိပက္ခအတွင်း ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခံရသူများအတွက် အမှန်တရားဖော်ထုတ်ရေး၊ တရားမျှတရေး၊ လျော်ကြေးပေးရေးနှင့် နောက်တစ်ကြိမ်အကြမ်းဖက်မှု မဖြစ်အောင် အာမခံရေး စသော အချက်များ အဆိုပါသဘောတူညီချက်တွင် ပါဝင်သည်။ **ဘီဘီစီ**

ဖတ်သူပုန်ခေါင်းဆောင် အီဗန်မားကွတ်ဇ် နှစ်(၅၀)ပြည့် ဖတ်သူပုန်အဖွဲ့ကို ထူထောင်သည့် အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

ခရိုင်းမီးယားကိုပြန်လည်ရယူရန် လက်လျှော့မည်မဟုတ်ဟု ယူကရိန်းသမ္မတသစ် ပိုရိုရှန်ကို ပြောကြား

ကီယက်ဗ် ဇွန် ၈

ယူကရိန်း သမ္မတသစ် ပီထရို ပိုရိုရှန်ကိုက ၎င်း၏နိုင်ငံအနေဖြင့် ခရိုင်းမီးယားကိုမည်သည့်အခါမျှ လက်လျှော့ပေးလိမ့်မည် မဟုတ်ကြောင်း၊ ဥရောပနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှု လမ်းကြောင်းလည်းလက်လျှော့ပေးမည် မဟုတ်ကြောင်း စနေနေ့ကျမ်းသစ္စာကျိန်ဆိုပွဲတွင် ပြောကြားလိုက်သည်။

အသက် ၄၈ နှစ်ရှိ ဘီလီယံနာသူဌေး ပိုရိုရှန်ကိုသည် အနောက်အုပ်စုထောက်ခံမှုဖြင့် ပါလီမန်၌ ကျမ်းသစ္စာကျိန်ဆိုပွဲမတိုင်မီ ပြောကြားလိုက်ခြင်း ဖြစ်သည်။ သို့ရာတွင် ယူကရိန်းအရှေ့ပိုင်းခွဲထွက်ရေးသမားများကြောင့် ရုရှားနှင့် ဆက်ဆံရေး အကျပ်အတည်းနှင့်ရင်ဆိုင်နေရသည်။

ယူကရိန်းဆန္ဒပြသူများက မော်စကိုလိုလားသောသမ္မတဗစ်တာယာနူကိုဗစ်ချ်ကိုဖြုတ်ချလိုက်ပြီး သီတင်းပတ်များအကြာ ရုရှားကခရိုင်းမီးယားကျွန်းဆွယ်အပေါ် လက်နက်နိုင်ငံပြုသိမ်းပိုက်ခဲ့သည်။

ယူကရိန်း နိုင်ငံသားများသည် ရုရှားနှင့်ဆက်ဆံရေးကောင်းအောင် မလုပ်နိုင်သရွေ့ ငြိမ်းချမ်းရေး၏ အရသာကို ခံစားရလိမ့်မည်မဟုတ်ကြောင်း၊ ရုရှားသိမ်းပိုက်ထားသော ခရိုင်းမီးယားသည်ယူကရိန်းပိုင်မြေဖြစ်ကြောင်း ပိုရိုရှန်ကို ကပြောကြားသည်။

၎င်းအနေဖြင့် ပြင်သစ်နိုင်ငံ၌ ဒုတိယကမ္ဘာစစ်ပြီးဆုံးကြောင်း နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်လာသော ရုရှားသမ္မတဗလာဒီမာပူတင်နှင့်လည်းတွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် အထက်ပါအချက်များကိုရုရှားသမ္မတထံစာချွန်လွှာပေးပို့ခဲ့ကြောင်းပိုရိုရှန်ကိုက ပြောသည်။

သမ္မတပူတင်က ယူကရိန်းနယ်စပ်ပိုမိုလုံခြုံရေးနှင့်တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်မှုအပေါ်ဟန့်တားပေးရန် သမ္မတပူတင်က ဖက်ဒရယ်လုံခြုံရေးတပ်ဖွဲ့သို့အမိန့်ထုတ်ပြန်ခဲ့သည်။ **ရိုက်တာ**

ဘဂ္ဂဒက်မြို့တစ်ခွင် ဒါဇင်နှင့်ချီသော ကားဗုံးများဖြင့် ဖောက်ခွဲတိုက်ခိုက်

ဘဂ္ဂဒက် ဇွန် ၈

ဘဂ္ဂဒက်မြို့၌ စနေနေ့က ကားဗုံးခွဲတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ လူပေါင်း ၆၀ ကျော် သေဆုံးသွားခဲ့ကြောင်း၊ စစ်သွေးကြွများက အီရတ်အနောက်ပိုင်းတက္ကသိုလ်တစ်ခုကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ကြောင်း ဒေသဆိုင်ရာ ဆေးဘက်သတင်းရပ်ကွက်များက ပြောသည်။

အဆိုပါ မြို့တော်၏ ရှီးယိုက်တို့နေထိုင်ရာ ခရိုင်များ၌ ဒါဇင်နှင့်ချီသော ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ ဘေယာ၌ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုသည် သွေးထွက်သံယိုအများဆုံးဖြစ်ပြီး ၂၃ ဦး သေဆုံးခဲ့ကြောင်း၊ ယင်းတို့တွင် ဘိလိယက်ကစားနေသော လူငယ်များမှာ အများဆုံးဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

"ကျွန်တော်ဆိုင်ပိတ်ဖို့ အသွားလမ်းမပေါ်က ပေါက်ကွဲသံကြီး ကြားလိုက်ရတာပါပဲ။ အဲဒီအချိန်မှာ လမ်းပေါ်မှာ ကားတွေရော ဆိုင်တွေပါ မီးလောင်နေတာကို တွေ့လိုက်ရတာပါပဲဗျာ"ဟု ကာရမ်အဗ္ဗဒူလာက ပြောသည်။

အခြားသောဗုံးများမှာ ရှပ်ရှင်ရုံ၊ နာမည်ကျော် အဖျော်ဆိုင်နှင့် ရှီးယိုက်ဗလီတို့၌ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုများသည် မည်သည့်အဖွဲ့က တိုက်ခိုက်ခဲ့သည်ကို ချက်ချင်းမသိရသေးကြောင်း၊ သို့သော် ရှီးယိုက်အသိုင်းအဝိုင်းသည် ဆွန်နီအစ္စလာမ္မစ်တို့၏ မကြာခဏပစ်မှတ်ထားတိုက်ခိုက်ခံနေရကြောင်း သတင်းတွင် ဖော်ပြသည်။

ကြာသပတေးနေ့ တစ်နေ့တည်း၌ပင် စစ်သွေးကြွများက ဆွန်နီအန်ဘာပြည်နယ်၏ အဓိက မြို့ကြီးဖြစ်သော ရာမာဒီနှင့် ဖလူးဂျာတို့ကို သိမ်းပိုက်ခဲ့သည့်အပြင် ရာမာဒီရှိ အန်ဘာတက္ကသိုလ်ကိုလည်း ထိန်းချုပ်ထားသည်။ **ရိုက်တာ**

အိန္ဒိယရေလုပ်သား ၇၃ ဦး သီရိလင်္ကာရေတပ်ထိန်းသိမ်းခြင်းခံရ

ကိုလံဘို ဇွန် ၈

သီရိလင်္ကာနိုင်ငံ ရေပိုင်နက်အတွင်း ငါးဖမ်းခဲ့သော အိန္ဒိယရေလုပ်သား ၇၃ ဦးကို သီရိလင်္ကာရေတပ်က ဖမ်းဆီးခဲ့ကြောင်း ၎င်းရေတပ်ပြောရေးဆိုခွင့်ရှိသူက ဇွန် ၈ ရက်၌ ပြောခဲ့သည်။

သမ္မတ မဟိန္ဒာရာဂျပက်ဆာ၏ ညွှန်ကြားချက်ဖြင့် သီရိလင်္ကာနိုင်ငံက ထိန်းသိမ်းထားသော အိန္ဒိယရေလုပ်သား ၃၃ ဦးကို ပြန်လွှတ်ပေးပြီး ရက်ပိုင်းအတွင်း ယခုကဲ့သို့ ဖမ်းဆီးမှုထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ကို အိန္ဒိယဝန်ကြီးချုပ်နရိန္ဒြာမိုဒီ၏ အစိုးရသစ်အဖွဲ့တောင်းဆိုမှုဖြင့် ပြီးခဲ့သည့်ရက်သတ္တပတ်က ပြန်လွှတ်ပေးခဲ့ခြင်း ဖြစ်သည်။

သို့သော် အိန္ဒိယနိုင်ငံက ထိန်းသိမ်းထားသော သီရိလင်္ကာရေလုပ်သားများပြန်လွှတ်ပေးရန် အပြန်အလှန်လုပ်ဆောင်ချက်ကို အိန္ဒိယဘက်က ပျက်ကွက်ခဲ့ကြောင်း သီရိလင်္ကာရေလုပ်သားများက စွပ်စွဲပြောဆိုခဲ့သည်။

နိုင်ငံတကာ ရေပြင်နယ်နိမိတ်မျဉ်းကို ဖြတ်ကျော်သည့် သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံအရေးသည် နှစ်နိုင်ငံ ရေလုပ်သားများအကြား အငြင်းပွားဖွယ်ဖြစ်လာခဲ့သည်။

၎င်းအရေးကိစ္စကို ဖြေရှင်းရန် ကြိုးပမ်းမှုအဖြစ် ပြီးခဲ့သည့်လက နှစ်နိုင်ငံရေလုပ်သားများဆွေးနွေးမှု ပြုလုပ်ခဲ့သော်လည်း ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေဖြင့် အဆုံးသတ်ခဲ့သည်။ **ဆင်ဟွာ**

ဓားစာခံအဖြစ် ပြန်ပေးဆွဲခံရသော Albedo သင်္ဘောပြန်လည်လွတ်မြောက်

ဆိုမာလီ ဇွန် ၈

လွန်ခဲ့သော သုံးနှစ်ကျော်က ဆိုမာလီပင်လယ်ဓားပြတို့၏ ပြန်ပေးဆွဲခံရသော သင်္ဘောအမှုထမ်း ၁၁ ဦးပါ မလေးရှား မှတ်ပုံတင်ထားသော သင်္ဘောတစ်စင်း ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြခဲ့သည်။

သင်္ဘောအမှုထမ်းများသည် တောင်အာရှနှင့် အီရန်မှဖြစ်ကြသည်။ MV Albedo အမည်ရှိ ၎င်းကုန်တင်သင်္ဘောသည် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလက ဆိုမာလီကမ်းလွန်ကီလိုမီတာ ၁၅၀၀ (မိုင်၉၀၀)၌ ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်ပြီးပြန်လည်လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ လွတ်မြောက်လာပုံအသေးစိတ်ကိုပြောပြခဲ့ခြင်းမရှိပေ။ ၎င်းတို့သည် မိခင်နိုင်ငံသို့ ပြန်မရောက်မီ ကင်ညာနိုင်ငံသို့ ရောက်ရှိနေခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများကပြောကြားခဲ့သည်။

သင်္ဘောအမှုထမ်းခုနစ်ဦးသည် ပြီးခဲ့သည့် နှစ်နှစ်ကငွေကြေးဖြင့် ပြန်လည်ရွေးယူကာ လွတ်မြောက်ခဲ့ခြင်းဖြစ်ပြီးအခြားခြောက်ဦးမှာ သေဆုံးခဲ့သည်ဟု ဆိုသည်။ ဆိုမာလီပင်လယ်ဓားပြများ၏ဖမ်းဆီးခံထားရသူ ၄၀ ခန့်ရှိနိုင်သေးကြောင်း ကုလသမဂ္ဂက ခန့်မှန်းပြောဆိုခဲ့ကြသည်။

လွန်ခဲ့သည့် သုံးနှစ်အတွင်း ၎င်းပင်လယ်ပြင်ဓားပြများ၏ လုပ်ဆောင်ချက်များကို ကြည့်မည်ဆိုလျှင် သင်္ဘောအမှုထမ်း ၇၀၀ ထက်မနည်းနှင့် သင်္ဘောပေါင်း ၃၀ ကျော်ကို ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။ **ဘီဘီစီ**

အီဂျစ်သမ္မတသစ် ကျမ်းကျိန်မည်

ကိုင်ရို ဇွန် ၈

အီဂျစ်စစ်ဗိုလ်ချုပ်ကြီးဟောင်း အဗ္ဗဒူလ်ဖက်တာ အယ်လစီစီသည် အမတ်ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့်အနိုင်ရပြီးနောက် အီဂျစ်သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုမည် ဖြစ်သည်။

အီဂျစ်မြို့တော် ကိုင်ရို၌ အဆိုပါကျမ်းကျိန်ပွဲကျင်းပမည့် တရားရုံးချုပ် အနီးဝန်းကျင်အဓိကနေရာများ၌ လုံခြုံရေးတပ်များဖြန့်ကြက်ချထားသည်။

အဆိုပါ အငြိမ်းစားဗိုလ်ချုပ်ကြီးသည် လွန်ခဲ့သော ဇူလိုင်လက သမ္မတ မိုဟာမတ်မော်စီအားဖြုတ်ချခဲ့သူ ဖြစ်သည်။

အသက် ၅၉ နှစ်ရှိ မစ္စတာစီစီသည် သမ္မတရွေးကောက်ပွဲ၌ စိန်ခေါ်သူ လက်ဝဲယိမ်းဟမ်းဒင်းဆာဘာဟီအား ၉၆ ဒသမ ၉ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။ **ဘီဘီစီ**

ပြည်တွင်းသတင်း

ယာဉ်ကြောပိတ်ဆို့မှုလျော့ပါးရေး အမြန်ပြီးအောင်ဆောင်ရွက်

ရန်ကုန် ဇွန် ၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇွန် ၆ ရက် မွန်းလွဲပိုင်းက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး အဖွဲ့(၅)က တာဝန်ယူတည်ဆောက်လျက်ရှိသော ဘုရင့်နောင်တံတား အမှတ်(၂)တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘုရင့်နောင်တံတားအမှတ်(၂)သည် ရန်ကုန်တိုင်းဒေသကြီးအတွက် အရေးပါသော တံတားကြီးဖြစ်ပြီး ယာဉ်ကြောပိတ်ဆို့မှုများ လျော့ပါးစေမှာဖြစ်သည့်အတွက် အမြန်ပြီးစီးရေး အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်ပေါင်း ၁၀၀ ကျော်က ပိဋကတ်တိုက်ပြန်လည်ပြုပြင်

ပုသိမ်ကြီး ဇွန် ၈

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဇီးချိုကုန်းကျေးရွာ သန္တာရုံကျောင်းတိုက်အတွင်း တည်ရှိသော ပိဋကတ်တိုက်ကြီးအား ပြန်လည်ပြုပြင်၍ ပိဋကတ်စာပေကျမ်းမြတ်တော်များ ပင့်ဆောင်ပူဇော်ပွဲ အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။ ပိဋကတ်တိုက်တွင်ထားရှိမည့် ဗုဒ္ဓကျမ်းပေစာ၊ ပုရပိုက်စာ၊ ပိဋကတ်သုံးပုံအစရှိသည့် ပိဋကတ်များကို ဗဟိုမြို့မ စာသင်တိုက်မှ သန္တာရုံကျောင်းတိုက်သို့ ဝတ်အသင်းများ၊ လူမှုရေးအသင်းများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ခြေကျင်လျှောက်၍ ပို့ဆောင်ပူဇော်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ပိဋကတ်တိုက်တော်ကြီး၏ မူလကုသိုလ်ရှင်မှာ နယ်ပိုင်ဝန်ထောက် ရွှေစလွယ်ရ ကျက်သရေဆောင် (C.A.C/K.S.M)ဘွဲ့ရ ဦးသင်ဖြစ်သည်။ ဦးသင်သည် ပုသိမ်ကြီးမြို့ဇာတိဖြစ်ပြီး မြန်မာသက္ကရာဇ် ၁၂၇၀ ပြည့်နှစ်တွင် အပြီးဆောက်လုပ်လှူဒါန်းခဲ့သည်။ ယခုအခါ ကျောင်းတိုက်ကြီးမှာ စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးခဲ့ရာ ဗဟိုမြို့မစာသင်တိုက် ဦးစီးပဓာနဆရာတော်အရိယဝံသက ငွေကျပ် သိန်း ၅၀ မတည်၍ အလှူရှင်များ စုပေါင်း၍ ပြန်လည်ပြုပြင်ခဲ့သည်။ ပိဋကတ်တိုက်ကြီး ကျောက်သားထုနံရံအရွယ်အစားမှာ ၂ ပေ ၆ လက်မ၊ အလျား ပေ ၅၀ အနံ ၂၅ ပေ၊ အမြင့် ပေ ၅၀၊ နှစ်ထပ်တိုက် ဖြစ်သည်။ ကျောင်းတိုက်ကြီးအောင်ပွဲအဖြစ် နယုန် လပြည့်ကျော် ၃ ရက်မှ ၅ ရက်အထိ ညစဉ်တရားပွဲများ ကျင်းပခြင်း၊ လပြည့်ကျော် ၆ ရက်တွင် ရေစက်သွန်းချအမျှဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းထုတ်ပြန်

လဲချား

လဲချားမြို့နယ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းကို ဇွန် ၇ ရက် နံနက် ၆ နာရီက လဲချား အထက စာစစ်ဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့တွင် ထုတ်ပြန်ကြေညာသည်။ လဲချားမြို့နယ် စာစစ်ဌာန၌ ၂၂၆ ဦး ဖြေဆိုခဲ့ကြပြီး ရိုးရိုးအောင်သူ ၇၈ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် သုံးဦးနှင့် သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး စုစုပေါင်း ၈၂ ဦး အောင်မြင်သဖြင့် ၃၆ ဒသမ ၂၈ ရာခိုင်နှုန်းဖြင့် အောင်မြင်ခဲ့သည်။

နန်းမေစုအောင်

– – – – – – – –

ဂန့်ဂေါ

ဂန့်ဂေါမြို့နယ်တွင် ဖြေဆိုသူပေါင်း ၁၈၉၈ ဦးရှိပြီး အောင်မြင်သူ ၄၀၂ ဦး ရှိရာ အောင်ချက်ရာခိုင်နှုန်းမှာ ၂၁ ဒသမ ၁၈ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

(၁၀၁)

မွန်လူငယ်အဖွဲ့ လမ်းပေါ်မှ အမှိုက်များသိမ်းဆည်း

သံဖြူဇရပ် ဇွန် ၈

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်မှ မွန်တိုင်းရင်းသားလူငယ်အင်အား ၄၀ ပါ မွန်လူငယ်အဖွဲ့အစည်းမှ မောင်မယ်များသည် ဇွန် ၅ရက် နံနက် ၈ နာရီမှစတင်၍ သံဖြူဇရပ်မြို့ ဗိုလ်နေဝင်းလမ်းမကြီးနှင့် အောင်ဆန်းလမ်းမကြီးတစ်လျှောက် ကတ္တရာလမ်းဘေးဝဲယာရှိ ပလတ်စတစ်အိတ်များနှင့် စွန့်ပစ်အမှိုက်များကို ကောက်ယူသိမ်းဆည်းခြင်းပြုလုပ်ခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှိုက်သိမ်းယာဉ်မှ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(သံဖြူဇရပ်)

ရင်ဘတ်အတွင်းထည့်ထားသည့် မိုဘိုင်းဖုန်းကို လျှပ်စီးဝင်ပြီး သေဆုံး

ပုသိမ်ကြီး ဇွန် ၈

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာအုပ်စု မြို့သာကုန်းကျေးရွာထိပ် ကွင်းအမှတ်- ၅၀၃ ရန်ကင်းတောင်ဘီမြောင်း ပေါ်တွင် ဇွန် ၆ ရက် ညနေ ၅ နာရီခွဲ မိုးရွာချိန်၌ မကြူကြူမော် (၂၀ နှစ်) စက်ဘီးတွန်း၍ မိုင်ကုန်းကျေးရွာသို့ ပြန်လာခဲ့သည်။

မိုးရွာချိန်ဖြစ်သောကြောင့် မကြူကြူမော်၏ ရင်ဘတ်အတွင်းထည့်ထားသည့်မိုဘိုင်းဖုန်းသည် လျှပ်စီးလက်သည့်အချိန်တွင်လျှပ်စီးဝင်ပြီး မကြူကြူမော်၏ ခန္ဓာကိုယ်၌ဒဏ်ရာမတွေ့ရဘဲနေရာတွင်သေဆုံးသွားကြောင်းသိရသည်။

အခင်းဖြစ်ပွားရာသို့ ရန်ကင်းတောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးရန်ရှင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြည်သူ့ဆေးရုံသို့ သယ်ဆောင်ပြီးစစ်ဆေးဆောင်ရွက်လျက်ရှိသည်။ မကြူကြူမော် ကိုင်ဆောင်သော မိုဘိုင်းတယ်လီဖုန်းမှာ ဖုန်းမျက်နှာပြင် ကြေမွပျက်စီးနေခြင်း၊ ဖုန်းထည့်သည့်အိတ်ပွင့်ထွက်နေခြင်း၊ ဖုန်းအတွင်းရှိ သံလိုက်နှစ်ခုမှတစ်ခုမှာ ပွင့်နေခြင်းများ ဖြစ်ပေါ်ခဲ့သည်။ မိုးရွာနေစဉ်သော်လည်းကောင်း၊ မိုးထစ်ချုန်းနေစဉ်သော်လည်းကောင်း၊ လျှပ်စီးလက်နေစဉ်သော်လည်းကောင်း ဖြစ်ပေါ်ချိန်တွင် မိုဘိုင်းတယ်လီဖုန်းများ ပါဝါပိတ်ထားသင့်ကြောင်း၊ ကွင်းပြင်များ၊ လယ်ကွင်းများတွင် မိုဘိုင်းတယ်လီဖုန်းများ ယူဆောင်မသွားသင့်ကြောင်း ဆက်သွယ်ရေးပညာရှင်တစ်ဦးက ပြောပြသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ဘဏ်ဝန်ထမ်းမိသားစုများ၏ ကျောင်းသားများအား ကျောင်းသုံးပစ္စည်းထောက်ပံ့

ရန်ကုန် ဇွန် ၈

မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မြသည် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၁) အပေါ်ထပ်ရှိ ဘဏ်လုပ်ငန်း သင်တန်းခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့မှ တိုင်းဒေသကြီး မန်နေဂျာများ၊ ပြည်နယ်မန်နေဂျာများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အရာထမ်း၊ အမှုထမ်းများအား ဘဏ်လုပ်ငန်းဆိုင်ရာတွေ့ဆုံမှာကြားခဲ့ပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့ဝင်များသည် တိုင်းဒေသကြီးနှင့်ပြည်နယ် ငါးခုအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်မှ မိခင်လောင်း ဝန်ထမ်း ၆၅ ဦးအတွက် ထောက်ပံ့ငွေများနှင့် ဘဏ်ဝန်ထမ်းမိသားစုများ၏ ကျောင်းသား ကျောင်းသူ ၁၀၇၃ ဦးအတွက် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

(မြန်မာ့အလင်း)

တံဆိပ်ခေါင်းခွန်ဥပဒေကို ရုံးသုံးမြန်မာစာဖြင့် ထုတ်ပြန်ပေးရန်လို

အုတ်တွင်း ဇွန် ၈

နိုင်ငံတော်သမ္မတက တံဆိပ်ခေါင်းခွန်ဥပဒေအား ပြင်ဆင်သည့်ဥပဒေကို မတ် ၁၃ ရက်တွင် အတည်ပြုလက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပြီး နိုင်ငံပိုင် သတင်းစာများတွင်လည်း အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြကြေညာခဲ့ပြီးဖြစ်သည်။

သို့သော်လည်း ယခု သုံးလနီးပါးကြာသည်အထိ တရားရုံးများ၊ မြေစာရင်းရုံးများတွင် ညွှန်ကြားချက်မရောက်ရှိသေးဟုဆိုကာ ယခင်နှုန်းထားများအတိုင်း ထမ်းဆောင်နေရပါသည်။ မေ ၄ ရက်က မြေစာရင်းရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာ သွားရောက်ပြုလုပ်ရာတွင် ညွှန်ကြားချက် မရောက်သေးသဖြင့် ယခင်အတိုင်း ငွေကျပ် ၄၀၀၀ တန်တံဆိပ်ခေါင်းကပ်ရန် ညွှန်ကြားကြောင်း သိရှိရသည်။

စီးပွားရေး လုပ်ငန်းရှင်များ၊ ရှေ့နေများ၊ ပြည်သူများက တံဆိပ်ခေါင်းခွန် ဥပဒေကို မြန်မာနိုင်ငံရုံးသုံးမြန်မာစာဖြင့် ပွင့်လင်းမြင်သာစွာ ဖော်ထုတ်ကြေညာပေးရန် လိုလားလျက်ရှိကြသည်။ (၁၁၄)

☎ 202046 392048
ဆရာအာသာ (မြို့လယ်ကျောင်း) SUCCESS Language Academy
တက္ကသိုလ်ဝင်တန်းဖြေထားသူများ ကျောင်းပိတ်ရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

BASIC ENGLISH SPEAKING
2 - 5:00 (Sat + Sun) 14 Jun
10-11:30 (Mon – Thurs) 18 Jun
1 - 2:30 (Mon – Thurs) 18 Jun
7:30-10:30 (Sat + Sun) 21 Jun
7:30 - 9 (Mon – Thurs) 30 Jun

FOUR SKILLS ENGLISH
3:30 - 5 (Mon – Thurs) 11,18 Jun
9:30-12:30 (Sat + Sun) 14 Jun
2 - 5:00 (Sat + Sun) 14 Jun
1 - 2:30 (Mon – Thurs) 18 Jun
7:30-10:30 (Sat + Sun) 28 Jun
10 - 11:30 (Mon – Thurs) 30 Jun

PRE-INTERMEDIATE
1 - 2:30 (Mon – Thurs) 18 Jun
12 - 3:00 (Sat + Sun) 5 July

INTERMEDIATE (ACADEMIC ENGLISH)
1 - 2:30 (Mon – Thurs) 30 Jun

VOCAB ENRICHMENT
1 - 2:30 (Mon – Thurs) 18 Jun
1 - 4:00 (Sat + Sun) 12 July

BASIC WRITING
10 - 11:30 (Mon – Thurs) 7 July

BASIC GRAMMAR
3:30 - 5 (Mon – Thurs) 18 Jun
10 - 12:00 (Sat + Sun) 28 Jun

IELTS (Preparation)
7:30-9:30 (Mon – Thurs) 9 Jun
1 - 3:30 (Mon – Thurs) 23 Jun
IELTS Exam Practice
3:30 - 5 (Mon – Thurs) 14 July
IELTS (Speaking)
1 - 2:30 (Mon – Thurs) 30 Jun
IELTS (Reading)
7:30-9:30 (Mon – Thurs) 23 Jun
IELTS (Writing)
11 - 1:00 (Sat + Sun) 28 Jun

လှည်းတန်းကျောင်းခွဲ
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

English Speaking	7:30 - 9	Mon to Thurs	30 Jun
	7:30-10:30	Sat + Sun	6 July
	12 - 3:00	Sat + Sun	13 July
Four Skills English	10 - 11:30	Mon to Thurs	30 Jun
	12 - 3:00	Sat + Sun	6 July
	1 - 2:30	Mon to Thurs	8 July
Basic Grammar	7:30-9:00	Mon to Thurs	1 July
Pre-Intermediate	7:30 - 9:00	Mon to Thurs	8 July
	10 - 11:30	Mon to Thurs	14 July

ပျောက်ဆုံးသတိပေးကြော်ငြာ
(ကျွဲကျောင်း) မ-(၁)ဦး

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ ပဋိပက္ခအလွန်ကာလ (Post-Conflict)

ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်နေတဲ့ သတင်းတွေကို သတင်းစာထဲမှာ၊ ဂျာနယ်တွေမှာ ဖတ်လိုက်ရတော့ စိတ်ထဲမှာ ဝမ်းသာမိတယ်။ အောင်မြင်မှုရကြပါစေ၊ နားလည်မှုတွေ တည်ဆောက်နိုင်ပါစေ၊ ယုံကြည်မှုတွေ တိုးတက်အောင် ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းမိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပြည်တွင်းပဋိပက္ခတွေ ဖြစ်နေတာ လွတ်လပ်ရေးရပြီးကတည်းကလို့ ပြောကြတယ်။ အမှန်တော့ ဒုတိယကမ္ဘာစစ် မြန်မာပြည်ကို ကူးစက်လာတဲ့ ၁၉၄၁ ခုနှစ်ကတည်းက ဖြစ်တယ်လို့ ပြောချင်ပါတယ်။ ပုံစံအမျိုးမျိုးနဲ့ ပဋိပက္ခတွေဖြစ်ခဲ့ရတယ်။ ပြည်သူပြည်သားတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ထိပါးခဲ့တယ်။ တိုင်းပြည်ရဲ့ တိုးတက်ဖွံ့ဖြိုးမှုကိုလည်း အဟန့်အတားဖြစ်စေခဲ့တယ်။

အိမ်နီးနားချင်းနိုင်ငံ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့မှာလည်း အခုလိုပဋိပက္ခတွေ ဖြစ်ခဲ့ပါတယ်။ တစ်ချိန်တုန်းက မလေးရှားနဲ့ စင်ကာပူနိုင်ငံတွေပေါင်းထားတဲ့ မလေးယားနိုင်ငံမှာ ကွန်မြူနစ်တွေနဲ့ ပဋိပက္ခအကြီးအကျယ်ဖြစ်ခဲ့တယ်။ အင်ဒိုနီးရှားနိုင်ငံမှာလည်း သမ္မတ ဆူကာနို ရာထူးမှဆင်းပြီး ဗိုလ်ချုပ်ကြီး ဆူဟာတို အာဏာယူတဲ့အချိန်မှာ သွေးချောင်းစီးခဲ့တာ တွေ့ရတယ်။ ထိုင်းနိုင်ငံမှာလည်း ကွန်မြူနစ်များနဲ့ ပဋိပက္ခတွေ အကြီးအကျယ်ဖြစ်ခဲ့တယ်။ အခုချိန်အထိ တောင်ပိုင်းမှာ မငြိမ်သက်မှုတွေ ရှိနေဆဲဖြစ်တယ်။

ခမာနီတွေကြောင့် ကမ္ဘောဒီးယားနိုင်ငံမှာ ပြည်သူ သန်းနဲ့ချီသေဆုံးခဲ့ရတယ်။ ဗီယက်နမ်နိုင်ငံမှာလည်း ၁၉၇၅ ခုနှစ်အထိ တောင်နဲ့မြောက် စစ်ဖြစ်ပြီး အမေရိကန်တွေနဲ့ ပဋိပက္ခတွေကြောင့် တစ်နိုင်ငံလုံး ပျက်စီးခဲ့ရတယ်။ ဖိလစ်ပိုင်နိုင်ငံမှာလည်း ပဋိပက္ခတွေ ပေါ်ပေါက်ဆဲဖြစ်တယ်။ ဒါပေမယ့် နိုင်ငံတွေဟာ ပဋိပက္ခကို နည်းလမ်းမျိုးစုံနဲ့ ဖြေရှင်းကျော်လွှားနိုင်ခဲ့ကြတယ်။

ကျွန်တော်တို့နိုင်ငံမှာလည်း အခုလို အမြန်ဆုံး အဆုံးသတ်နိုင်ပါစေလို့ ဆန္ဒပြုမိတယ်။ စစ်အတွင်းက မြန်မာနိုင်ငံဟာ နှစ်ကြိမ်တိတိ အလူးအလဲခံခဲ့ရတယ်။ ဂျပန်ဝင်ပြီး အင်္ဂလိပ်တွေ ဆုတ်တဲ့အခါ ဂျပန်လက်ထဲ သယံဇာတတွေ ကျရောက်မှာကို စိုးရိမ်တဲ့အတွက် ရေနံတွင်းတွေကို မီးရှို့ခဲ့ကြတယ်။ ဂျပန်တွေ အဆုတ်မှာလည်း နိုင်ငံက နောက်တစ်ကြိမ်ခံရပြန်ရော။ လွတ်လပ်ရေးရပြီးချိန်မှာလည်း ပြည်တွင်းပဋိပက္ခတွေကြောင့် လမ်းတွေ၊ တံတားတွေ ဖျက်ဆီးခံခဲ့ရပြီး တိုင်းပြည်ရဲ့စီးပွားရေးမှာ အကြီးအကျယ် ဆုံးရှုံးခဲ့တယ်။

အခုလို ပဋိပက္ခတွေကြောင့် နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးနယ်ပယ်တွေမှာ နောက်ကျခဲ့တယ်။ ခဲတံကိုင်ရတဲ့လက်တွေဟာ လက်နက်တွေ စွဲကိုင်နေကြရတယ်။ အဆိုးရွားဆုံးကတော့ တိုင်းရင်းသားညီအစ်ကို မောင်နှမတွေ စိတ်ဝမ်းကွဲပြီး သံသယစိတ်တွေ၊ မုန်းတီးစိတ်တွေ ပေါ်ပေါက်လာခြင်းဖြစ်တယ်။ ဒီမြေ၊ ဒီရေမှာ မှီတင်းနေထိုင်ကြသူတွေဟာ တစ်ယောက်နဲ့တစ်ယောက် အမုန်းတွေပွားပြီး ခိုက်ရန်ဒေါသတွေဖြစ်ပြီး အချင်းချင်းပဋိပက္ခတွေ အကြီးအကျယ် ဖြစ်ခဲ့ကြရတယ်။ ထောင်နဲ့ချီတဲ့ လူငယ်တွေရဲ့ အနာဂတ်တွေပျောက်ခဲ့ရတယ်။

ပဋိပက္ခချုပ်ငြိမ်းဖို့ အရေးကြီးဆုံးကိစ္စက ဖြစ်ပေါ်လာရတဲ့ အကြောင်းရင်း ဇာစ်မြစ်ကိုသိရှိဖို့ပဲ ဖြစ်တယ်။

"အနာသိ ဆေးရှိ" ဆိုသလို ဘာကြောင့်ဖြစ်ခဲ့သလဲဆိုတာသိမှ မှန်ကန်တဲ့အဖြေ ဖော်ထုတ်နိုင်မှာ။ ပဋိပက္ခကိုဖြေရှင်းရာမှာ ဆေးမြီးတို ချဉ်းကပ်မှုနဲ့လုပ်လို့မဖြစ်ဘူး။ တစ်ချိန်က ဒီလိုဆောင်ရွက်ခဲ့တယ်။ ဒါပေမယ့် ခဏသာခံတယ်။ လူနာတစ်ဦးဖြစ်နေတဲ့ရောဂါကို တိတိကျကျမသိဘဲ ကိုယ်ပူတာလျော့အောင်လုပ်သလိုဖြစ်ခဲ့တာ။ အကြောင်းရင်းသိဖို့ ဆိုပြန်တော့လည်း ပါဝင်ပတ်သက်တဲ့သူတွေအားလုံးရဲ့ ရှုထောင့်က သုံးသပ်ဆန်းစစ်ဖို့ လိုအပ်တယ်။

ကိုယ့်ဘက်ကကြည့်ရင် မှန်ပေမယ့် သူ့ဘက်ကကြည့်ပြန်တော့ တစ်မျိုးဖြစ်မှာ။ လူတိုင်းမှာ ကိုယ့်အမြင်၊ ကိုယ့်အယူအဆ ရှိစမြဲပဲ။ မှန်တယ်၊ မှားတယ်ဆိုတာ ဆုံးဖြတ်ဖို့မလွယ်ဘူး။ ဒါကြောင့်လည်း ပဋိပက္ခဖြေရှင်းရာမှာ ယုံကြည်မှုဟာ အရေးကြီးဆုံးဖြစ်တယ်။ ယုံကြည်မှုရှိရင် အရာရာအောင်မြင်နိုင်သလို သံသယရှိနေရင် ဘာမှလုပ်ရမှာမဟုတ်ဘူး။ ယုံကြည်မှုတည်ဆောက်တဲ့နေရာမှာလည်း အပြောနဲ့မရဘူး။ လက်တွေ့ပြပြီး ပြုမူဆောင်ရွက်မှုတွေနဲ့ သက်သေပြဖို့လိုအပ်တယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ပဋိပက္ခတစ်စိတ်တစ်ဒေသဟာ တိုင်းရင်းသားတွေနဲ့ပတ်သက်တယ်။ မကြာခဏ ပြောကြသလို လူမျိုး ၁၀၀ ကျော်ရှိတဲ့ မြန်မာနိုင်ငံမှာ တစ်ယောက်နဲ့တစ်ယောက် နားလည်ကြဖို့၊ ကိုယ်ချင်းစာတရား ထားကြဖို့၊ သည်းခံကြဖို့ လိုအပ်တယ်။ အများစုကို လေးစားဖို့လိုအပ်သလို အနည်းစုရဲ့ဆန္ဒကိုလည်း အသိအမှတ်ပြုဖို့လိုအပ်တယ်။ ပဋိပက္ခဖြေရှင်းရာမှာ အခြေခံကတော့ ဒီမိုကရေစီစနစ် ကျင့်သုံးမှုပဲဖြစ်တယ်။ ဒီမိုကရေစီစနစ် ရှင်သန်တဲ့နိုင်ငံတွေမှာ ပဋိပက္ခမှုတွေကို အကြမ်းမဖက်တဲ့ လမ်းစဉ်နဲ့ ဖြေရှင်းကြတာတွေ့ရတယ်၊ ဒါကြောင့်လည်း အခုအချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီလမ်းကြောင်းပေါ် စတင်လျှောက်နေတဲ့အတွက် ပဋိပက္ခတွေကို အစဉ်ချုပ်ငြိမ်းအောင် လုပ်နိုင်တဲ့ အခွင့်အရေးတစ်ရပ်ဖြစ်နေတယ်၊ ပြဿနာဖြေရှင်းရာမှာ အကြမ်းဖက်တာကိုရှောင်ပြီး ငြိမ်းချမ်းတဲ့၊ တရားဥပဒေကို လိုက်နာလေးစားတဲ့နည်းနဲ့ ဖြေရှင်းသွားဖို့ အရေးကြီးပါတယ်။

ပဋိပက္ခတွေ ချုပ်ငြိမ်းခြင်းဟာ အစသာဖြစ်တယ်၊ အဆုံးမဟုတ်ဘူး၊ ရလာတဲ့နားလည်မှုတွေ၊ ယုံကြည်မှုတွေကို အခြေခံပြီး တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးကိုရအောင် ကြိုးစားကြရမှာဖြစ်တယ်၊ ဒါကြောင့် ပဋိပက္ခအလွန်ကာလဟာ အလွန်အရေးကြီးတယ်၊ ဒီကာလမှာ သိမ်သိမ်မွေ့မွေ့နဲ့ ဆောင်ရွက်ဖို့လိုအပ်တယ်။

ကုလသမဂ္ဂတာဝန်နဲ့ ၂၀၀၄ခုနှစ်က ကျွန်တော်ဟာ အာဖရိကမှာရှိတဲ့ ရဝမ်ဒါ(Rwanda) နိုင်ငံမြို့တော် ကီဂါလီကို ရောက်ခဲ့တယ်၊ ရဝမ်ဒါနိုင်ငံမှာ ၁၉၉၄ ခုနှစ်က ကမ္ဘာ့သမိုင်းမှာ အဆိုးရွားဆုံး အမျိုးသုဉ်းအောင် ဆောင်ရွက်တဲ့ ပဋိပက္ခဖြစ်ခဲ့တယ်၊ လူအများစုဖြစ်တဲ့ ဟူတူလူမျိုးတွေဟာ လူနည်းစုဖြစ်တဲ့ တွတ်ဆီလူမျိုး ရှစ်သိန်းလောက်ကို ရက်စက်စွာသတ်ခဲ့တယ်၊ ကလေးတွေ၊ အမျိုးသမီးတွေ၊ လူကြီးတွေ၊ လူငယ်တွေကို နှိပ်စက်ညှဉ်းပန်း၊ အဓမ္မပြုကျင့်ပြီး လူမဆန်စွာ လူမျိုးသုဉ်းအောင်လုပ်ခဲ့တယ်။

ကျွန်တော်ရောက်သွားတဲ့အချိန်က ဆယ်နှစ်ကျော်ကာလ၊ တိုင်းပြည်က ငြိမ်သက်စပြုနေချိန်၊ ကျွန်တော့်အလုပ်က ကုလသမဂ္ဂဝန်ထမ်းတွေကို သင်တန်းပေးရတာမို့ ကုလသမဂ္ဂရုံးမှာပဲနေခဲ့ရတာ၊ ဒီရုံးရဲ့ခြံထဲမှာ အသတ်ခံရတဲ့ ကုလသမဂ္ဂဝန်ထမ်း ၂၁ ဦးကို ဂုဏ်ပြုတဲ့ကျောက်တိုင်တစ်တိုင်ရှိတယ်၊ ကျွန်တော်က စပ်စုပြီး မေးမိတယ်၊ သူတို့ကို ဘယ်သူတွေ သတ်တာလဲလို့၊ သေတဲ့သူတွေအနက် ဟူတူတွေပါဝင်သလို တွတ်ဆီတွေလည်းပါတယ်၊ အချင်းချင်း သတ်ကြတာလို့ ကျွန်တော့်ကိုပြောပြတယ်၊ စိတ်မကောင်းလိုက်တာ၊ စဉ်းစားဆင်ခြင်စိတ်ရှိတဲ့ လူသားတွေမှာ အခုလောက် အသိဉာဏ်ခေါင်းပါးရသလားလို့ စိတ်ထဲက အပြစ်မြင်တယ်။

အခု ဧပြီ ၂၀၁၄ ခုနှစ်ဆို ရဝမ်ဒါနိုင်ငံမှာဖြစ်ခဲ့တာ အနှစ် ၂၀ပြည့်ပြီ၊ အခု ရဝမ်ဒါနိုင်ငံဟာအေးချမ်းနေတယ်၊ အာဖရိကနိုင်ငံတွေအနက် စီးပွားရေးအရ အအောင်မြင်ဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခြင်းခံရတယ်။ အုပ်ချုပ်တဲ့ သမ္မတလုပ်သူက တွတ်ဆီလူမျိုး၊ ကျွမ်းကျွမ်းကျင်ကျင်နဲ့ နိုင်ငံကိုအုပ်ချုပ်နိုင်ခဲ့တယ်၊ အဂတိလိုက်စားမှုပြဿနာကို ရင်ဆိုင်ဖြေရှင်းနိုင်ခဲ့တယ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ရယူနိုင်ခဲ့သလို အပြည်ပြည်ဆိုင်ရာ အထောက်အပံ့တွေကိုလည်းရနိုင်ခဲ့တယ်။ ပဋိပက္ခအလွန်ကာလမှာ အခွင့်အလမ်းတွေ မြင်သာထင်သာစွာ ဖော်ထုတ်နိုင်ဖို့အရေးကြီးတယ်။ မျှော်လင့်ချက်ပေးနိုင်ဖို့လိုအပ်တယ်။ တစ်ဖက်ကလည်း ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေကို အချိန်တိုအတွင်းမှာ တိုးမြှင့်ဖို့ အထူးအရေးကြီးပါတယ်။

> **"မသိတာကို၊ နားမလည်တာကို ကြောက်ကြတာ ဓမ္မတာသာဖြစ်တယ်။ တစ်ဖက်ကလည်း အမုန်းတရားတွေကို ရှေ့တန်းတင်ပြီး ပြောကြ၊ ဟောကြ၊ ရေးကြမို့ အခြေအနေတွေက ပိုဆိုးသွားတယ်။ အကြောက်တရားကို အသိပညာနဲ့ ရင်ဆိုင်ဖို့သာဖြစ်တယ်။ တစ်ဦးနဲ့ တစ်ဦး၊ တစ်ဖက်နဲ့ တစ်ဖက် နားလည်မှုတွေရှိလာအောင် ပညာပေးရမယ်။ မသိတာကို သိအောင်၊ သံသယတွေကင်းအောင် ဆောင်ရွက်ရမယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ မကြာမီကာလမှာ အေးချမ်းသာယာပြီး တိုးတက်ဖွံ့ဖြိုးမယ့် နိုင်ငံတစ်နိုင်ငံ ဖြစ်ဖို့ သေချာ"**

ကျွန်တော်ဟာ ၂၀၀၆ ခုနှစ်မှာ ဥရောပမှာရှိတဲ့ ဘော့စနီးယားနိုင်ငံ ဆာရာဂျေဘိုမြို့ကို တာဝန်နဲ့ရောက်ခဲ့တယ်။ ဒီမြို့ဟာသမိုင်းမှာ နာမည်ကြီးတဲ့မြို့။ ၁၉၁၄ ခုနှစ် ပထမကမ္ဘာစစ်ကြီးဖြစ်ရတဲ့ အကြောင်းရင်းများအနက် ဆာရာဂျေဘိုမြို့မှာ သြစတြီးယားနိုင်ငံမင်းသား အသတ်ခံရတာက စတင်ခဲ့တယ်။ နောက် ၁၉၇၄ ခုနှစ်တုန်းက ဆောင်းရာသီအိုလံပစ်ပွဲတော် ကျင်းပခဲ့တဲ့မြို့တော် ဖြစ်တယ်။

ဒီဘော့စနီးယားနိုင်ငံဟာ တစ်ချိန်က ယူဂိုဆလပ်ပြည်ထောင်စုသမ္မတနိုင်ငံမှာရှိတဲ့ နိုင်ငံငယ်ခြောက်နိုင်ငံအနက် တစ်နိုင်ငံဖြစ်တယ်။ အများစုက အစ္စလာမ်ဘာသာဝင်တွေ၊ ယူဂိုဆလပ်နိုင်ငံကို အုပ်ချုပ်ခဲ့တဲ့ ဗိုလ်ချုပ်ကြီး မာရှယ်တီးတိုးကွယ်လွန်ပြီးနောက် နိုင်ငံငယ်တွေက ပြည်ထောင်စုထဲက ခွဲထွက်ကြတယ်။ ဘော့စနီးယားခွဲထွက်တာကို မလိုလားတဲ့ ဆာဗီးယားနိုင်ငံက စစ်ရေးအရတိုက်ခိုက်တယ်။ ဘော့စနီးယားနိုင်ငံအတွင်းမှာရှိတဲ့ ဆာ့ဘ်လူမျိုးတွေက မူဆလင်တွေကို အမျိုးပြုတ်အောင် လုပ်ခဲ့ကြတယ်။ ဒါကို အဟန့်အတားပြုဖို့ နေတိုးအဖွဲ့ဝင်နိုင်ငံတွေက ဝင်ပြီးဖြေရှင်းခဲ့ရတယ်။

ဆာရာဂျေဘိုမြို့ဟာ ဥရောပနိုင်ငံတွေထဲမှာ အလွန်လှတဲ့ မြို့တစ်မြို့။ ခရစ်ယာန်နဲ့ အစ္စလာမ်ယဉ်ကျေးမှုကို သိမ်သိမ်မွေ့မွေ့ ပေါင်းစပ်ဖော်ကြူးထားတဲ့မြို့တစ်မြို့။ ဆောင်းရာသီ အိုလံပစ်ပွဲတော်ကျင်းပခဲ့တာမို့ မြို့က သပ်သပ်ရပ်ရပ်ရှိတယ်။ အဆောက်အအုံသစ်တွေနဲ့ အဟောင်းတွေကို ပေါင်းစပ်ထားတယ်။ ဒါပေမယ့် ကျွန်တော်ရောက်သွားတဲ့အချိန်မှာ မြို့တစ်မြို့လုံး ရစရာမရှိအောင် ပျက်စီးနေပြီ။ အမြောက်ဆန်တွေကြောင့် အဆောက်အအုံတွေမှာ အမာရွတ်တွေအပြည့်၊ အကျည်းတန်လှတဲ့ မြင်ကွင်း။ ဘာကြောင့် ဒီလိုဖြစ်ခဲ့ရသလဲ။ ဘာသာမတူတဲ့လူတွေ အေးအေးချမ်းချမ်း အတူတကွနေထိုင်ခဲ့ကြပေမယ့် မလိုလားအပ်တဲ့ အမုန်းတရားတွေကြောင့် အကြမ်းဖက်မှုတွေ လွှမ်းမိုးခဲ့ကြတယ်။

ကျွန်တော်တို့နိုင်ငံမှာ အများစုဟာ ဗုဒ္ဓဘာသာဝင်တွေဖြစ်ကြတယ်။ မြတ်ရှင်ဗုဒ္ဓက အမြဲတမ်းမေတ္တာ၊ ကရုဏာပွားများဖို့ သွန်သင်ဆုံးမခဲ့တယ်။ အစွန်းကိုရှောင်ပြီး အလယ်အလတ်လမ်းရွေးဖို့ သတိပေးခဲ့တယ်။ အမုန်းတရားကိုရှောင်ဖို့ ဟောကြားခဲ့တယ်၊ သခင်ယေရှုကလည်း မိမိရဲ့ အိမ်နီးချင်းတွေ ချစ်ဖို့ဆုံးမတယ်။

အလ္လာဟ်အရှင်မြတ်ဟာလည်း မေတ္တာတရားကို ဦးစားပေးခဲ့တယ်။ အခုလို ဘာသာမတူတဲ့လူတွေ၊ လူမျိုး မတူတဲ့လူတွေ အမိမြန်မာနိုင်ငံမှာ အေးအတူပူအမျှ ချစ်ချစ်ခင်ခင်နဲ့နေထိုင်ကြဖို့ လိုအပ်ပါတယ်။ တစ်ဖက်သားကို အမုန်းတရားပွားတာ၊ အကြမ်းဖက်မှုကို ဆောင်ရွက်တာတွေဟာ ဘုရားကြိုက်တဲ့ လုပ်ရပ်တွေမဟုတ်ပါဘူး။

ဒီနေရာမှာ ခန္တီပါရမီရှိဖို့ လိုအပ်ပါတယ်။ သည်းခံနိုင်စိတ်တွေမွေးရမယ်။ ကျွန်တော့်စိတ်ထဲမှာတော့ အကြောက်တရားကြောင့် အခုလိုဖြစ်တယ်လို့ ထင်မိတယ်။ မသိတာကို၊ နားမလည်တာကို ကြောက်ကြတာ ဓမ္မတာသာဖြစ်တယ်။ တစ်ဖက်ကလည်းအမုန်းတရားတွေကို ရှေ့တန်းတင်ပြီး ပြောကြ၊ ဟောကြ၊ ရေးကြမို့အခြေအနေတွေက ပိုဆိုးသွားတယ်။ အကြောက်တရားကို အသိပညာနဲ့ရင်ဆိုင်ဖို့သာဖြစ်တယ်။ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖက်နဲ့တစ်ဖက် နားလည်မှုတွေရှိလာအောင် ပညာပေးရမယ်။ မသိတာကို သိအောင်၊ သံသယတွေကင်းအောင် ဆောင်ရွက်ရမယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ မကြာမီကာလမှာ အေးချမ်းသာယာပြီး တိုးတက်ဖွံ့ဖြိုးမယ့် နိုင်ငံတစ်နိုင်ငံ ဖြစ်ဖို့ သေချာပါတယ်။ ဒီမိုကရေစီလမ်းကြောင်းမှာ ရဲရဲဝံ့ဝံ့လျှောက်ပြီး ပြဿနာ ပဋိပက္ခမှန်သမျှကို ငြိမ်းချမ်းတဲ့ဖြေရှင်းမှုတွေနဲ့ ရင်ဆိုင်သွားကြရမှာဖြစ်တယ်။ ဒီအခွင့်အရေးကို လက်လွတ်လို့မဖြစ်ပါဘူး။

ပဋိပက္ခဖြေရှင်းတဲ့နေရာမှာ "သုညကြွင်း" တဲ့ အဖြေထုတ်လို့မရပါဘူး။ အပေးအယူ၊အလျှော့အတင်း လိုအပ်မှာဖြစ်တယ်။ အရေးကြီးတာက တူညီတဲ့ရည်မှန်းချက်ပန်းတိုင်ရှိဖို့သာ ဖြစ်ပါတယ်။ အေးချမ်းတဲ့မြန်မာပြည်၊ ပဋိပက္ခကင်းတဲ့ မြန်မာပြည်၊ သာယာဝပြောတဲ့မြန်မာပြည် အမြန်ဆုံးဖြစ်ပါစေလို့ ဆန္ဒပြုရင်း။ ။

လယ်ယာမြေများရေကြီးရေလျှံမှု သက်သာစေရန် ဆောင်ရွက်

နတ်တလင်း ဇွန် ၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် သဲကုန်းမြို့နယ်နှင့် နတ်တလင်းမြို့နယ်အတွင်း လယ်ယာမြေများ ရေကြီးရေလျှံမှုမှ သက်သာစေရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်ခရိုင် ဆည်မြောင်းဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်ပြီး စိုးမိုးသူကုမ္ပဏီမှ မြေတူးစက် ၁၅ လုံးဖြင့် ဇွန် ၇ ရက်က ရေကြည်ချောင်းကို အင်းမဆည်မှစပြီး ဆင်ခေါင်းပေါက်အထိ ထူးဖော်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ ဖြစ်သည်။

ဒေသခံ လယ်သမားတစ်ဦးက "ကျွန်တော်တို့ဒေသမှာ နှစ်စဉ်နှစ်တိုင်း မြစ်ရေကြီးလာပြီဆိုရင် အောက်ဘက်ပိုင်းကျတဲ့ ချောင်းက ကောနေတဲ့အတွက် ရေနုတ်မကောင်းတော့ဘူး။ တော်တော်နဲ့လည်း ရေမကျတော့ဘူးဖြစ်နေတော့ စိုက်ပျိုးပြီးသားလယ်ယာတွေ ပျက်စီးရတာပေါ့ဗျာ၊ အခုလိုနိုင်ငံတော်က ငွေကြေးအကုန်အကျခံပြီး ချောင်းကိုပြန်လည်တူးဖော်ပေးတော့ နတ်တလင်းမြို့နယ်နှင့်သဲကုန်းမြို့နယ်အတွင်း လယ်သမားများ ရေကြီးရေလျှံမှုမှ သက်သာလာပြီး ဆုံးရှုံးမှုလည်း နည်းလာမှာပါ။ စီးပွားရေးအနေနဲ့ ကြည့်ရင်တော့ အများကြီးအဆင်ပြေလာမှာပေါ့ဗျာ" ဟု ပီတိစကားပြောသည်။ ပြည်ခရိုင်ဆည်မြောင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကြည်က "ကျွန်တော်တို့ဌာနကလည်း မိုးရာသီအမီ ရေကြီးရေလျှံမှုဘေးက ကာကွယ်နိုင်အောင် မကြာတော့တဲ့ရက်အတွင်း ပြီးစီးအောင် လုပ်ဆောင်နေပါတယ်"ဟု ပြောသည်။

တင်မြင့်(နတ်တလင်း)

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ် ကျောက်ရစ်ကျေးရွာ၌တည်ထားသော ရွှေပေါင်လောင် စေတီတော်ကြီး ထက်ကောင်းကင်၌ ဇွန် ၈ ရက် (နံနက် ၈နာရီ ၅မိနစ်ခန့်)က ထူးထူးခြားခြား နေထီးဆောင်းနေမှုကို ဖူးတွေ့ရစဉ်။

သတင်းဓာတ်ပုံ-ချမ်းသာ(မိတ္ထီလာ)

ဖျာပုံမြို့ပေါ်၌ လူအများစိတ်ဝင်စားနေသည့် ပိုင်ရှင်မဲ့ရွှေငါးကား ပိုင်ရှင်ပေါ်

ဖျာပုံ ဇွန် ၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမှတ်(၄)ရပ်ကွက်၊ ဒုတိယလမ်းရှိ ရွှေနတ်ကူဘုရားကြီးရှေ့လမ်းပေါ်တွင် ပိုင်ရှင်မဲ့မော်တော်ယာဉ်တစ်စီး တွေ့ရှိရသဖြင့် ဇွန် ၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၉၌ "ပိုင်ရှင်မဲ့ရှာမတွေ့တဲ့ရွှေငါးကား ပြည်သူများစိတ်ဝင်စားနေ" သတင်းနှင့်ပတ်သက်၍ ဇွန် ၃ ရက် နံနက် ၁၁ နာရီက ဖျာပုံမြို့မှရဲစခန်းမှူး ဒုရဲမှူးဝင်းနိုင်သည် အသိသက်သေများဖြစ်သော အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသက်နောင်၊ ရပ်မိရပ်ဖဦးလင်းအောင်နှင့် ဦးအောင်ချိန်းတို့နှင့်အတူ သွားရောက်စစ်ဆေးကြည့်ရှုရာ အနက်ရောင်နံပါတ်ပြားပေါ်တွင် ကညန တံဆိပ်ပိုင်းနှစ်ခုပါရှိပြီး ကားနံပါတ်ကို အဖြူရောင်စာလုံးဖြင့် ရေးသားထားသော ၇ဂ/.... မတ်တူး ငွေမှင်ရောင်မော်တော်ယာဉ်ကို တံခါးများသော့ပိတ်ထားရှိပြီး လွန်ခဲ့သောနှစ်ရက်က အဆိုပါ ရွှေနတ်ကူဘုရားကြီးရှေ့ ဒုတိယလမ်းမပေါ်၌ ရပ်နားထားသည်ကို တွေ့ရှိရသည်ဆိုသည်။

ယင်းနေ့အထိ မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်စုံစမ်းခြင်း မရှိကြောင်းကို အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးသက်နောင်က ပြောပြသည်။

ထို့ကြောင့် အဆိုပါယာဉ်ကို သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး မော်တော်ယာဉ်ပိုင်ရှင်အားစုံစမ်းရှာဖွေရာ ဘိုကလေးမြို့ အမှတ် (၃) ရပ်ကွက် မနော်ဟရီလမ်း အိမ်အမှတ်-၁ နေ ဦးညွန့်လှိုင်၏ မော်တော်ယာဉ်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

၎င်းဖြစ်စဉ်နှင့် ပတ်သက်၍ စစ်ဆေးမေးမြန်းရာတွင် ဦးညွန့်လှိုင်၏သားဖြစ်သူ မောင်လှိုင်ထွဋ်အောင်သည် ဇွန် ၂ ရက် နံနက် ၁၀ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် ဘိုကလေးမြို့မှ ဖျာပုံမြို့သို့ရောက်ရှိလာခဲ့ရာ နံနက် ၁၁ နာရီခန့်တွင် ဖျာပုံမြို့အဝင် အမှတ်(၃)ရပ်ကွက် ဖျာပုံတံတားကြီးအောက် အရောက်၌ မိခင်ဖြစ်သူ ကျန်းမာရေးမကောင်းသဖြင့် ရန်ကုန်မြို့သို့ ဆေးကုသရန် သွားရောက်ရမည်ဖြစ်သည်။ ဖျာပုံမြို့မှ စောင့်နေပါရန် ဘိုကလေးမြို့မှမိသားစုက ဖုန်းဆက်အကြောင်းကြားသဖြင့် မောင်လှိုင်ထွဋ်အောင်သည် ဖျာပုံတံတားအောက်၌ မိခင်အားစောင့်ကြိုရန် ဖြစ်သော်လည်း ဖျာပုံမြို့၌ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ယာဉ်စစ်ဆေးမှုများ ပြုလုပ်နေသဖြင့် ဖျာပုံမြို့အမှတ် (၄)ရပ်ကွက် ဒုတိယလမ်းရှိ ရွှေနတ်ကူဘုရားကြီးလမ်းမပေါ်တွင် ကားကိုရပ်၍ စောင့်ဆိုင်းနေခဲ့သည်။

သို့သော် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မောင်လှိုင်ထွဋ်အောင်၏ မိခင်ဒေါ်ဇာဇာအောင်သည် အစ်ကိုဖြစ်သူကိုထွဋ်ထွဋ် မောင်းနှင်သော ၂ယ/... ပရာဒိုအပြာရောင် မော်တော်ယာဉ်နှင့်အတူ လိုက်ပါလာသဖြင့် မောင်လှိုင်ထွဋ်အောင်က ၎င်းမောင်းနှင်သော ၇ဂ/... မတ်တူး ငွေမှင်ရောင် မော်တော်ယာဉ်ကို ရွှေနတ်ကူဘုရားရှေ့ ဒုတိယလမ်းမပေါ်၌ သော့ခတ်ထားခဲ့ပြီး အစ်ကိုဖြစ်သူ ကိုထွဋ်ထွဋ် မောင်းနှင်သောယာဉ်ဖြင့် ရန်ကုန်ဆေးရုံကြီးသို့ လိုက်ပါပို့ဆောင်ပေးခဲ့ရသည်။

ရန်ကုန်ဆေးရုံကြီးသို့ ရောက်ရှိရာ၌လည်း မိခင်ဝေဒနာမှာ အရေးပေါ် ကုသနေရခြင်းကြောင့်မောင်လှိုင်ထွဋ်အောင်သည် နှစ်ညတိုင်တိုင် ညစောင့်ပေးနေရသည်။

ထိုမှ ဇွန် ၄ ရက်တွင် ဖျာပုံမြို့၌ထားခဲ့သောကားကိုပြန်လည်ယူဆောင်ရာတွင် ၎င်း၏ကားမှာ ပျောက်ဆုံးနေသဖြင့် စုံစမ်းရှာဖွေရာ ဖျာပုံမြို့မရဲစခန်းက ပိုင်ရှင်ရှာမတွေ့၍ သိမ်းဆည်းထားရှိကြောင်း သိရှိရသည်။

ထို့ကြောင့် ဖျာပုံမြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းနိုင်က မအူပင်ခရိုင် ကညနရုံးသို့ မော်တော်ယာဉ်မှတ်ပုံတင်ထားရှိမှု ခိုင်လုံကြောင်းအထောက်အထားများ တောင်းခံပြီး ပိုင်ရှင်ထံသို့ပေးအပ်ရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ပုသိမ်-လှကြည်**

ဖိုးသီးချို လျှပ်စစ်ဝန်ဆောင်မှုမှ တနင်္သာရီမြို့နယ်တွင် ဝန်ဆောင်မှုပေးလျက်ရှိ

တနင်္သာရီ ဇွန် ၈

တနင်္သာရီတိုင်း ဒေသကြီး တနင်္သာရီမြို့နယ် (PTC) ဖိုးသီးချို လျှပ်စစ်ဝန်ဆောင်မှုကုမ္ပဏီ လီမိတက်မှ လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းကို တနင်္သာရီမြို့ ချောင်းကြီးရပ်/ချောင်းငယ်ရပ်ကွက်(၂)ရပ်ကွက် အရှေ့ ညောင်ပင်ကွင်းကျေးရွာနှင့် မောတောင်ဒေသတို့ရှိ ဒေသခံပြည်သူများအတွက် နေ့စဉ် နံနက် ၄ နာရီ အရုဏ်တက်ဆွမ်းချက်ချိန်မှစ၍ ည ၁၂ နာရီအထိ တောက်လျှောက် တစ်ယူနစ်လျှင် ငွေကျပ် ၄၉၅ နှုန်းဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ချိပေးလျက်ရှိသည်။

ယုံကြည်အားကိုးလျက်ရှိ

အချို့နေရာများတွင် ခရီးသွားပြည်သူများအတွက် ယာဉ်အန္တရာယ်ဖြစ်နိုင်ဖွယ်ရှိသော လမ်းဆုံလမ်းခွများရှိ ဓာတ်တိုင်များအား ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခြင်း၊ ဟောင်းနွမ်းဆွေးမြည့်လျက်ရှိသည့် သစ်သားဓာတ်တိုင်ဟောင်းများကို ကွန်ကရစ်ဓာတ်တိုင်အဖြစ် အသစ်လဲပေးခြင်း၊ လျှပ်စစ်ဓာတ်ကြိုးများနှင့် ငြိတွယ်နေသည့် သစ်ကိုင်းသစ်ခက်များကို ခုတ်ထွင်ရှင်းလင်းပေးခြင်း စသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ်စစ်ဆေး၍ မန်နေဂျာ ဦးမြင့်မိုရ်နှင့် ဝန်ထမ်းများက ဝန်ဆောင်မှုပေးလျက်ရှိသဖြင့် ဒေသခံပြည်သူများက ဖိုးသီးချို လျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်းကို စိတ်ချယုံကြည်အားကိုးလျက်ရှိသည်ဟု သိရသည်။

(ပြန်/ဆက်)

ဘားအံ-မော်လမြိုင်အဝေးပြေးလမ်းမပေါ်လူနှစ်ဦးသေဆုံးခဲ့ရသည့် ယာဉ်တိုက်မှု ထွက်ပြေးတိမ်းရှောင်သူအား ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်

ဘားအံ ဇွန် ၈

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ဒိုက်ပြင်ကျေးရွာနှင့် ရွှေတောကျေးရွာအကြား တံတားအမှတ် (၃/၇) အနီးတွင် ယာဉ်တိုက်မှုတစ်ခု ဇွန် ၃ရက် ညနေ ၄နာရီ မိနစ် ၄၀ ခန့်က ဖြစ်ပွားခဲ့ရာအမည်မသိ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ အခင်းဖြစ် နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့ရပြီး အမည်မသိ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

သတင်းအရ အခင်းဖြစ်နေရာသို့ ထုံးအိုင်နယ်မြေရဲစခန်းမှူးရဲအုပ်နိုင်မင်းသိန်း၊ ဒုရဲအုပ်အောင်ပိုင်ဝင်းတို့အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသောယာဉ်အမှတ် ၃ဂ/---- ဟွန်ဒါဖစ်(အဖြူရောင်) လိုင်စင်စီစစ်ဆဲယာဉ်မှာ မော်လမြိုင်ဘက်သို့ ဦးခေါင်းတည်၍ လမ်း၏ညာဘက် ခြမ်းတွင် တိမ်းစောင်းလျက် လမ်းဘေးကာရံထားသော ကွန်ကရစ်တိုင် သုံးတိုင်မှာ ကျိုးပဲ့နေသည်ကိုတွေ့ရှိရပြီး ယာဉ်အနီးတွင် နံပါတ်မပါ ဟွန်းဒါဒရင်းအပြာရောင်ဆိုင်ကယ်မှာ ရှေ့ပိုင်းလက်ကိုင်နှင့် ရှေ့ဘီးတို့မှာကျိုးပဲ့ပျက်စီးနေသည်ကိုတွေ့ရပြီး ဆိုင်ကယ်အနီးတွင် အမည်မသိ ၅၀နှစ်ခန့်ရှိ (လိပ်စာစုံစမ်းဆဲ) အမျိုးသားတစ်ဦးနှင့် အမည်မသိ ၃၀ခန့် (လိပ်စာစုံစမ်းဆဲ)အမျိုးသမီး တစ်ဦးတို့မှာ လဲကျသေဆုံးနေသည်ကို တွေ့ခဲ့ရသည်။ ယာဉ်တိုက်မှုကြောင့် သေဆုံးသူများ၏ခန္ဓာကိုယ်ကို စစ်ဆေးရာတွင်ရင်ဘတ်မှဝမ်းဗိုက်အထိ တစ်ပေခန့်ပေါက်ပြဲဒဏ်ရာ၊ နဖူးတွင် သုံးလက်မခန့်ပေါက်ပြဲဒဏ်ရာ၊ မျက်နှာတွင် ပေါက်ပြဲဒဏ်ရာဖြင့် သေဆုံးနေပြီး သေဆုံးသူ၏ အနောက်ဘက် ပေ ၃၀ ခန့်အကွာ ရေမြောင်းဘေးကမ်းစပ်တွင် အမျိုးသမီးတစ်ဦးအား ခေါင်းဖူးရောင် ဒဏ်ရာ၊ ဝဲယာခြေထောက်ပေါက်ပြဲဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရ၍ ဘားအံပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ထားခဲ့သည်။

အမှုဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်ကို ပေါ့လျော့စွာမောင်းနှင်၍ ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိကာ လူနှစ်ဦးအား သေဆုံးစေခဲ့ပြီးအမှုမှ ထွက်ပြေး တိမ်းရှောင်နေသူကို အမြန်ဆုံး စုံစမ်းဖော်ထုတ်နိုင်ရန် ဒုရဲအုပ်အောင်ပိုင်ဝင်းက တရားလိုပြုလုပ်တိုင်တန်း၍ ထုံးအိုင်နယ်မြေရဲစခန်းယာဉ်(ပ)၁၇/ က အမှုဖွင့်လှစ်၍သေဆုံးသူများမှာ မည်သူမည်ဝါဖြစ်ကြောင်းနှင့် ယာဉ်တိုက်မှုကြောင့် ထွက်ပြေးတိမ်းရှောင်သူအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ခရိုင်အထူးမှုခင်းနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုရဲအုပ် ဝင်းနိုင်၊ ဒုရဲအုပ်ဝေလွင်ထွန်း ဦးစီးရဲတပ်ဖွဲ့ဝင်များ၊ ထုံးအိုင်နယ်မြေရဲစခန်းမှူး၊ အမှုစစ်အောင်ပိုင်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များက အမှုမှထွက်ပြေးတိမ်းရှောင်သူကို အမြန်ဆုံးဖမ်းဆီးရမိရေး ဖော်ထုတ်ခဲ့ရာ ယာဉ်တိုက်ခံ၍ သေဆုံးသူများသည် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ဇွဲကပင်ကုန်းနေထိုင်သူများဖြစ်ကြပြီး ဦးဘဲနေထူး (၅၇နှစ်) နှင့် ၎င်း၏သမီးဖြစ်သူ နော်စနေစိုး(၃၀နှစ်) တို့ဖြစ်ကြောင်း ဘားအံမှ ရွှေတောကျေးရွာသို့ ဆေးကုသရန်သွားရောက်စဉ် ယာဉ်တိုက်ခံရခြင်းဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်မောင်းကို အမြန်ဆုံးဖော်ထုတ်ရေး မော်တော်ယာဉ်အားစစ်ဆေးရာတွင် မော်တော်ယာဉ်ဒက်စဘုတ်ထဲတွင် ဦးထွန်းစိုးအမည်ဖြင့် မင်္ဂလာဖိတ်စာ တစ်စောင်အားတွေ့ရှိရ၍ ကွင်းဆက်ရယူ အသေးစိတ်စုံစမ်းရာ တိမ်းရှောင်နေသူမှာ ကျော်စွာမြ (၂၄နှစ်) အမှတ်(၄)ရပ်ကွက် ဘားအံမြို့နေသူဖြစ်ကြောင်း စုံစမ်းသိရှိရပြီး ဇွဲကပင်တောင်ခြေမွတ်စရီးကျေးရွာရှိ ၎င်း၏အဒေါ်ဖြစ်သူ ဒေါ်သိန်းအုံနေအိမ်၌ တိမ်းရှောင်နေထိုင်စဉ် ဇွန် ၄ ရက် မွန်းလွဲ ၁နာရီက ဖမ်းဆီး ဖော်ထုတ်နိုင်ခဲ့ကြောင်းသိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

CLAIMS DAY NOTICE

M.V GOLDEN FAN VOY:NO(16)

Consignees of cargo carried by M.V GOLDEN FAN VOY:NO(16) are here by notified that the vessel will arrive on about 11-6-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၈၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးငွေးဝင်း ၁၀/ရမန(နိုင်)၁၃၃၀၅၄၏ နိုင်ငံကူးလက်မှတ် ၅၀၉၉၅၅သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၁၂၄၂၆၁

တိုက်ခန်းစာချုပ်ပျောက်ဆုံးကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ရွှေမဥ္ဇူလမ်း၊ (၄)ရပ်ကွက်၊ တိုက်အမှတ် (T-3)၊ အခန်းအမှတ် ၃၊ ပထမထပ်နေ ဦးလှရွှေ၏သား ဦးကျော်ဝင်း ၁၂/ကမရ(နိုင်)၀၄၀၅၃၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း(ဦးဘဟန်လမ်း)၊ အမှတ် ၇၅ပေါ်ရှိ မုဒိတာ(၁) တန်ဖိုးနည်းအိမ်ရာစီမံကိန်းမှ တိုက်ခန်းအမှတ် A-၇၀၉ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးတို့ကို 'တော်ဝင်မိသားစုကုမ္ပဏီလီမိတက်' ထံမှ ၂၄-၂-၂၀၁၁ရက်စွဲပါ 'မုဒိတာအိမ်ရာ(၁)တန်ဖိုးနည်း Condo-တော်ဝင်မိသားစု ကုမ္ပဏီမှ အာမခံသော ဘဏ်ချေးငွေဖြင့် တိုက်ခန်းဆောက်လုပ်ပြီးနောက် ရောင်းချရန်ကတိပဋိညာဉ်စာချုပ်' အရ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဝင်း ၁၂/ကမရ(နိုင်)၀၄၀၅၃၂မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါစာချုပ်မူရင်းအား ကမာရွတ်မြို့နယ်အတွင်း သယ်ဆောင်သွားစဉ် ထွက်ကျပျောက်ဆုံးသွားခဲ့သဖြင့် သက်ဆိုင်ရာ ကမာရွတ်မြို့နယ် ရဲစခန်းသို့ ပျောက်ဆုံးကြောင်း အသိပေးတိုင်ကြားခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါထွက်ကျပျောက်ဆုံးသွားသော စာချုပ်အား တရားဝင်လွှဲပြောင်းရောင်းချခဲ့သော တော်ဝင်မိသားစုကုမ္ပဏီ၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဝင်းမှ ပြန်လည်လျှောက်ထားထုတ်ယူရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း (စဉ်-၆၀၈၂) B.A, H.G.P, C.B.L, D.B.L, D.M.L (ဥပဒေအကျိုးဆောင်)
အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

ပြည်တွင်းသတင်း

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအားကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၈

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဇွန် ၇ ရက်က ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၁၉၇/၅)နှင့် (၁၉၇/၆)ကြားရှိ မီးရထားလမ်းကျော်တံတား တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မြို့ချောင်း-ဖဒိုလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေ၊ ညောင်လေးပင်-မဒေါက်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရွှေကျင်-မဒေါက်လမ်းပေါ်ရှိ မဒေါက်ကလေးတံတားတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင် လမ်းပေါ်တွင် တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁)မှ ကြီးကြပ်မှုအားနည်းသော ဖွဲ့တွန်တံတားနေရာတွင် ပြန်လည်တည်ဆောက်မည့် လုပ်ငန်းခွင်သို့ရောက်ရှိခဲ့ပြီး ယာယီလမ်းလွှဲ ဆောင်ရွက်နေမှုနှင့် အသစ်တည်ဆောက်ရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ) (သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ အားကစားအသင်းများအား အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

❍ *ကျောဖုံးမှ*

နယ်စပ်ဒေသနှင့် လုံခြုံရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို သရုပ်ပြအစီအစဉ်များဖြင့် တင်ဆက်ပြသရာ ကျောင်းသား ကျောင်းသူလေးများက ဘင်ခရာ၊ ပန်းပွားအက၊ ကရင်တိုင်းရင်းသား တိုင်းရင်းသူများက ကရင်ရိုးရာအက၊ ကျောင်းသူလေးများက အေရိုးဗစ်အက၊ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်က သရုပ်ပြအစီအစဉ်တို့ဖြင့် တင်ဆက်ပြသကြပြီးနောက် အဆိုပါသရုပ်ပြအဖွဲ့များသို့ ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်းနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ကျွမ်းဘားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

ဆက်လက်၍ အလှူငွေများ ပေးအပ်ရာ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းရွှေက ပြိုင်ပွဲကျင်းပသော ဒိုင်လူကြီးများကို ငွေကျပ် ၂၅ သိန်း၊ ပြိုင်ပွဲဆုကြေးငွေကျပ် ၂၅ သိန်းနှင့် ကရင်ပြည်နယ် အားကစား ကော်မတီ ရန်ပုံငွေသို့ ငွေကျပ်သိန်း ၅၀၊ ပြိုင်ပွဲကျင်းပရေး ကော်မတီသို့ မြန်မာ့ရိုးရာလက်ဝှေ့ ဒုတိယဥက္ကဋ္ဌ ဦးကျင်ဦးက ဆုကြေးကျပ် ၂၅ သိန်း၊ ကရင်ပြည်နယ်အားကစားကော်မတီ ရန်ပုံငွေသို့ မြန်မာနိုင်ငံဝူရှုးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာက ငွေကျပ် ၁၅ သိန်း၊ ACE ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်မျိုးဝင်းက ၁၅ သိန်း၊ မြန်မာနိုင်ငံ Squart အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဦးပြည့်စုံက ငွေကျပ် ၁၅ သိန်း၊ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျင်ဦးက ငွေကျပ် ၁၅ သိန်း အသီးသီးလှူဒါန်းကြသည်။

ဆက်လက်၍ ပြိုင်ပွဲများကိုစတင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့်ခရိုင်ဥက္ကဋ္ဌတို့နှင့်အတူ ပြိုင်ပွဲကိုကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

ပထမအကျော့ပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ ရတနာပုံအသင်းက ၂၇ မှတ်ဖြင့် ပထမ၊ မကွေးအသင်းက ၂၄ မှတ်ဖြင့် ဒုတိယ၊ နေပြည်တော်အသင်းက ၂၂ မှတ်ဖြင့် တတိယ၊ လက်ရှိချန်ပီယံရန်ကုန်က ၂၁ မှတ်ဖြင့် စတုတ္ထ၊ ကမ္ဘောဇအသင်းက ၂၁ မှတ်ဖြင့် ပဉ္စမနေရာတွင် ရပ်တည်နေသည်။ ရန်ကုန်နှင့် ကမ္ဘောဇမှာ အမှတ်တူသော်လည်း ဂိုးကွာခြားချက်ဖြင့် ရန်ကုန်က စတုတ္ထနေရာရောက်သွားခြင်းဖြစ်သည်။

လုပ်ငန်းခွင်အေးချမ်းသာယာရေးအတွက် အလုပ်သမားရေးရာသိမှတ်ဖွယ်ရာများ အသိပညာပေးဆွေးနွေးခြင်းနှင့် သင်တန်းပို့ချမှုများဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇွန် ၈

စက်ရုံအလုပ်ရုံများတွင် လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်မှ လုပ်ငန်းခွင်အေးချမ်းသာယာပြီး လုပ်ငန်းခွင်မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါရရှိမှုများ ကျဆင်းစေ၍ ကုန်ထုတ်စွမ်းအား မြင့်မားစေမည်ဖြစ်ရာ အလုပ်ရှင်နှင့် စီမံခန့်ခွဲသူအပါအဝင် အလုပ်သမားများက ဥပဒေနှင့်အညီ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် အလုပ်သမားရေးရာ သိမှတ်ဖွယ်ရာများ အသိပညာပေးဆွေးနွေးပွဲနှင့် သင်တန်းပို့ချမှုများကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များတွင် ဇွန် ၂ ရက်မှ ၂၇ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

ဇွန် ၂ ရက်က လှိုင်သာယာစက်မှုဇုန်၊ ကနောင်ခန်းမနှင့် ရွှေလင်ဗန်း စက်မှုဇုန်၊ ကနောင်ခန်းမတို့၌ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်ဦးစီး၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနတို့မှ တိုင်းဒေသကြီး ဦးစီးအရာရှိများသည် သက်ဆိုင်ရာဇုန်ကုမ္ပဏီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ် ၃၀၀၊ ဇွန် ၃ ရက်က ရွှေပြည်သာစက်မှုဇုန် ကနောင်ခန်းမ၌ ၁၀၀၊ ဇွန် ၁ ရက်က မြောင်းတကာ စက်မှုဇုန်၌ ၅၄ ဦးတို့နှင့် လည်းကောင်း၊ ဇွန် ၅ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန်ရုံး သင်တန်းခန်းမ၌ ၇၅ ဦးနှင့်လည်းကောင်း ဆွေးနွေးခဲ့ပြီး သိရှိလိုသည်များကို ဖြေကြားခဲ့သည်။

ဇွန် ၆ ရက်မှ ၂၀ ရက်အထိ မြောက်ဥက္ကလာပစက်မှုဇုန်၊ တောင်ဥက္ကလာပစက်မှုဇုန်၊ မင်္ဂလာဒုံစက်မှုဇုန်၊ ဒဂုံမြို့သစ်(အရှေ့)စက်မှုဇုန်၊ သာကေတစက်မှုဇုန်၊ ရွှေပေါက်ကံစက်မှုဇုန်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) စက်မှုဇုန်များတွင် အသိပညာပေးဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲများတွင် အလုပ်သမားအဖွဲ့အစည်း ဥပဒေ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ လူမှုဖူလုံရေးဥပဒေ၊ ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေ၊ ဆိုင်များနှင့်အလုပ်ဌာနများ အက်ဥပဒေ၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ၊ ၁၉၃၆ ခုနှစ် လုပ်ခပေးရေးအက်ဥပဒေပါအချက်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာအခြေခံအချက်များကို ချပြဆွေးနွေးခဲ့ကြောင်းနှင့် အငြင်းပွားမှုအဖြစ်များသည့် စက်ရုံအလုပ်ရုံများနှင့် လုပ်သားအင်အား ၁၀၀၀ ကျော်သည့်စက်ရုံများသို့ အဖွဲ့လေးဖွဲ့မှ ဦးစီးအရာရှိများကိုယ်တိုင် စက်ရုံအရောက် ကွင်းဆင်းပြီး အသိပညာပေးဆွေးနွေးမှုများ ထပ်မံဆောင်ရွက်ရန်ရှိကြောင်း သိရှိရသည်။

ထို့အပြင် ဇွန် ၁၆ ရက်မှ ၂၇ ရက်အထိ လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ ဇုန်နယ်မြေအတွင်းရှိ အလုပ်ရှင်၊ မန်နေဂျာ၊ ကြီးကြပ်ရေးမှူးများအား ညနေ ၅ နာရီမှ ၇ နာရီအထိ ၁၀ ရက်ကြာ လုပ်ငန်းခွင်စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုစနစ် ဘာသာရပ်များ၊ ဥပဒေရေးရာများကို အခမဲ့ သင်တန်းပို့ချသွားမည်ဖြစ်ပြီး စက်မှုဇုန်အလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ ပေးအပ်

ရေတာရှည် ဇွန် ၈

တောင်ငူခရိုင် ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းများအတွက် ရုံးဝတ်စုံနှင့် ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(လ/၀၁၉)**

■ *ကျောဖုံးမှ*

စံချိန်ကောင်းပြီး နိုင်ပွဲတွေရရှိဖို့အတွက် အခန်းအတွင်းလှေလှော်လေ့ကျင့်ရေးစက်တွေ တပ်ဆင်ပေးထားတာ လက်ရှိမှာ ၁၂ လုံးရှိပါတယ်။ နောက်ထပ်စက်လေးလုံးကို အမေရိကန်ကနေ မှာထားပါတယ်။ ဒီလို အထောက်အကူပြုပစ္စည်းတွေ ပံ့ပိုးဖြည့်ဆည်းပေးတာက မြန်မာ့လှေလှော်အားကစားသမားကောင်းတွေ ပေါ်ထွက်စေဖို့ ကူညီပေးခြင်းဖြစ်ပါတယ်”ဟု ရန်ကုန်တက္ကသိုလ်များ လှေလှော် အသင်းသားဟောင်းများအသင်း တွဲဖက်အတွင်းရေးမှူးတစ်ဦး ကိုကိုမောင်က ပြောသည်။

နိုင်ငံတကာအဆင့်မီ မျိုးဆက်သစ်လှေလှော်အားကစားသမားများ မွေးထုတ်နိုင်ရေး၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအကြား လှေလှော်အားကစား ပြန့်ပွားရေးနှင့် ပညာရေး ပြုပြင်ပြောင်းလဲမှုများတွင် စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးတို့အတွက် ရန်ကုန်တက္ကသိုလ် လှေလှော်အသင်းသားဟောင်းများအသင်းက လူအား၊ ငွေအားနှင့် အကြံဉာဏ်များအပြင် အထောက်အကူပြုပစ္စည်းများ ကူညီပေးနေခြင်းဖြစ်သည်။

ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်းတွင် ကြွက်သားများ သန်မာလာစေရန် လေ့ကျင့်သည့်စက်များ၊ ခန္ဓာကိုယ်တစ်ခုလုံး ကြံ့ခိုင်မှုဖြစ်စေမည့် လေ့ကျင့်စက်များနှင့် ခြေလက်ကြွက်သားများ သန်မာစေသည့် လေ့ကျင့်စက်များကို ဖြည့်ဆည်းပေးထားရာ လူငယ်မျိုးဆက်သစ် တက္ကသိုလ် လှေလှော်ကစားသမား မောင်မယ်များ လာရောက်လေ့ကျင့်လျက် ရှိနေကြသည်။

တစ်ဖန် ဩစတြေးလျနိုင်ငံမှ ဝယ်ယူထားသော လှော်တက်များကိုလည်း မှာယူဖြည့်ဆည်းကူညီပေးထားရာ နိုင်ငံတကာစံနှုန်းမီ အနောက်တိုင်း လှေလှော်ပြိုင်ပွဲများအတွက်လည်း အထောက်အကူပြုပစ္စည်းများ အသုံးပြုလေ့ကျင့်ကာ အောင်မြင်မှုများ ရရှိနိုင်ရေးအတွက် ဖြည့်ဆည်းပေးထားပါသည်။

ရန်ကုန်တက္ကသိုလ်များလှေလှော်အသင်းသည် ယခင်က အနောက်တိုင်းက လှေလှော်ပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိခဲ့ရာ ယခုအခါ နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်ပွဲများ ပြန်လည်ရရှိစေရန်အတွက် လေ့ကျင့်ရေးလှေများ၊ ဒိုင်လူကြီးစီးနင်းသည့် လှေများနှင့် အရေးပေါ်ကယ်ဆယ်ရေးလှေများကိုလည်း ရန်ကုန်တက္ကသိုလ် လှေလှော်အသင်းသားဟောင်းများအသင်းက ဖြည့်ဆည်းပေးထားသည်။

“လှေလှော်အားကစားသမားဟောင်းတွေ စဉ်ဆက်မပြတ်ထွက်ပေါ်လာအောင် အနောက်တိုင်း လှေလှော်ပြိုင်ပွဲတွေကို တစ်လတစ်ကြိမ်၊ ဒါမှမဟုတ် နှစ်လတစ်ကြိမ် ကျင်းပပေးသွားနိုင်ဖို့လည်း ဆွေးနွေးမှုတွေ ပြုလုပ်နေပါပြီ၊ ဒါမှလည်း ပြိုင်ပွဲအတွေ့အကြုံရပြီး မျိုးဆက်သစ်လှေလှော်ကစားသမား ကောင်းတွေရရှိထွက်ပေါ်လာမှာဖြစ်ပါတယ်” ဟု ဦးကိုကိုမောင်က ဆက်လက်ပြောကြားသည်။

လက်ရှိ ရန်ကုန်တက္ကသိုလ် လှေလှော်အသင်းတွင် နိုင်ငံခြားမှ ဝယ်ယူထားသော ဖိုင်ဘာလှော်တက် ၂၄ ချောင်းရှိနေပြီး ထပ်မံ၍လည်း ဩစတြေးလျနိုင်ငံမှ ဖိုင်ဘာလှော်တက်များ မှာယူထားကြောင်း သိရသည်။ အဆိုပါ လှော်တက်များသည်လည်း လာမည့် ဒီဇင်ဘာလခန့်၌ ရောက်ရှိလာမည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်းကို ၁၉၂၃ ခုနှစ်မှ စတင်ထူထောင်ကာ ဥက္ကဋ္ဌအဖြစ် လှေလှော် ကစားသမားဟောင်း ပါမောက္ခ ဆာအာသာတာဝန်ယူခဲ့ပြီး ၁၉၅၈ ခုနှစ်၌ ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးချုပ် သန်းဖေ(ငြိမ်း)က ဆက်လက်တာဝန်ယူခဲ့သည်။ ဆက်လက်ပြီး ၁၉၆၂ ခုနှစ်တွင် ဦးထွန်းသောင်း၊ စည်သူဦးတင်၊ ဒေါက်တာဝီလျံပေါ၊ ဒေါက်တာသန်းညွှန့်၊ ဦးဟန်တင်နှင့် ဒေါက်တာကံဇော်တို့က အသီးသီး ဥက္ကဋ္ဌတာဝန်များ တာဝန်ယူကာ လှေလှော်ကစားသမားကောင်းများ ထွက်ပေါ်ရေးအောင်မြင်မှုများ ရရှိရေး ဆောင်ရွက်ခဲ့ကြသည်။ **(မြန်မာ့အလင်း)**

ကျန်းမာဖွံ့ဖြိုး
ဉာဏ်ရည်တိုးဖို့
နေ့စဉ်နွားနို့
သောက်ကြစို့

သင်ယနေ့
နွားနို့သောက်ပြီးပြီလား

ပြည်တွင်းသတင်း

ရန်ကုန်မြို့တွင် ယာဉ်ရပ်နားနေရာရှားပါးမှုကို ဘူတာနယ်မြေများအသုံးပြုဖြေရှင်းရန်စီစဉ်

နေပြည်တော် ဇွန် ၈

မြို့တော် ရန်ကုန်နယ်မြေအတွင်း ယာဉ်စီးရေတိုးပွားလာခြင်းနှင့်အတူ ယာဉ်ရပ်နားနေရာ အခက်အခဲကြောင့် လမ်းပေါ်တွင် ကားရပ်နားသည့် ပြဿနာကို ကူညီဖြေရှင်းရန်နှင့် ဘူတာနယ်မြေများ ဘက်စုံဖွံ့ဖြိုးစေရန်အတွက် ပထမအဆင့်အနေဖြင့် ကြည့်မြင်တိုင်ဘူတာ နယ်မြေနှင့် ပုဇွန်တောင်ဘူတာ နယ်မြေများကို အသုံးပြုဆောင်ရွက်ရန်ရှိသည်။

ယင်းနယ်မြေများအတွင်း ယာဉ်ရပ်နားရန် ကျယ်ပြန့်သောအထပ်များပါဝင်သည့် ဘက်စုံစီးပွားရေး အဆောက်အအုံများ ဆောက်လုပ်နိုင်မည့်အခြေအနေကို ယမန်နေ့ နံနက်ပိုင်းတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက လိုက်လံကြည့်ရှုသည်။

(အပေါ်ယာပုံ)

ပြည်ထောင်စုဝန်ကြီးသည် ကြည့်မြင်တိုင်ဘူတာနယ်မြေ၊ ပုဇွန်တောင်ဘူတာ၊ အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမကြီးပေါ်ရှိ အမျိုးသားလူငယ်စင်တာအဖြစ် အသုံးပြုမည့် အဆောက်အအုံ ပြင်ဆင်ထားမှု၊ တိုးချဲ့ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းမှ မွန်ပြည်နယ်အတွင်းရှိ ငြိမ်းချမ်းရေးအဖွဲ့အစည်းများသို့ တတိယအကြိမ် စားနပ်ရိက္ခာထောက်ပံ့ပေးအပ်

မော်လမြိုင် ဇွန် ၈

မွန်ပြည်နယ်အတွင်း နိုင်ငံတော်အစိုးရနှင့်အပစ်အခတ် ရပ်စဲထားပြီး ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရန်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေး အဖွဲ့အစည်းများအား ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းမှ စားနပ်ရိက္ခာ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၃၀ ရက် ညနေပိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းမှ Program Director Dr.Desmont Molloy က ယခု တိုင်းရင်းသားငြိမ်းချမ်းရေး အဖွဲ့အစည်းများသို့ စားနပ်ရိက္ခာ ထောက်ပံ့ပေးအပ်ခြင်းသည် တတိယအကြိမ်မြောက်ဖြစ်ကြောင်း၊ ယင်းသို့ ပေးအပ်ရာတွင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများ တည်ရှိရာဒေသများရှိ လူဦးရေအပေါ် အခြေခံတွက်ချက်၍ ပေးအပ်ခြင်းဖြစ်ကြောင်း၊ စားနပ်ရိက္ခာများသာမက ဆေးရည်စိမ်ခြင်ထောင်၊ နေစွမ်းအင်သုံး ဆိုလာပြားများကိုပါ ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၏ လိုအပ်ချက်အပေါ် အခြေခံ၍ Myanmar Peace Centre၊ ပြည်နယ်အစိုးရအဖွဲ့နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပူးပေါင်းကာ လိုအပ်သည့်နေရာများအတွက် ပူးပေါင်းဆောင်ရွက်ပြီး ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားတွင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများအား ဆန် ၇၃၄၈ အိတ်၊ ဆီ ၁၄၆၉၆ ပိဿာ၊ ဆား ၃၀ ပိဿာဝင် ၁၄၈ အိတ်၊ ပဲ ၉၈၁ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး မွန်ပြည်သစ်ပါတီမှ M သိုက်ချမ်း၊ မွန်ငြိမ်းချမ်းကာကွယ်ရေးတပ်ဖွဲ့မှ ဦးနိုင်ရှောင်၊ KPDF ကရင်ငြိမ်းချမ်းကာကွယ်ရေးတပ်ဖွဲ့မှ ဦးစောကျော်ဇော၊ KNU/ KNLA ငြိမ်းချမ်းရေးကောင်စီ (ခွဲထွက်) နောင်ရိုးအထူးဒေသမှ ဦးစောအယ်စေ့တို့က လက်ခံသည်။

KNU/KNLA ငြိမ်းချမ်းရေးကောင်စီ(ခွဲထွက်) အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ထောက်ပံ့မှုအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုထောက်ပံ့မှုသည် အဖွဲ့အတွက် တစ်ထောင့်တစ်နေရာမှ အကျိုးပြုကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၄ ခုနှစ် အခြေခံပညာကျောင်းများတွင် တိုးချဲ့နို့တိုက်ကျွေးရေးစီမံချက် ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇွန် ၈

နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုအဖွဲ့ (NDDB) ၏ (၂/၂၀၁၄)အစည်းအဝေးကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၆ ရက်က ကျင်းပရာ ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေးကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်မှ နို့စားနွားမွေးမြူရေးဆိုင်ရာ ချေးငွေရရှိရေး ကူညီဆောင်ရွက်ပေးရန် ဆုံးဖြတ်ခဲ့ကြသည်။

ဆက်လက်၍ ၂၀၁၄-၂၀၁၅ ခုနှစ် အခြေခံပညာကျောင်းများတွင် တိုးချဲ့နို့တိုက်ကျွေးရေးစီမံချက် ညှိနှိုင်းအစည်းအဝေးကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ဇွန် ၇ ရက်တွင် ကျင်းပရာ ဒုတိယဝန်ကြီး ဦးခင်မောင်အေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးဌာန၏ ပညာရှင်များ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၏ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများ၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ အလှူရှင်များဖြစ်သော Tetra Laval, Nestle ကုမ္ပဏီ၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးမှ အလှူရှင်များ၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ စုစုပေါင်း ၁၀၃ ဦး တက်ရောက်ကြပြီး ၂၀၁၄ ခုနှစ် ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ၌ တိုးချဲ့နို့တိုက်ကျွေးရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးကြသည်။

ယခင်နှစ်က နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အခြေခံပညာကျောင်းများ၌ မူလတန်းကျောင်းသား ကျောင်းသူများကို နွားနို့တိုက်ကျွေးရာမှ ယခုစာသင်နှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်အားလုံး၌ နွားနို့တိုက်ကျွေးရေး၊ နောက်ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရထံ ဘတ်ဂျက်တင်ပြတောင်းခံရေးနှင့် အလှူရှင်များ ပိုမိုထွက်ပေါ်လာစေရေး စည်းရုံးဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းများနို့တိုက်ကျွေးရန် အလှူရှင်များဖိတ်ခေါ်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိရာတွင် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုး၍ အရည်အချင်းပြည့်ဝသည့်နိုင်ငံသားများဖြင့် တည်ဆောက်ရမည်ဖြစ်ပါသည်။ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ပြီး အာဟာရပြည့်ဖြိုး ဉာဏ်ရည်တိုးစေရန်အတွက် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းများ နို့တိုက်ကျွေးရေးစီမံကိန်း (School Milk Programme) ကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ဤမွန်မြတ်သည့်လုပ်ငန်းတွင် စေတနာရှင်၊ အလှူရှင်များမှ တစ်တပ်တစ်အားပါဝင်လှူဒါန်းနိုင်ပါသည်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ပါဝင်လှူဒါန်းလိုပါက အောက်ပါဌာနများနှင့်ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သည့်လိပ်စာများ

- ညွှန်ကြားရေးမှူးချုပ်
  မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး
  ညွှန်ကြားမှုဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၀၄၆
- ညွှန်ကြားရေးမှူးချုပ်
  မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၀၅၆
- ဒုတိယညွှန်ကြားရေးမှူးချုပ်
  မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၄၆၅
- ညွှန်ကြားရေးမှူး
  တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဌာနခွဲ
  မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
  ဖုန်း-၀၆၇-၄၀၈၀၂၀
- မြို့နယ်ဦးစီးဌာနမှူးရုံးများ
  မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

နိုင်ငံတကာမီဒီယာများထဲက မြန်မာနိုင်ငံအကြောင်း

သာဘာပြန်-ထန်ဆွင်း

ဇွန် ၆ ရက်ထုတ် ယူကေသတင်းစာ တစ်စောင်ဖြစ်သော Financial Times UK က အင်ဒိုနီးရှားသမ္မတဆူစီလိုဘမ်ဘန်းယူဒိုယိုနိုအား ဆက်ခံမည့်သူ ရွေးချယ်ရေးယှဉ်ပြိုင်မှုမှာ မျှော်လင့်ထားသည်ထက် ပိုမိုပြင်းထန်သဖြင့် ယင်းနိုင်ငံ၏အထင်ကရ မီဒီယာများသည် ကမ္ဘာ့အကြီးမားဆုံး တိုက်ရိုက်သမ္မတရွေးကောက်ပွဲတွင် အဆုံးအဖြတ်ပေးသော အခန်းကဏ္ဍမှ ပါဝင်နိုင်ကြောင်း၊ လွတ်လပ်သော သတင်းစာဆရာများ မဟာမိတ်အဖွဲ့ဥက္ကဋ္ဌ အီကိုမာယာဒီက အင်ဒိုနီးရှားမီဒီယာသည် လွန်ခဲ့သည့် ငါးနှစ်က ဒေသအတွင်း မီဒီယာလွတ်လပ်ခွင့်ရရှိရေးအတွက် ကောင်းမွန်သော စံနမူနာတစ်ခုချမှတ်ခဲ့ရာ ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်းနှင့် တီမောလက်တေစသည့် နိုင်ငံအများအပြားက ယင်းစံနမူနာကို လေ့လာအတုခိုးကြကြောင်း စသည်ဖြင့် ရေးသားဖော်ပြသည်။

ဇွန် ၆ ရက်ထုတ် သြစတြီးယား သတင်းစာတစ်စောင်ဖြစ်သော Der Standard က အီတလီနိုင်ငံ၌ ယနေ့ဖွင့်လှစ်မည့် Venice Biennale အနုပညာပြပွဲတွင် ကမ္ဘာတစ်ဝန်းလုံးမှ ပါလီမန်အဆောက်အအုံ ၁၉၆ ခု၏ ရုပ်ပုံကားချပ်များပြသထားကြောင်း၊ မြန်မာနိုင်ငံမြို့တော် နေပြည်တော်၌တည်ရှိသည့် တစ်ကီလိုမီတာ ရှည်လျားသော ပါလီမန်အဆောက်အအုံ (ပြည်ထောင်စုလွှတ်တော် အဆောက်အအုံ)သည် ကမ္ဘာပေါ်ရှိ ပါလီမန် အဆောက်အအုံများအနက် အကြီးမားဆုံးဖြစ်ကြောင်း၊ ပါလီမန်အဆောက်အအုံသည် နိုင်ငံတစ်နိုင်ငံ၏အရေးပါဆုံး အဆောက်အအုံအဖြစ် ကိုယ်စားပြုလေ့ရှိသည်ဟု ပြခန်းတာဝန်ခံ ခရစ္စတင်းကွန်းက ဖွင့်ဟပြောကြားကြောင်း စသည်ဖြင့် ရေးသားဖော်ပြသည်။

ဇွန် ၆ ရက်ထုတ် အမေရိကန်သတင်းစာတစ်စောင်ဖြစ်သော International New York Times က အရှေ့တောင်အာရှဒေသ၌ လွတ်လပ်စွာ သွားလာခိုလှုံနိုင်သည့်နေရာအဖြစ် ကာလကြာရှည် ရပ်တည်လာခဲ့သော ထိုင်းနိုင်ငံသည် လွန်ခဲ့သည့် နှစ် ၄၀ က ကမ္ဘောဒီးယား ခမာနီအစိုးရ၏ လူမျိုးသုဉ်းသတ်ဖြတ်မှုမှ ထွက်ပြေးတိမ်းရှောင်သော မိသားစုများ(သို့မဟုတ်) အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံကို စွန့်ခွာသည့်မိသားစုများ၏ ကွန်းခိုရာအဖြစ် ရပ်တည်နေခဲ့ကြောင်း၊ ယခုအခါ ထိုင်းနိုင်ငံသည် နိုင်ငံအရေးအကျပ်အတည်းကြောင့် ဒယိမ်းဒယိုင်ဖြင့် သွားနေရသော အခြေအနေသို့ရောက်နေကြောင်း စသည်ဖြင့်ရေးသားဖော်ပြသည်။

ဇွန် ၆ ရက်ထုတ် ယူကေသတင်းစာ တစ်စောင်ဖြစ်သော The Guardian က ထောင်နှင့်ချီသော လူများသည် ထိုင်း-မြန်မာနယ်စပ်၌ငှက်ဖျားရောဂါဖြစ်ပွားနေပြီး ယင်းအနက် ၈၀ ရာခိုင်နှုန်းသည် ဆေးမတိုးတော့သည့်အနေအထား၌ရှိနေကြောင်း၊ ရှိုခလိုငှက်ဖျား သုတေသနဌာန(SMRU)ဒါရိုက်တာ ဖရန်ဇွာနွတ်စတင်းသည် အဆိုပါနယ်ခြားဒေသ၌ဖြစ်ပွားသော ငှက်ဖျားရောဂါကို နှစ် ၃၀ ကြာ သုတေသနပြုလုပ်ခဲ့ကြောင်း၊ ၎င်းသည် အိန္ဒိယနိုင်ငံနှင့်ထိုမှတစ်ဆင့် အာဖရိကတိုက်သို့ ငှက်ဖျားရောဂါ ကူးစက်ပျံ့နှံ့မှုကို ဟန့်တားရေးအတွက် မြန်မာနိုင်ငံ၏ သစ်တောများထဲသို့ ကပ်ပါးပိုးများ လိုက်လံသုတ်သင်ရန်နှင့်ဖျားနာခြင်းမရှိသူများကိုပင် ကြိုတင်ကာကွယ်မှုပြုလုပ်ပေးရန်လိုအပ်သည်ဟု ယုံကြည်ကြောင်း၊ ၎င်း၏အဖွဲ့များသည် မြန်မာနိုင်ငံအတွင်း၌ ကျေးလက်ကျန်းမာရေးဌာန ၈၀၀ တည်ဆောက်မည်ဖြစ်ကြောင်း စသည်ဖြင့်ရေးသားဖော်ပြသည်။

သတင်းစာပို့လုပ်ငန်းဝန်ဆောင်မှုသမဝါယမ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

မန္တလေး ဇွန် ၈

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အလင်းရောင်လီမိတက် သတင်းစာပို့လုပ်ငန်း ဝန်ဆောင်မှုသမဝါယမအသင်း(၂)၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်နှင့် နှစ်ချုပ်ရှင်းတမ်းအစည်းအဝေးကို ဇွန် ၆ ရက် နံနက် ၉ နာရီက အဆိုပါအသင်းရုံးခန်းမ၌ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မန္တလေးမြို့ ကိုယ်ပွားသတင်းစာတိုက် စာတည်းမှူး ဦးညွန့်ဇော်က မြန်မာ့အလင်း၊ ကြေးမုံနှင့် The New Light of Myanmar သတင်းစာများအား အများပြည်သူဝန်ဆောင်မှုသတင်းစာအဖြစ်ပြောင်းလဲထားပြီး သတင်းများကိုလည်း ပြည်သူများသိသင့်သိထိုက်သောသတင်းပုံစံအဖြစ် ပြောင်းလဲရေးသားထားပြီး သတင်းဦးသတင်းထူးများနှင့်အတူ အကျိုးပြုဆောင်းပါးများကိုလည်း ဖော်ပြပေးလျက်ရှိကြောင်း လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၇၄ မြို့နယ်အား သတင်းစာများကို နံနက်စောစောရောက်ရှိစေရေးအတွက် သီးသန့်စင်းလုံးငှားကားများဖြင့် မန္တလေးကိုယ်ပွားသတင်းစာတိုက်မှ နံနက် ၄ နာရီမှ စတင်ထွက်ခွာ၍ ပို့ဆောင်ပေးလျက်ရှိကြောင်း၊ နယ်မြို့များရှိ ကိုယ်စားလှယ်များမှလည်း အချိန်နှင့်တစ်ပြေးညီ စာဖတ်သူများထံ ဖြန့်ချိပေးစေလိုကြောင်း၊ ဖြန့်ချိရေးကိုယ်စားလှယ်များမှ သတင်းစာဖတ်ခြင်းဖြင့် ရရှိမည့်အသိပညာဗဟုသုတများကို ရှင်းလင်းပြောကြားပြီး စာဖတ်သူတိုးပွားအောင် ပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အသင်း၏အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းစိန်က သမဝါယမအခန်းကဏ္ဍ ခိုင်မာစွာရပ်တည်နိုင်ရေးအတွက် အသင်းသားများမှ ပူးပေါင်းဆောင်ရွက်ကြရန်၊ နေ့စဉ်ထုတ် သတင်းစာများအား စာဖတ်သူထံ အစောဆုံးရောက်ရှိအောင် ပို့ဆောင်ပေးရန်နှင့် အသိပညာဗဟုသုတများ ပေးနိုင်သည့် သတင်းစာများကို လူတိုင်းဖတ်ရှုလာစေရန်ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားခဲ့ပြီး ချမ်းအေးသာစံမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်မူဌေးက ၂၀၁၃-၂၀၁၄ ခုနှစ်က ဘဏ္ဍာရေးနှင့် အရှုံးအမြတ် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားရှင်းလင်းခဲ့သည်။ အစည်းအဝေးသို့ အလင်းရောင်လီမိတက် သတင်းစာပို့လုပ်ငန်းဝန်ဆောင်မှု သမဝါယမအသင်း(၂)၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသူ၊ အသင်းသားများ၊ ချမ်းအေးသာစံမြို့နယ် သမဝါယမဦးစီးဌာနမှတာဝန်ရှိသူများ၊ မန္တလေးမြို့ သတင်းစာပို့လုပ်ငန်း ဝန်ဆောင်မှုသမဝါယမအသင်းများမှ အသင်းဥက္ကဋ္ဌများ တက်ရောက်ကြကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လမ်းလျှောက်လိပ်ပြာ

ချစ်နိုင်(စိတ်ပညာ)

"လမ်းလျှောက်လိပ်ပြာ" ဆိုတဲ့ အကြောင်းအရာတစ်ခု တင်ပြအစီရင်ခံချင်ပါတယ်။ ကျွန်တော်ဖတ်ရတာတော့ မဟုတ်ပါဘူး။ ကျွန်တော်မြင်လိုက်ရလို့လည်း မဟုတ်ပါ။ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တစ်ဦးက ကျန်းမာရေးဆိုင်ရာ ပါမောက္ခများ၊ ဆေးပညာရှင်များ၊ ဆရာဝန်ကြီးများကို တွေ့ဆုံစဉ်မှာ ပြောကြားခဲ့တဲ့ အမှာစကားထဲကတစ်ဆင့် ကြားရတဲ့ အဖြစ်အပျက်တစ်ခုပါ။

တစ်ခါတုန်းက လိပ်ပြာလေးများရဲ့ ပေါက်ပွားပုံဖြစ်စဉ်ကို သေသေချာချာ သုတေသနပြုပြီး လေ့လာတဲ့ သတ္တဗေဒသိပ္ပံပညာရှင်တစ်ဦး ရှိပါသတဲ့။ သူဟာ သတ္တဗေဒ၊ ဇီဝဗေဒတို့ကို ဓာတ်ခွဲခန်းထဲမှာ အချိန်များစွာပေးပြီး သင်ယူခဲ့တဲ့ပုဂ္ဂိုလ်မို့ ထူးချွန်တဲ့သုတေသနပညာရှင်တစ်ဦးပါပဲ။

လိပ်ပြာလေးတွေဟာ အခြားသတ္တဝါတွေနဲ့မတူ ကွဲပြားခြားနားတဲ့ သဘာဝရှိကြပါတယ်။ လူကမွေးရင်လူပေါ့။ ဆင်ကမွေးရင် ဆင်ပေါ့။ ကြောင်ကမွေးရင်ကြောင်။ ဒီလိုပဋိသန္ဓေနေတဲ့ လူနဲ့တူတဲ့သတ္တဝါတွေရှိသလို ဥကပေါက်တဲ့ ကြက်တို့၊ ဘဲတို့လို သတ္တဝါတွေလည်း ရှိကြပါတယ်။ လိပ်ပြာကတော့ ဥ၊ ဥမှဘောက်ဖတ်၊ ပိုးတုံးလုံး၊ ပိုးတုံးလုံးမှတစ်ဖန် ဥကဲ့သို့ ရစ်ပတ်ထုပ်ထားကာ တစ်ဖန်ပြန်ဘောက်ဖတ်ဖြစ်၊ အဲဒီမှာ အချိန်ကာလ

ဆန္ဒမစောကြပါနဲ့လို့ ပြောနေတာကို နားမဝင်ဘဲ ခေတ်ကို မြန်မြန်ဆန်ဆန် ပြောင်းလဲချင်တဲ့ ရှေ့နောက်မမြော်မြင်နိုင်သူအချို့ကြောင့် နိုင်ငံတစ်ခုမှာ အတောင်ပံပါလျက် လေတွင်မပျံဝဲနိုင်ဘဲ မြေလျှောက်လိပ်ပြာတွေ များစွာပေါက်ပွားခဲ့ဖူးတယ်ဆိုရင် အဲဒါပုံပြင်မဟုတ်ပါ။

တစ်ခုကြာအောင်နေရပြီးမှ လိပ်ပြာလောင်းက ရုန်းထွက်လိုက်တဲ့အခါ အတောင်ပံပါတဲ့လိပ်ပြာဘဝ ရောက်လာရတာကိုး။

သုတေသနပြုတဲ့ သိပ္ပံပညာရှင်ဟာ ဒီဖြစ်စဉ်ကို အချိန်ယူပြီး သေသေချာချာ လေ့လာရှုမှတ်နေတာကြာတော့ သူ့မှာစိတ်ကူးတစ်ခုပေါ်တယ်။ လိပ်ပြာဥမှ ဘောက်ဖတ်၊ ပိုးတုံးလုံး၊ ပိုးတုံးလုံးကတစ်ဖန် အဝတ်လွှာပါးပါးထဲက တစ်ဖန်ရစ်ပတ်ပြီးအောင်းနေရသေး။

အချိန်ကာလတစ်ခုဟာ မလိုအပ်ဘဲကြာနေတာလို့ သူယူဆတယ်။ အချိန်တိုတိုနဲ့ လိပ်ပြာဘဝ သူတို့ရောက်လာကြအောင် အပေါ်ယံအမြေးတွေကို စောစောခွဲဖွင့်ပေးလိုက်ရင် ရမှာပဲလို့တွက်ဆတယ်။ လက်တွေ့ စမ်းသပ်တဲ့အနေနဲ့ လိပ်ပြာလောင်းလေးတွေကို ပိုးတုံးလုံးရစ်ပတ်ထားတဲ့ အပေါ်ခွံတွေဓားနဲ့ခွဲပြီး ခွာပေးလိုက်သတဲ့။

လိပ်ပြာလေးတွေဟာ အချိန်ဆယ်ရက်၊ တစ်လစသည်ဖြင့် စောင့်ဆိုင်းမနေရဘဲ လိပ်ပြာအဖြစ် ထွက်ပေါ်လာကြပါရောတဲ့။ အတောင်လည်း ပါပါတယ်။ အရောင်လည်းလှပါတယ်။ လိပ်ပြာကတော့ လိပ်ပြာပါပဲ။ ဒါပေမယ့် သုတေသနပညာရှင် ပေါက်ပွားပေးလိုက်တဲ့ လိပ်ပြာလေးတွေက အတောင်ပံမသန်ကြဘူး။ လေထဲပျံအောင် အတောင်ပံမခတ်နိုင်ကြဘူး။ သူတို့ဟာ ပိုးဇာဥထဲမှာသူ့ကိုယ်ပိုင်စွမ်းအားနဲ့ အားထုတ်ရုန်းကန်ရတဲ့အခါ ထွက်ပေါ်လာတဲ့ခတ်ကမှ တောင်ပံလေးတွေကို ပါးလျခြောက်သွေ့အောင် ဖြစ်စေခဲ့တာ။ မရုန်းကန်နိုင်ဘဲ အခွံခွာပေးလိုက်တော့။

သိပ္ပံသုတေသနပညာရှင်က ပေါက်ပွားပေးလို့ ပိုးဇာဥထဲက သူတို့ကိုယ်ပိုင်ခွန်အားနဲ့ တိုးထွက်အောင် မရုန်းရ၊ မကန်ရ၊ အားမထုတ်ခဲ့ရတဲ့အတွက် မူလအစေးအရည်တွေဟာ မခြောက်သွေ့တော့ဘူး။ အတောင်ပံဟာ ပေ့ါပေ့ါပါးပါး ခတ်နိုင်စွမ်းမရှိကြတော့ဘူး။ လေထဲမှာမပျံဝဲနိုင်တဲ့ လိပ်ပြာလေးတွေဟာ မြေပေါ်မှာပဲ လျှောက်သွားနိုင်ကြတာပေ့ါလေ။

အဲဒီအခါမှာ ပုရွက်ဆိတ်တွေ၊ ပလောင်တွေ၊ လိပ်ပြာကိုစားတဲ့ အိမ်မြှောင်စတဲ့ အကောင်တွေက ဖမ်းပြီးစားသောက်တာကို မရှောင်နိုင်ရှာဘူး။ သားကောင်ဖြစ်ကြရတယ်။ မပျံနိုင်ဘဲကိုး။ အနာမခံရတဲ့ဘဝကြောင့် သေပွဲဝင်ကြရတဲ့အဖြစ်ပါပဲ။ သနားစရာကောင်းလိုက်လေ။

ဘွဲ့တစ်ခုရအောင် လေးနှစ်၊ ငါးနှစ်၊ ခြောက်နှစ်ကြာတာဟာ အချိန်ကြာပါတယ်ဆိုပြီး သုံးနှစ်နဲ့မြန်မြန်ဘွဲ့ပေးလိုက်တယ်ဆိုတဲ့ အချိန်အခါတစ်ခုရှိခဲ့ဖူးပါတယ်။ အရေအတွက်ကို ဦးစားပေးပြီး မြန်မာပြည်မှာ ဘွဲ့ရဦးရေ အမြန်တိုးတက်စေဖို့ရာ စက်နဲ့လှည့်ထုတ်လိုက်သလို အများကြီး ဘွဲ့ပေးလိုက်ခဲ့ဖူးတယ်။ နိုင်ငံတကာနဲ့ယှဉ်ပြိုင် အနိုင်ယူနိုင်တဲ့ ပညာရှင် ပီပီသသ ဖြစ်လာကြပါရဲ့လားဆိုတာ သေသေချာချာလေ့လာတဲ့ သုတေသနရလဒ်တော့ မတွေ့ဖူးသေးပါ။

လေးနှစ်သင်ရတဲ့ပညာကို သုံးနှစ်နဲ့ပြီးအောင် အမြန်သင်ပြီး ဘွဲ့ပေးလိုက်ပါဆိုတာက အထက်ပါ သိပ္ပံသုတေသနပညာရှင် လိပ်ပြာလေးတွေကို ပိုးဇာဥခွဲဖြတ်ဖွင့်ပေးလိုက်သလို အချိန်တော့တိုတာပေ့ါ။ ကောင်းကျိုးလည်း ရှိသင့်သလောက်တော့ရှိမှာပါ။ ဆိုးကျိုးအတူ တွဲပါလာမယ်လို့ သုံးသပ်မြော်မြင်ကြည့်မိတယ်။ သင့်တင့်တဲ့ ရင့်ကျက်မှုရအောင် မစောင့်နိုင်ဘဲ ပိုးတုံးလုံးဥအမြေးခွံကိုခွဲပြီး လိပ်ပြာမြန်မြန်ဖြစ်အောင် လုပ်ဆောင်တဲ့ သိပ္ပံသုတေသနပြုတဲ့ ပညာရှင်ကတော့ သဘာဝအတိုင်းပဲ ကောင်းမွန်ကြောင်း အဖြေတွေ့သွားခဲ့ဖူးပါတယ်။

မြန်မာနိုင်ငံပညာရေးစနစ်ဟာ ယခင်က အသက်ငါးနှစ်မှာ ကျောင်းစာရင်း စတင်သွင်းခဲ့ကြတယ်။ သူငယ်တန်း၊ ယခုအခါမှာတော့ အခြေခံပညာမူလတန်းတွင် အသက်ခြောက်နှစ်တိတိ ပြည့်ပြီးမှသာ ကျောင်းစာရင်းသွင်းဖို့ ပြုပြင်လိုက်ပြီလို့ သတင်းကြားသိရပါတယ်။

အချို့ကလေးမိဘတွေက ကျောင်းသက် တစ်နှစ်နောက်ကျတယ်လို့ ထင်ကြတယ်။ တကယ်တော့ စောစော အတန်းတက်ရတာဟာ အရွယ်နှင့်မမျှရင် ကလေးအတွက် အင်မတန်ကြီးလေးတဲ့ ဝန်ထုပ်ဝန်ပိုးဖြစ်စေတယ်။ ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ရရှိစေတယ်ဆိုတဲ့ အဖြစ်မှန်ကို ကလေးသူငယ်စိတ်ပညာ Child Psychology တို့၊ ပညာရေးစိတ်ပညာ Educational Psychology တို့၊ ဖွံ့ဖြိုးမှုစိတ်ပညာ Developmental Psychology တို့ နားလည်တဲ့ပညာရှင်တွေရဲ့ အဆုံးအဖြတ်ဟာ အကောင်းဆုံးနဲ့ အကျိုးအရှိဆုံးပါ။ တန်ဖိုးမဖြတ်နိုင်တဲ့ သုတေသနပြုရရှိချက်တွေရဲ့ ကောက်နုတ်ချက်နဲ့ စဥ်းစားသုံးသပ်ခဲ့ကြတာမို့ အသင့်လျော်ဆုံးပါ။

အချိန်မတိုင်ခင်မှာ ထမင်းအိုးထဲက ဆန်ကလည်း မပွက်ခင် မဆူခင် မကျက်သေးပါဘူး။ အချိန်မတိုင်သေးခင်မှာ ဟင်းလျာဆိုတာလည်း မနူးမနပ်သေးပါဘူး။ ထိုက်သင့်တဲ့အဆင့်၊ အခြေအနေရောက်အောင် အချိန်ကာလတစ်ခုကို စောင့်နိုင်ကြရပါမယ်။ လောကြီးလို့မရဘူး။ ဆန္ဒစောပြီး ပိုးတုံးလုံးကို လိပ်ပြာမြန်မြန်ပေါက်ကရောဟယ်လို့ ဓားနဲ့ခွဲပြီး ဖောက်ပေးလိုက်မိတော့ မြေလျှောက်လိပ်ပြာတွေ ဖြစ်နေပါလေရော။ ပုရွက်စာ၊ ပိုးစာအဖြစ် သားကောင်ဘဝကျရောက်ခဲ့ရတယ်။ Premature ရဲ့သဘော။

ဆန္ဒမစောကြပါနဲ့လို့ ပြောနေတာကို နားမဝင်ဘဲ ခေတ်ကိုမြန်မြန်ဆန်ဆန်ပြောင်းလဲချင်တဲ့ ရှေ့နောက်မမြော်မြင်နိုင်သူအချို့ကြောင့် နိုင်ငံတစ်ခုမှာ အတောင်ပံပါလျက် လေတွင်မပျံဝဲနိုင်ဘဲ မြေလျှောက်လိပ်ပြာတွေ များစွာပေါက်ပွားခဲ့ဖူးတယ်ဆိုရင် အဲဒါပုံပြင်မဟုတ်ပါ။ ပြည်သူအများ သင်ယူထားရမယ့် အရေးကြီးလှတဲ့ သမိုင်းသင်ခန်းစာ၊ နှစ်ခါထပ်ပြီး မမှားသင့်တဲ့ အလွန်ကြီးမားတဲ့ ဘဝသင်ခန်းစာပါခင်ဗျာ။

ရောင်စုံတောင်ပံတွေနဲ့ လေမှာပျံဝဲနေတဲ့ လိပ်ပြာအလှတွေ ပေါ်ပေါက်ဖို့ အတင်းအဓမ္မဆန္ဒစောပြီး ဓားနဲ့တော့မခွဲလိုက်ပါနဲ့နော်။ လမ်းလျှောက်လိပ်ပြာတွေပဲ ထပ်ပြီး ပေါ်ထွက်လာနေဦးမယ်။

ပညာရှိဟာ ထိုက်သင့်တဲ့အချိန်ကာလကို သိရှိရပါတယ်။ ဆန္ဒမစောမိအောင် ထိန်းသိမ်းနိုင်ရမယ်။ တိုးတက်အောင်မြင်ပျော်ရွှင်ငြိမ်းချမ်းကြပါစေ. . .။

ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

မုံရွာ ဇွန် ၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးအားကစားကွင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက် ၂၀ အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဇွန် ၆ ရက် ညနေ ၃ နာရီခွဲက ကျင်းပရာ တိုင်းဒေကြီးဝန်ကြီးချုပ်ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်ကြရာ ဗိုလ်လုပွဲတွင် မုံရွာခရိုင်နှင့် ရွှေဘိုခရိုင်တို့ ယှဉ်ပြိုင်ကြရာ မုံရွာခရိုင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပထမဆုရ မုံရွာခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရ မုံရွာခရိုင်အသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီးပြန်/ဆက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဂျပန်နိုင်ငံ၏အကူအညီဖြစ်သော JICA ODA LOAN ဖြင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဖြစ်သည့် အောက်ဖော်ပြပါလမ်းလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းအား အရည်အချင်း ကြိုတင်စစ်ဆေးခြင်းနည်း (Prequalification Method) ဖြင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

စဉ်	လမ်းအမည်	လုပ်ငန်းအမျိုးအစား
၁။	ကြိမ်ပင်ဆည်-စကျော့-ခနေဖြူ-ဇလွန်လမ်း (ဧရာဝတီတိုင်းဒေသကြီး) (၂၄ မိုင်)	ကတ္တရာကွန်ကရစ်လမ်း
၂။	တရနာ-ဘုရားကုန်းလမ်း(မွန်ပြည်နယ်)(မိုင်၃၀)	ကတ္တရာလမ်း

၂။ **တင်ဒါအတွက် Prequalification ပုံစံရောင်းချမည့်ရက်** - ၅-၆-၂၀၁၄ရက်မှ ၁၃-၆-၂၀၁၄ရက်
၃။ **ကုမ္ပဏီ၏အချက်အလက်ပုံစံ တင်ပြရန်ရက်** - ၂၃-၆-၂၀၁၄ရက်မှ ၃၀-၆-၂၀၁၄ရက်
၄။ **သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသောကုမ္ပဏီများအတွက် တင်ဒါပုံစံပေးမည့်ရက်** - ၂၈-၇-၂၀၁၄ရက်မှ ၃၁-၇-၂၀၁၄ရက်
၅။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁-၉-၂၀၁၄ရက် (တစ်ရက်တည်းသာ)
၆။ **တင်ဒါဖွင့်မည့်ရက်** - ၁၁-၉-၂၀၁၄ရက် မွန်းလွဲ ၁း၀၀နာရီ
၇။ တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ်ငါးသောင်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
လမ်းဦးစီး၊ ရုံးအမှတ် ၁၁၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၇၄၆၈၊ ၄၀၇၅၇၈၊ ၄၀၇၆၀၃၊ ၄၀၇၅၈၃၊ ၄၀၇၃၈၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ကွန်ပျူတာတက္ကသိုလ်/နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံနှင့်ကျောင်းများတွင် အလုပ်ခန့်ထားရန်အတွက် Master, BE(Q), M.Com, B.Com ဘွဲ့ရများ၏ အလုပ်ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများစာရင်းနှင့် လူတွေ့စစ်ဆေးမည့် အစီအစဉ်ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတွင် အလုပ်ခန့်ထားရန်အတွက် ၂၂-၂-၂၀၁၄ရက် နှင့် ၂၃-၂-၂၀၁၄ရက်များ၌ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ် စာစစ်ဌာနများတွင် အလုပ်ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲဖြေဆိုခဲ့ကြသော Master, BE(Q), M.Com, B.Com ဘွဲ့ရများအနက် အောင်မြင်သူ ၇၆၃ ဦးစာရင်းကို သက်ဆိုင်ရာစာစစ်ဌာနများနှင့် နီးစပ်ရာကွန်ပျူတာတက္ကသိုလ်/ နည်းပညာတက္ကသိုလ်/ကောလိပ်/ သိပ္ပံနှင့်ကျောင်းများတွင် အောင်စာရင်းအား ကြေညာထားပြီးဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း လူတွေ့စစ်ဆေးမှုပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

နေ့ရက် - ၂၀၁၄ ခုနှစ် ဇွန် ၂၁ ရက် (စနေနေ့)
အချိန် - နံနက် ၀၉း၀၀ နာရီ
နေရာ - အထက်မြန်မာပြည်၊ မန္တလေးနည်းပညာတက္ကသိုလ်
အောက်မြန်မာပြည်၊ ရန်ကုန်နည်းပညာတက္ကသိုလ်

၂။ လူတွေ့ဖြေဆိုမည့်သူများသည် မိမိဝင်ရောက်ဖြေဆိုခဲ့သည့်သက်ဆိုင်ရာစာစစ်ဌာနများသို့ ၂၁-၆-၂၀၁၄ ရက် နံနက် ၀၈း၀၀ အရောက် သတင်းပေးပို့ကြရန်ဖြစ်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပျောက်ဆုံးကြောင်း

ကျွန်တော် တင်စိုးဝင်း၏ကား TOYOTA KLUGER 2001 MODEL (ID No-705861, Date : 23.4.2014) နှင့် ပတ်သက်သောစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၄၄၂၇၈

ကျေးဇူးဆပ်ပါမည်

မှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင်နှင့် အရေးကြီးကတ်ပြားများပါသည့် ပိုက်ဆံအိတ်တစ်လုံး ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံးဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကိုကျော်လင်းခိုင်
၁၂/ဥကတ(နိုင်)၁၂၇၅၅၀
ဖုန်း-၀၉-၄၄၈၀၁၂၄၉၄၊ ၀၉-၅၁၂၆၈၀၃

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

အရေးပေါ်အခြေခံအသက်ကယ်နည်း သင်တန်းဖွင့်

နေပြည်တော် ဇွန် ၇

မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အားကစားဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပူးပေါင်း၍ဖွင့်လှစ်သည့် အရေးပေါ်အခြေခံ အသက်ကယ်နည်း (EMS) သင်တန်းအမှတ်စဉ်(၁/၂၀၁၄)ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေး စခန်းအတွင်းရှိ Multipurpose Hall ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် အားကစားဆေးပညာရပ်များအား ပိုမိုအသက်ဝင်ရှင်သန်လာစေရန်၊ အားကစား ဆေးပညာနှင့်ပတ်သက်၍ နောက်ဆုံးပေါ်ကုသနည်းများနှင့် အတွေ့အကြုံကောင်းများကို ရရှိနိုင်စေရန်၊ ဆရာဝန်နှင့် သူနာပြုများအနေဖြင့် လူနာများ၏ အသက်ကို အမှန်ကန်ဆုံး၊ နည်းစနစ်တကျနှင့် ပိုမိုလျင်မြန်စွာ အသက်ကယ်ခြင်းကို ပြုလုပ်ဆောင်ရွက်နိုင်ရန်နှင့် အားကစားနည်းတာဝန်ခံများ၊ နည်းပြဆရာများအနေဖြင့် မိမိတို့၏ အားကစားသမားများနှင့် မိမိပတ်ဝန်းကျင်ရှိ လူနာများကို အရေးပေါ်အသက်ကယ်ကူညီပြုစု စောင့်ရှောက်ပေးနိုင်ရန်တို့ကို ရည်ရွယ်၍ အရေးပေါ်အသက်ကယ်နည်း (EMS)သင်တန်းအမှတ်စဉ် (၁/၂၀၁၄)ကို ဖွင့်လှစ်ပေးရခြင်းဖြစ်ပါကြောင်း၊ အားကစားဆေးဘက်ဌာနခွဲရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းမဟုတ်သော အားကစားနည်းတာဝန်ခံများ၊ နည်းပြဆရာများနှင့် Ambulance ယာဉ်မောင်းများဟူ၍ သင်တန်း ဘာသာရပ်နှစ်ခုခွဲ၍ သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း၊ အားကစားပြိုင်ပွဲများတွင် အားကစားသမားတစ်ဦး အန္တရာယ်ကင်းစွာ အောင်မြင်မှုရရှိစေရန်နှင့် ထိခိုက်ဒဏ်ရာရရှိပြီး မေ့မြောနေပါက အချိန်မီ အသက်ကယ်တင်နိုင်ရန်အတွက် လူတိုင်းတက်ရောက်သင့်သည့် သင်တန်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ခုတင်(၁၀၀၀) ဆေးရုံအုပ် ဒေါက်တာဖုန်းမော်က အရေးပေါ်အခြေခံအသက်ကယ်နည်း (EMS) သင်တန်း၏ အရေးပါပုံများနှင့် သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များအကြောင်းကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

တက်ရောက်သင်ကြား

အဆိုပါ အရေးပေါ် အခြေခံအသက်ကယ်နည်း (EMS)သင်တန်းအမှတ်စဉ် (၁/၂၀၁၄)ကို ဇွန် ၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၀ တက်ရောက်သင်ကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်

ပျဉ်းမနား ဇွန် ၇

ပျဉ်းမနားမြို့နယ်ဇီးဖြူပင်ကျေးရွာအုပ်စု သစ်ဆိမ့်ပင်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းအဆင့်တိုးမြှင့် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၇ ရက် နံနက် ၈ နာရီခွဲက ဖွင့်လှစ်သည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ပျဉ်းမနားမြို့နယ်မှ အလယ်တန်းကျောင်းနှစ်ကျောင်းနှင့် မူလတန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်မည်ဖြစ်ရာ ယခု သစ်ဆိမ့်ပင်(အရှေ့)ကျောင်းလည်းပါဝင်သည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်ရောက် ပညာသင်ကြားနိုင်ရေး မူလတန်းမှ အလယ်တန်းအထိ ပညာရေးကို အခမဲ့ပညာရေးအဖြစ် ဆောင်ရွက်ပြီး လိုအပ်သည့် ကျောင်းဆောင်၊ ဆရာ ဆရာမများနှင့် သင်ထောက်ကူပစ္စည်းများ လိုအပ်မှုမရှိစေရေး ဆောင်ရွက်ပေးနေသည့်အတွက် "ကျောင်းနေပျော်၍ စာတော်သော" ကလေးများအဖြစ် စာကြိုးစားကြရန် နိုင်ငံတော်အတွက် အားကိုးအားထားရသော သားကောင်းသမီးရတနာလေးများဖြစ်ရန် နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့တာဝန်ခံ ဗိုလ်မှူးကြီး မြင့်အောင်သန်းက အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့ တာဝန်ခံ ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ ပျဉ်းမနားမြို့နယ်ပညာရေးမှူး(ခေတ္တ)ဒေါ်ခင်မာဝင်းနှင့် ကျောင်းကော်မတီအဖွဲ့ဝင် ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မျိုးဇေယျာ(ပျဉ်းမနား)

ရေကြောင်းပို့ဆောင်ရေးလွယ်ကူစေရန် ဆိပ်ခံတံတားတည်ဆောက်

ဓာတ်ပုံ-ဘော်ဂါသွေး

ရန်ကုန် ဇွန် ၇

ရန်ကုန်မြစ်ကို ဖြတ်သန်း၍ ပန်းဆိုးတန်းနှင့်ဒလသို့ ခရီးသည်များ ကူးသန်းသွားလာမှုမှာ နေ့စဉ် ဦးရေ ၃၀၀၀၀ ခန့်ရှိနေသည်။ အဓိက ပြည်တွင်းရေကြောင်းလိုင်းမှ ကျန်စစ်သား၊ ထီးလှိုင်ရှင်စသည့် ပြည်တွင်းရေကြောင်း သင်္ဘောတို့က အခေါက်ခေါက်အခါခါ သယ်ယူပို့ဆောင်ပေးနေခဲ့ရသည်။ သင်္ဘောတစ်ခေါက်လျှင် ခရီးသည်ရာကျော်ပါရှိသည်။ သို့သော် နှစ်ဖက်စလုံး၌ ဆိပ်ခံတံတားတစ်ခုစီသာရှိသည်။

ဆိပ်ခံတံတားများကို ယခုအခါ ဂျပန်နိုင်ငံ JICA က အကုန်အကျခံ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ လက်ရှိတည်ဆောက်နေသော ဒလဆိပ်ခံတံတားကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလဆန်းက စတင် ပန္နက်ချခြင်းဖြစ်သည်။ စီမံကိန်းကာလအားဖြင့် ရှစ်လခန့်ကြာမြင့်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဖြစ်ခဲ့စဉ်ကလည်း ရန်ကုန်မြစ်အတွင်း ရေယာဉ်တွေ၊ ဆိပ်ခံတံတားတွေ နစ်မြုပ်ပျက်စီးခဲ့တာတွေကို ဂျပန်နိုင်ငံ JICA အဖွဲ့ကပဲ အကူအညီတွေပေးခဲ့ဖူးပါတယ်။ အခုလည်း ဒီပန်းဆိုးတန်း-ဒလ ဆိပ်ခံတံတား တည်ဆောက်မှုမှာလည်း သူတို့ကပဲ အကူအညီပေးသွားတာပါ။ အောက်တိုဘာလလောက်ဆိုရင်တော့ ပြီးသွားမှာပါ"ဟု ယင်းစီမံကိန်းမှ တာဝန်ရှိသူက ပြောသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဆင်ဖြူကျွန်းမြို့ ညောင်ပင်တန်းလမ်း ကျောက်ချောလမ်းခင်း

စလင်း ဇွန် ၇

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မြို့ပြ လမ်းတံတားတည်ဆောက်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဆင်ဖြူကျွန်းမြို့ ညောင်ပင်တန်းလမ်းကို ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်၊ မကွေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြိုင်၊ မြို့နယ်ထောက်/ကူအဖွဲ့ဥက္ကဋ္ဌ ဦးသန်းနိုင်တို့က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

မန္တလေးခရိုင် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အဖြူရောင်ကြယ်တစ်ပွင့်အသင်း ဗိုလ်စွဲ

မန္တလေး ဇွန် ၇

မန္တလေးခရိုင် ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားသက်ငယ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် မြစ်ငယ် အမရပူရမြို့မှ အဖြူရောင်ကြယ်တစ်ပွင့်အသင်းနှင့် စဉ့်ကိုင်မြို့မှ ပလိပ်လူငယ်ဘောလုံးသင်တန်းကျောင်းအသင်းတို့ ဇွန် ၅ ရက် ညနေ ၄ နာရီခွဲက မန္တလေးမဟာအောင်မြေမြို့နယ် အားကစားကွင်း၌ ယှဉ်ပြိုင်ကြရာ အဖြူရောင်ကြယ်တစ်ပွင့်အသင်းက ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ငါးဂိုး-သုံးဂိုး အနိုင်ရဗိုလ်စွဲသွားကြောင်း သိရသည်။ ဘောလုံးပြိုင်ပွဲအပြီး ဆုများချီးမြှင့်ရာ ဒုတိယဆုနှင့် ပထမဆုတို့မှ ကစားသမားများအား မြို့နယ် ရဲမှူးခင်မောင်ရီနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးတို့က တစ်ဦးချင်းဆုတံဆိပ်တို့ကိုလည်းကောင်း၊ ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရ အဖြူရောင်ကြယ်တစ်ပွင့်အသင်းမှ အောင်သူလွင်(၉)၊ ပြိုင်ပွဲတွင် အတိုးတက်ဆုံးဒိုင်လူကြီးဆုတို့ကို ခရိုင်အား/ကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးကြည်သောင်းနှင့် ဒုတိယရဲမှူးသန်းလွင်တို့က ဆုများချီးမြှင့်ခဲ့ကြသည်။ ထို့နောက် မန္တလေးခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်က ဒုတိယဆုရ ပလိပ်ဘောလုံးသင်တန်းကျောင်းအသင်းအား ငွေသားဆုကျပ်နှစ်သိန်း၊ ပထမဆုရအဖြူရောင်ကြယ်တစ်ပွင့်အသင်းအား ငွေသားဆုကျပ်သုံးသိန်းနှင့် ပထမတံခွန်စိုက်ဆုဖလားတို့ကို ချီးမြှင့်လိုက်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ရောင်းမည်

ရွှေငါး Mark II 2003 နှစ်စီး

ဖုန်း-၀၉-၄၃၀၁၈၉၁၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်သူ့အင်အားဦးစီးဌာန

ယာဉ်မောင်းလျှောက်လွှာများခေါ်ယူခြင်း

ယာဉ်မောင်း (၅)ရာထူး - လစာနှုန်း ကျပ် ၈၁၀၀၀-၁၀၀၀-၈၆၀၀၀ (၅)နေရာ

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) မည်သည့်ယာဉ်ကိုမဆို ကျွမ်းကျင်စွာမောင်းနှင်နိုင်သူဖြစ်ရမည်။

(ဂ) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသော အနိမ့်ဆုံး (ခ)အဆင့် ယာဉ်မောင်းလိုင်စင်ရှိရမည်။

(ဃ) ပညာအရည်အချင်း အလယ်တန်းအဆင့်ရှိရမည်။

(င) ယာဉ်မောင်းသက် အနည်းဆုံး (၃)နှစ်ရှိရမည်။

၂။ လျှောက်ထားလိုသူများသည်-

၁၀-၆-၂၀၁၄ရက်မှ ၂၂-၆-၂၀၁၄ရက်အထိ လျှောက်လွှာပုံစံများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန၊ စီမံ၊ ထောက်ပံ့နှင့် ဘဏ္ဍာဌာနခွဲ၊ ရုံးအမှတ် ၄၈၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၁၀၆၆ တွင် နိုင်ငံသားစိစစ်ရေးကတ်၊ အလုပ်သမားမှတ်ပုံတင်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း (မိမိနေထိုင်သည့် ရပ်ကွက်/ရဲစခန်း) ထောက်ခံချက်များ၊ ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်၊ ဓာတ်ပုံ(၃)ပုံနှင့် ယာဉ်မောင်းလိုင်စင်တင်ပြ၍ ကိုယ်တိုင်ထုတ်ယူနိုင်ပြီး ၂၃-၆-၂၀၁၄ရက် နောက်ဆုံးထားလျှောက်လွှာတင်ရပါမည်။

ပြည်သူ့အင်အားဦးစီးဌာန

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၅၀၇၊ အလျား ပေ ၄၀× အနံပေ၆၀ဟုခေါ်တွင်သော ပါမစ်မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဒေါ်နန်းရွှေရင် ၁၃/မကန(နိုင်) ၀၁၈၄၅၈ ထံမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ သုံးရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မော်မော်ခင် (တရားလွှတ်တော်ရှေ့နေ) ဒေါ်ဖြူစင်သန့် (အထက်တန်းရှေ့နေ)

အမှတ် ၅၀၊ ပထမထပ်၊ အခန်း အီး(၉)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆၊ ၀၉-၄၂၁၀၉၁၀၃၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ပိန္နဲကုန်းကျေးရွာ ကွင်းအမှတ် ၂၇၉/A ပေါ်ရှိ ဦးပိုင် ၄၅/၃ ဧရိယာ ၁၃ဒသမ၅၈ဧက၊ ဦးပိုင် ၁၅/၁ ဧရိယာ ၁၁ဒသမ၇၈ဧက၊ ဦးပိုင် ၁၄/၁ ဧရိယာ ၃ဒသမ၉၈ဧက၊ ဦးပိုင် ၁၆/၂ ဧရိယာ ၁၃ဒသမ၆၂ ဧက၊ စုစုပေါင်း ၄၂ဒသမ၉၆ဧကသည် လန(၃၉)ကျပြီး ငါးမွေးမြူရန် လိုင်စင်ခွန်ဆောင်ထားပြီးသောမြေများဖြစ်သဖြင့် ပိုင်ရှင်ဖြစ်သူ ဦးဝမ်း TTE-008763 ထံမှ ဦးမျိုးဝင်း ၁၂/အလန(နိုင်)၀၁၈၂၃၆ က ကွမ်းခြံကုန်းမြို့နယ် စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၅၁/၉၇နှင့် ၅၂/၉၇ကို ချုပ်ဆို၍ အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ ယခုအခါ ပိုင်ဆိုင်မှုအမည်ပြောင်းခြင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် မြေညီအမှတ် ၅၈၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်းခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ရွှေဇင်အိ LL.B အထက်တန်းရှေ့နေ (စဉ်-၄၃၀၆၄)

တိုက် ၃၉၀/၄၊ စက်မှု ၁လမ်း၊ ဗဟန်းမြို့နယ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ရှုခင်းသာလမ်း၊ အမှတ်(၁၀၃၃/ခ)၊ အကျယ်အဝန်း (၁၇ပေ×ပေ၆၀) မြေနှင့်မြေပေါ်တွင် ဆောက်လုပ်ထားသော RC တစ်ထပ်တိုက်နှင့်မြေကို ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်မာသောတရားဝင်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာဖော်ပြပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဇင်နှင်းလွင် LL.B, Dip in Eng (Seameo), D.B.L အထက်တန်းရှေ့နေ

အမှတ် ၅၇၇၊ ရတနာသီရိလမ်း၊ ဆ/ကရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၉၂၃၂၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၁၁-ခ)နှင့် (၅၁၉-က)၊ လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စု၊ ကွင်းအမှတ်(၉၈၇)၊ ကလီထော်အနောက်ကျေးရွာအုပ်စု ကွင်းအမှတ်(၉၇၇)တို့တွင်ရှိသော အထူးဇုန် (၂)၊ မြေကွက်အမှတ်(၅၄၇-ဘီ)၊ အကျယ်(၁ယူနစ်)၊ ၅ ဧကနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်အပါအဝင် အကျိုးခံစားခွင့်အားလုံးအား တရားဝင်လက်ဝယ်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နန်းဆီဖောင်း ၁၃/ကတန(နိုင်)၀၀၃၃၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်နောက်ပိုင်းတွင် ဥပဒေနှင့်အညီ တရားဝင်စာချုပ်စာတမ်းများကို တရားဝင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မိုးမိုးအေး LL.B, D.B.L,D.M.L,D.I.L,

WIPO,DL-101 Switzerland (စဉ်-၈၅၅၈) (တရားလွှတ်တော်ရှေ့နေ)

အမှတ် ၁၁၇၆ (လေးလွှာ/ဘီ)၊ သမာဓိလမ်း၊ မေတ္တာညွန့်၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၅၃၅၈၂၇၀

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အမြို့မြို့အနယ်နယ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှု

ဇွန် ၇ ရက်က တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း တစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်းထုတ်ပြန်ရာ အထက(၁)ကြည့်မြင်တိုင်၌ ကျောင်းသား ကျောင်းသူများ တိုးဝေ့ကြည့်ရှုနေကြစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ကြည့်မြင်တိုင်

ကြည့်မြင်တိုင်မြို့နယ်တွင် ဖြေဆိုသူပေါင်း ၁၁၃၆ ဦးရှိပြီး အောင်မြင်သူ ၃၈၄ ဦးရှိရာ အောင်ချက် ရာခိုင်နှုန်းမှာ ၃၃ ဒသမ ၈၀ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

တင်ဝင်းလေး (ကြည့်မြင်တိုင်)

ဆော

ဆောမြို့နယ်တွင် ဖြေဆိုသူပေါင်း ၁၅၆၇ ဦးရှိပြီး အောင်မြင်သူ ၃၈၉ ဦးရှိရာ အောင်ချက်ရာခိုင်နှုန်းမှာ ၂၄ ဒသမ ၈၂ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

(၁၀၁)

ဖျာပုံ

ဖျာပုံမြို့နယ်တွင် ဖြေဆိုသူပေါင်း ၂၈၄၄ ဦးရှိပြီး အောင်မြင်သူ ၁၁၇၅ ဦးရှိရာ အောင်ချက်ရာခိုင်နှုန်းမှာ ၄၁ ဒသမ ၃၂ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

သပြေထွန်း

ရမည်းသင်း

ရမည်းသင်းမြို့နယ်တွင် ဖြေဆိုသူပေါင်း ၂၁၄၉ ဦးရှိပြီး အောင်မြင်သူ ၆၂၀ ဦးရှိရာ အောင်ချက်ရာခိုင်နှုန်းမှာ ၂၈ ဒသမ ၈၅ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

(၀၁၁)

တပ်ကုန်း

တပ်ကုန်းမြို့နယ်တွင် ဖြေဆိုသူပေါင်း ၂၇၄၄ ဦးရှိပြီး အောင်မြင်သူ ၆၅၉ ဦးရှိရာ အောင်ချက်ရာခိုင်နှုန်းမှာ ၂၄ ဒသမ ၀၂ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

မောင်လွင်

ပူတာအို

ပူတာအိုမြို့နယ်တွင် ဖြေဆိုသူပေါင်း ၉၇၅ ဦးရှိပြီး အောင်မြင်သူ ၁၃၉ ဦးရှိရာ အောင်ချက်ရာခိုင်နှုန်းမှာ ၁၄ ဒသမ ၂၆ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

ဖုန်ကုန်(ပူတာအို)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၈-၆-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၅၅၀၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၁၁၀၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၅၃၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newdayစက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၆၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၁၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၂၀၀-၃၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၂၈၀၀-၃၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	ကျပ် ၅၆၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၃၀၀၀
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၆၈၀၀-၉၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၀၀၀၀-၂၀၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၅၀၀၀
၈။	ကြက်	တစ်ပိဿာ	ကျပ် ၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	ကျပ် ၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	ကျပ် ၉၀၀၀-၁၅၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၅၀၀
၁၂။	ဘဲ	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၇၀-၉၇၈
ဥရောပ	တစ်ယူရို	ကျပ် ၁၃၃၀-၁၃၃၅
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၇၀-၇၇၈
ထိုင်း	တစ်ဘတ်	ကျပ် ၃၁.၅-၃၀.၈
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၅.၂-၁၆
တရုတ်	တစ်ယွမ်	ကျပ် ၁၅၇-၁၆၅
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၈-၃၀၅

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။

မီးသတ်ယာဉ်နှင့်ရေသယ်ယာဉ်လှူဒါန်းပွဲ ဖားကန့်၌ကျင်းပ

ဖားကန့် ဇွန် ၈

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့ မရှိကထောင်ရပ်ကွက်တွင် မီးသတ်ယာဉ်နှင့်ရေသယ်ယာဉ် နှစ်စီးလှူဒါန်းပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို ဇွန် ၇ ရက် နံနက် ၁၀နာရီက မရှိကထောင် အလကခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖရောင်းဂမ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ယုနှင့် ကော်မတီဝင်များ၊ မြို့နယ် အရန်မီးသတ်ဒုတပ်ရင်းမှူး ဦးကျော်ဝင်းဆွေ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုဦးစီးမှူး ဦးဘမြင့်နှင့် အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ယုက အမှာစကားပြောကြားပြီး မရှိကထောင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဖိုးဆေးက မီးသတ်ယာဉ်၊ ရေသယ်ယာဉ်များနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့ရသည့် လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လှူဒါန်းသည့် မီးသတ်ယာဉ်(1H.2771)နှင့် ရေသယ်ယာဉ်(5G.7870) တို့ကို ဂျပန်နိုင်ငံမှ ဖားကန့်အထိ အကျိုးဆောင်ရွက်ခဲ့သူ ဦးတင်စိုးဝင်းနှင့် ဦးအောင်ဝင်းတို့က လိုင်စင်စာအုပ်နှင့် စာရွက်စာတမ်းများကို အလှူရှင်များကိုယ်စား ပေးအပ်လှူဒါန်းရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဖိုးဆေးက လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရေသယ်ယာဉ်အလှူရှင် ဦးတင်မြင့်ဝင်း၊ ဒေါ်ခင်မာအေး (ရွှေမြန်မာ စက်သုံးဆီရောင်းဝယ်ရေးမိသားစု)၊ သိန်း ၇၀ အလှူရှင် ရတနာ ဆင်သီရိကုမ္ပဏီမှ တာဝန်ခံနှင့် စုပေါင်းအလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုလွှာများ ချီးမြှင့်ခဲ့ကြပြီး ရပ်ကွက်ပြည်သူများ၏ ကိုယ်စား၊ ရပ်မိရပ်ဖ ဦးရုံးကွေက ကျေးဇူးတင်စကားပြောကြားသည်။

စိုးနိုင်ဦး(ဖားကန့်)

မျက်စိဝေဒနာရှင်များအားအခမဲ့ကုသပေးမည်

ရန်ကုန် ဇွန် ၈

မျက်စိဝေဒနာရှင်များအတွက် ရန်ကုန် အနောက်ပိုင်းဆေးရုံကြီးတွင် အခမဲ့တာဝန်ယူခွဲစိတ်ကုသပေးမည်ဆိုသော ကြေညာချက်စာတန်းဗီနိုင်းများကို ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ် ရပ်နားစခန်းအတွင်း မြင်တွေ့ရကြောင်း ပွဲရုံဝင်းအတွင်းသို့ လာရောက်ဈေးဝယ်ယူသူများက ဆိုသည်။ ၂၀၁၄ ခုနှစ် ဇွန်လအတွင်း မျက်စိဝေဒနာရှင်ဦးရေ ၁၀၀ ကို အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းက အခမဲ့တာဝန်ယူခွဲစိတ်ကုသပေးမည်ဖြစ်ပါသဖြင့် ခွဲစိတ်ကုသလိုသော မျက်စိဝေဒနာရှင်များအနေဖြင့် အဆိုပါအသင်း၏ အခမဲ့ဆေးခန်းတည်ရှိရာ ခရေလမ်းတွင် စာရင်းပေးသွင်းနိုင်သည်ဟု ဖော်ပြထားကြောင်း သိရသည်။

စာရင်းပေးသွင်းသူ ခွဲစိတ်ကုသရမည့်ဝေဒနာရှင်ဦးရေ ၁၀၀ ထက်ပိုမိုပါကလည်း အသင်းမှတာဝန်ရှိသူများအနေဖြင့် လက်ခံခွဲစိတ်ကုသပေးသွားမည်ဟုဆိုသည်။ ယခုအခါ မြန်မာပြည်တစ်ဝန်း အခမဲ့မျက်စိဝေဒနာရှင် ခွဲစိတ်ကုသပေးခြင်းများကို စေတနာ့ဝန်ထမ်းလူမှုအဖွဲ့အစည်း အများအပြားမှ ဆောင်ရွက်ပေးနေချိန်တွင် ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လူမှုအဖွဲ့အစည်းအနေဖြင့်လည်း ပါဝင်ဆောင်ရွက်ခြင်းဖြစ်ရာ မည်သူမဆို ခွဲစိတ်ကုသမှုခံယူရန် စာရင်းပေးနိုင်သည်ဟု တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ခင်ဆိုင်

၂၇-၅-၂၀၁၂ ရက်တွင် ထုတ်ဝေခဲ့သော မြန်မာ့အလင်းသတင်းစာကြော်ငြာ စာမျက်နှာ(၃)နှင့် ကြေးမုံသတင်းစာကြော်ငြာ စာမျက်နှာ(၃)တို့တွင်ပါရှိသည့် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်ဝင်းအတွင်းရှိ GOSSIP BAR (ယခင် STREET BAR) စားသောက်ဆိုင်နှင့်ပတ်သက်၍ ဦးဖြိုးသူ(ခ)ချိုဖြိုး ပါ(၄)ဦးတို့အပေါ် ကြေညာထားချက်များအား ပြန်လည်ဖြေရှင်းအသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်များဖြစ်ကြသော (၁)ဦးဖြိုးသူ(ခ)ချိုဖြိုး ၁၂/ဗဟန(နိုင်)၀၉၅၂၀၃၊ (၂)ဦးနေသာလင်း ၁၂/မဂတ(နိုင်)၀၈၉၈၅၅၊ (၃)ဦးကျော်မင်းသန်း ၁၂/ကတတ(နိုင်)၀၂၉၂၀၉၊ (၄)ဦးသက်နိုင်မင်း ၁၂/ပဘတ(နိုင်)၀၃၁၃၂၉ တို့၏ ညွှန်ကြားချက်အရ အထက်ဖော်ပြပါ ကြေညာထားချက်နှင့်ပတ်သက်ပြီး-

၁။ ဦးအောင်ကျော်ဖြိုး ၁၂/တမန(နိုင်)၁၀၀၁၃၆၊ ၂။ ဦးသက်မျိုး ၁၂/သဃက(နိုင်)၀၀၀၁၇၂၊ ၃။ ဦးထွန်းလင်းသောင်း ၁၂/ကမရ(နိုင်)၀၁၀၆၇၁ တို့နှင့် အများသိသာနိုင်ရန် အောက်ပါအတိုင်း ပြန်လည်ဖြေရှင်း အသိပေးကြေညာလိုက်ပါသည်။

၁။ ကျွန်ုပ်တို့အမှုသည်များသည် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၏ ခြံဝင်းအတွင်းတွင် စားသောက်ဆိုင်ဖွင့်လှစ်လုပ်ကိုင်ရန်အတွက် ၁-၁၂-၂၀၁၁ ရက်မှ ၃၀-၁၁-၂၀၁၄ရက်အထိ (၃)နှစ်ကာလ ငှားရမ်းပြီး STREET BAR အမည်ရှိ စားသောက်ဆိုင်ကို ဖွင့်လှစ်လုပ်ကိုင်ခဲ့သူများဖြစ်ပါသည်။

၂။ ထိုသို့ (၂)နှစ်ကျော်ခန့်လုပ်ကိုင်ခဲ့ပြီးနောက်တွင် ဦးအောင်ကျော်ဖြိုး၊ ဦးသက်မျိုး၊ ဦးထွန်းလင်းသောင်းတို့သုံးဦးက ကျွန်ုပ်တို့အမှုသည်များ လုပ်ကိုင်နေသည့် စားသောက်ဆိုင်လုပ်ငန်းကို ၄င်းတို့အလွန်စိတ်ဝင်စားသဖြင့် ပူးပေါင်းပါဝင်လုပ်ကိုင်လိုကြောင်း ကျွန်ုပ်တို့အမှုသည်များ လက်ရှိလုပ်ကိုင်နေသော (STREET BAR)လုပ်ငန်း၊ အဆောက်အအုံနှင့်ပစ္စည်းပစ္စယအားလုံးကို ကျွန်ုပ်တို့အမှုသည်များကစိုက်၍ ဦးအောင်ကျော်ဖြိုး ပါ(၃)ဦးတို့က ၄င်းတို့ငွေကြေးဖြင့် လုပ်အားစိုက်ထုတ်ကာ (၁၁)လတာကာလ အကျိုးတူလုပ်ကိုင်ဆောင်ရွက်သွားကြလိုကြောင်း ကမ်းလှမ်းပြောဆိုခြင်းကြောင့် သဘောတူလက်ခံခဲ့ပြီး **GOSSIP BAR** ဟူသည့် အမည်ဖြင့် အကျိုးတူ ပူးပေါင်းလုပ်ကိုင်ခဲ့ခြင်းဖြစ်ပါသည်။

၃။ ထိုသို့အကျိုးတူ ပူးပေါင်းလုပ်ကိုင်ရာ၌ ငွေကြေးစာရင်းဇယားနှင့်ပတ်သက်၍ တစ်ဖက်နှင့်တစ်ဖက် အထင်အမြင်လွဲမှားမှုကင်းစေရန် ဦးအောင်ကျော်ဖြိုး ပါ(၃)ဦးက ဆိုင်ပိုင်ရှင် ဦးဖြိုးသူ ပါ(၄)ဦးအပေါ် လစဉ်ပုံသေ အကျိုးအမြတ်အဖြစ် ကျပ်သိန်း ၈၀နှုန်းသတ်မှတ်၍ ပူးပေါင်းလုပ်ကိုင်သည့်ကာလ (၁၁)လအတွက် ကြိုတင်ရယူခံစားပါရန် အဆိုပြုလာချက်အား နှစ်ဦးနှစ်ဖက်သဘောတူကြပြီး ၂-၁-၂၀၁၄ရက်စွဲပါ လုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်းသဘောတူစာချုပ်ကို ချုပ်ဆိုဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါသည်။ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၏ စည်းမျဉ်းစည်းကမ်းများကိုလည်း ၄င်းတို့အား အတိအလင်းအသိပေးခဲ့ပါသည်။

၄။ ထိုသို့အကျိုးတူပူးပေါင်းလုပ်ကိုင်ရာတွင် ကျွန်ုပ်တို့အမှုသည်များကသာ မိမိတို့ပိုင်ဆိုင်သည့်လုပ်ငန်းနှင့်တကွ ပစ္စည်းပစ္စယအလုံးစုံကို ဦးအောင်ကျော်ဖြိုး ပါ(၃)ဦးတို့ကို ယုံမှတ်အပ်နှံခြင်းဖြစ်ပါသည်။ ၄င်းတို့က ကျွန်ုပ်တို့အမှုသည်များအား မည်သည့်ငွေကြေး ပစ္စည်းတစ်စုံတစ်ရာကိုမျှ အပ်နှံထားခြင်း အလျဉ်းမရှိပါ။

၅။ ဖော်ပြပါလုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်းသဘောတူစာချုပ်၏ အပိုဒ်-၅(ခ)တွင် လုပ်ငန်းကို ပူးပေါင်းပါဝင်လုပ်ကိုင်လာကြသူများဖြစ်ကြသော ဦးအောင်ကျော်ဖြိုး ပါ(၃)တို့က မြရိပ်ညိုရှိုင်ရယ်ဟိုတယ်နှင့် နိုင်ငံတော်မှ ချမှတ်ပေးထားသောစည်းကမ်းချက်များ၊ ညွှန်ကြားချက်များ၊ နိုင်ငံတော်၏ဥပဒေများအတိုင်း လိုက်နာကြရန်ဟူ၍ သဘောတူဝန်ခံကတိပြုထားကြပါသည်။

၆။ ထို့ပြင် လုပ်ငန်းပိုင်ရှင်ဖြစ်သော ကျွန်ုပ်တို့အမှုသည်များ၏ အမည်၊ ဂုဏ်သိက္ခာနှင့် နာမည်ပျက်ပြားထိခိုက်စေသော အပြုအမူများကို ၄င်းတို့က မပြုလုပ်ပါဟုလည်း အပိုဒ်-၅(စ)တွင် ဝန်ခံကတိပြုထားကြပါသည်။ သို့ပါလျက် ကျွန်ုပ်တို့အမှုသည်များနှင့် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်အကြား ချုပ်ဆိုထားသော စာချုပ်ပါစည်းကမ်းချက်များအား ကျွန်ုပ်တို့အမှုသည်များက ၄င်းတို့အပေါ် မရိုးဖြောင့်သောသဘော(Dishonesty)ဖြင့် ထိမ်းချန်ထားကြောင်း ဖော်ပြစွပ်စွဲချက်သည် ကျွန်ုပ်တို့၏အမှုသည်များ၏ လုပ်ငန်းနှင့်ဂုဏ်သိက္ခာကို တမင်လုပ်ကြံ စော်ကားဖော်ပြချက်ဖြစ်နေကြောင်း သတိပေးအပ်ပါသည်။

၇။ ဦးအောင်ကျော်ဖြိုးပါ (၃)တို့သည် ဖော်ပြပါလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ်ပါ ကတိပဋိညာဉ်အပိုဒ်-၅(ခ)နှင့် ၅(စ)တို့ကို ဆန့်ကျင်ကြပြီး ကျွန်ုပ်တို့၏အမှုသည်များကို အသိပေးခြင်းအလျဉ်းမရှိဘဲ၊ Hottest Party 2014 ဟူသည့်ပါတီပွဲကို ကျင်းပရန် ၂ နာရီအလိုတွင်မှ ၄င်းတို့၏မန်နေဂျာက ဖုန်းဆက်သဖြင့် သိရပြီး ဖြေရှင်းမရဖြစ်ခဲ့ရပါသည်။

၈။ ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့အမှုသည်များအား ဖုန်းဖြင့်ဆက်သွယ်အသိပေးသည်ဟုဖော်ပြချက်သည် မမှန်မကန်ဖော်ပြချက်ဖြစ်ပြီး မြရိပ်ညိုဟိုတယ်က ၄င်းတို့အား တရားဝင်စာဖြင့် ကြိုတင်တားမြစ်သည့်ကိစ္စကိုလည်း ကျွန်ုပ်တို့အမှုသည်များကို လုံးဝအသိမပေးဘဲ မရိုးမသားဆန့်ကျင်ဆောင်ရွက်ခဲ့ကြခြင်းသာဖြစ်ပါသည်။

၉။ ဦးအောင်ကျော်ဖြိုး-ပါ(၃)ဦးတို့၏ အထက်ပါကဲ့သို့ ကတိပဋိညာဉ်ကို တမင်ကျူးလွန်ဖောက်ဖျက်ဆောင်ရွက်မှုများကြောင့် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်က ကျွန်ုပ်တို့အမှုသည်များ အဆိုပါဟိုတယ်ဝင်းအတွင်း ဆိုင်ဖွင့်လှစ်ရောင်းချလုပ်ကိုင်ခွင့် အငှားပဋိညာဉ်ကို ဖျက်သိမ်းမှုပြုလိုက်ရာ ကျွန်ုပ်တို့အမှုသည်များတွင်များစွာသော ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။

၁၀။ သို့ဖြစ်ပါ၍ ဦးအောင်ကျော်ဖြိုး၊ ဦးသက်မျိုးနှင့်ဦးထွန်းလင်းသောင်းတို့အနေဖြင့် ၄င်းတို့၏ရှေ့နေမှတစ်ဆင့် ကြေညာခဲ့သော ၂၇-၅-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာစာမျက်နှာ(၃)နှင့် ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ(၃)တို့ပါ ကြေညာချက်များသည် မှန်ကန်မှုမရှိပါကြောင်းနှင့် ထိုမမှန်ကန်သည့်အကြောင်းများဖြင့် တရားစွဲဆိုခဲ့လျှင်လည်း ဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းရန် အသင့်ဖြစ်ကြောင်း ဖြေရှင်းအသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးမျိုးဟန် (စဥ်-၁၇၅၁)

ဒေါ်ခင်အေးနွဲ့ (စဥ်-၆၇၁၁)

ဒေါ်တင်တင်ဌေး (စဥ်-၈၂၉၅)

(တရားလွှတ်တော်ရှေ့နေများ)

အမှတ် ၁၉၆၊ ပ-ထပ်၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကြော်ငြာ

နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့

အခြေခံပညာကျောင်းအသီးသီးမှ စတုတ္ထတန်း၊ အဋ္ဌမတန်းနှင့် ဒသမတန်းအောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်လက်မတက်ရောက်နိုင်သောကလေးများနှင့် လူငယ်များ၊ မြန်မာစာ ရေးတတ်၊ ဖတ်တတ်အဆင့်ရှိ ကလေးများနှင့် လူငယ်များအနေဖြင့် အစိုးရဝန်ကြီးဌာနအသီးသီးမှဖွင့်လှစ်သော နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများကို တက်ရောက်သင်ယူနိုင်သည့် အခွင့်အလမ်းများရှိပါသည်။ အချို့သောဝန်ကြီးဌာနများတွင် Mobile Vocational Training Unit များလည်း ဖွဲ့စည်းထားရှိပါသည်။

Mobile Vocational Training Unit များသည် ဒေသခံပြည်သူများ၏ ဒေသအလုပ်အကိုင်လိုအပ်ချက်နှင့်အညီ သင်ကြားပေးစေလိုသည့်ဘာသာရပ်၊ သင်တန်းအမျိုးအစားဖြင့် သက်ဆိုင်ရာမြို့နယ်မှ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့်တောင်းဆိုပါက အနည်းဆုံးသင်ယူလိုသူ ၃၀ဦးထက်မနည်း စုစည်းပေးနိုင်မည်ဆိုလျှင် သက်ဆိုင်ရာဌာနမှ ယင်း Mobile Vocational Training Unit အဖွဲ့များ စေလွှတ်၍ သင်ကြား လေ့ကျင့်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အစိုးရဝန်ကြီးဌာန အသီးသီးအနက်မှ အောက်ဖော်ပြပါ ဝန်ကြီးဌာနများအနေဖြင့် ယှဉ်တွဲပါဇယားအရ အမည်ဖော်ပြထားသော သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိရာ တက်ရောက်သင်ကြားလိုသူများအနေဖြင့် သက်ဆိုင်ရာသင်တန်းကျောင်း (သို့မဟုတ်) အောက်ဖော်ပြပါနေရာဌာန ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အထူးလုပ်ငန်းအဖွဲ့-၀၁-၅၅၅၈၂၄၊ ၀၁-၅၄၂၈၇၃(ရန်ကုန်)
(သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)- ဖုန်း-၀၆၇-၄၀၄၅၀၅၊ ၀၆၇-၄၀၄၅၀၆(နေပြည်တော်)
နယ်စပ်ရေးရာဝန်ကြီးဌာန- ဖုန်း-၀၉-၈၅၂၀၃၄၄
စက်မှုဝန်ကြီးဌာန- ဖုန်း-၀၆၇-၄၀၅၁၇၃
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဖုန်း-၀၉-၂၅၀၂၈၂၂၁၀

နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရေး မြှင့်တင်မှု အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ ဝန်ကြီးဌာနအသီးသီးအလိုက် ဖွင့်လှစ်ပို့ချလျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများ

စဉ်	ဝန်ကြီးဌာန	သင်တန်းကျောင်းအမည်/လိပ်စာ	ဖွင့်လှစ်နေသောသင်တန်းများ	သင်တန်းသားအရည်အချင်း	သင်တန်းကာလ	သင်တန်းကြေး	စားစရိတ်	အဆောင်	မှတ်ချက်
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)	(၁၀)
၁။	နယ်စပ်ရေးရာဝန်ကြီးဌာန	အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊မောင်တောမြို့	၁။အခြေခံအိမ်တွင်းသင်တန်း ၂။အဆင့်မြင့်စက်ချုပ်သင်တန်း	ရေး၊ ဖတ်၊ အတွက် ကျွမ်းကျင်ရမည်။ အခြေခံအိမ်တွင်းမှုသင်တန်းတက်ရောက်ပြီးသူများကိုသာလက်ခံသင်ကြားပေးပါသည်။	ရက်သတ္တ ၁၄ပတ်	အခမဲ့	မိမိအစီအစဉ်	မိမိအစီအစဉ်	
၂။	စက်မှုဝန်ကြီးဌာန	စက်မှုသင်တန်းကျောင်း(ဆင်တဲ)၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဆင်တဲစက်မှုနယ်မြေ	၁။စက်ကိရိယာ ကိုင်တွယ်မောင်းနှင်မှုသင်တန်း ၂။ကိရိယာနှင့်ပုံနှိပ်ပုံပြုလုပ်သူသင်တန်း ၃။စက်ရုံပစ္စည်းဖစ်တာသင်တန်း ၄။မော်တော်ယာဉ်မက္ကင်းနစ်သင်တန်း ၅။လျှပ်စစ်ပညာသည်သင်တန်း ၆။လျှပ်စစ်ပစ္စည်းထုတ်လုပ်သူသင်တန်း ၇။သွန်းလောင်းပုံသွင်းပုံစံထုတ်လုပ်သူသင်တန်း ၈။စက်မှုပုံဆွဲသင်တန်း	၁၀တန်းဖြေဆိုဖူးသူ ။ ။ ။ ။ ။ ။ ။	၁နှစ် ။ ။ ။ ။ ။ ။ ။	အခမဲ့ ။ ။ ။ ။ ။ ။ ။	၁၇၀၀၀ိ/- ။ ။ ။ ။ ။ ။ ။		
၃။	စက်မှုဝန်ကြီးဌာန	စက်မှုသင်တန်းကျောင်း(မန္တလေး) မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ဒေါနဘွားရပ်	၁။ စက်မှုပုံဆွဲသင်တန်း ၂။ စက်ခုတ်စားမှုစက်ကိရိယာများ ကိုင်တွယ်မောင်းနှင်မှုသင်တန်း ၃။ ကွန်ပျူတာသုံး စက်ခုတ်စားမှု စက်ကိရိယာများကိုင်တွယ်မောင်းနှင်မှုသင်တန်း ၄။ လျှပ်စစ်ပညာသည်သင်တန်း ၅။ ကွန်ပျူတာနှင့်ကွန်ပျူတာသုံးဒီဇိုင်းထုတ်လုပ်မှုသင်တန်း ၆။ ဂဟေဆက်ခြင်း၊ မျက်နှာပြင်အရောင်တင်ခြင်းနှင့်အမာတင်သင်တန်း	၁၀ တန်းဖြေဆိုဖူးသူ ။ ။ ။ ။ ။	၁နှစ် ။ ။ ။ ။ ။	အခမဲ့ ။ ။ ။ ။ ။	၁၇၀၀၀၀ ။ ။ ။ ။ ။		
၄။	စက်မှုဝန်ကြီးဌာန	စက်မှုသင်တန်းကျောင်း(သာဂရ)	၁။ စက်ရုံပစ္စည်းပညာသင်တန်း ၂။ ကွန်ပျူတာသုံး ဒီဇိုင်းထုတ်လုပ်သူသင်တန်း ၃။ လျှပ်စစ်ပညာသည်သင်တန်း ၄။ အီလက်ထရောနစ်ပညာသည်သင်တန်း ၅။ သံရည်ကျိုလုပ်သားသင်တန်း	၁၀ တန်းဖြေဆိုဖူးသူ ။ ။ ။ ။	၁နှစ် ။ ။ ။ ။		၁၇၀၀၀၀ ။ ။ ။ ။		
၅။	စက်မှုဝန်ကြီးဌာန	စက်မှုသင်တန်းကျောင်း(ပခုက္ကူ)	၁။ တွင်ခုံကိုင်တွယ်မောင်းနှင်မှုသင်တန်း ၂။ ကြိတ်ခုံကိုင်တွယ်မောင်းနှင်မှုသင်တန်း ၃။ ကွန်ပျူတာသုံးစက်ခုတ်စားမှုစက်ကိရိယာများ ကိုင်တွယ်မောင်းနှင်မှုသင်တန်း ၄။ စက်ရုံလျှပ်စစ်ပညာသည်သင်တန်း ၅။ အီလက်ထရောနစ်စက်ပြင်သင်တန်း ၆။ အမာတင်လုပ်ငန်းလုပ်သား သင်တန်း ၇။ မော်တော်ယာဉ် မက္ကင်းနစ်သင်တန်း ၈။ သံထည်နှင့်သံဂဟေဆက်လုပ်သားသင်တန်း ၉။ TIG/MIG သံဂဟေဆက်လုပ်သား သင်တန်း	၁၀ တန်းဖြေဆိုဖူးသူ ။ ။ ။ ။ ။ ။ ။	၁နှစ် ။ ။ ။ ။ ။ ။ ။	အခမဲ့ ။ ။ ။ ။ ။ ။ ။	၁၇၀၀၀၀ ။ ။ ။ ။ ။ ။ ။		
၆		စက်မှုသင်တန်းကျောင်း(မကွေး)	၁။ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုသင်တန်း ၂။ ကွန်ပျူတာသုံးဒီဇိုင်းထုတ်လုပ်မှုသင်တန်း	၁၀တန်းဖြေဆိုဖူးသူ ။	၁နှစ် ။	အခမဲ့ ။	၁၇၀၀၀၀ ။		
၇		စက်မှုသင်တန်းကျောင်း(မြင်းခြံ)	၁။ စက်ရုံဖစ်တာသင်တန်း ၂။ တွင်ခုံ/ကြိတ်ခုံကိုင်တွယ်မောင်းနှင်မှုသင်တန်း ၃။ မိုနှင့်ဒိုင်ပြုလုပ်မှုသင်တန်း ၄။ ကွန်ပျူတာသုံးစက်ခုတ်စားမှုစက်ကိရိယာ ကိုင်တွယ်မောင်းနှင်မှုသင်တန်း ၅။ သံထည်နှင့်ဂဟေဆက်လုပ်သားသင်တန်း ၆။ သံရည်ကျိုလုပ်သားသင်တန်း ၇။ စက်ရုံလျှပ်စစ်ပညာသည်သင်တန်း ၈။ အီလက်ထရောနစ်စက်ပြင်သင်တန်း	၁၀တန်းဖြေဆိုဖူးသူ ။ ။ ။ ။ ။ ။ ။	၁နှစ် ။ ။ ။ ။ ။ ။ ။	အခမဲ့ ။ ။ ။ ။ ။ ။ ။	၁၇၀၀၀၀ ။ ။ ။ ။ ။ ။ ။		
၈		ဘွိုင်လာစစ်ဆေးရေးသင်တန်း အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း၊ရန်ကုန်မြို့	၁။ ဘွိုင်လာကိုင်တွယ်သူများသင်တန်း ၂။ ဘွိုင်လာကျွမ်းကျင်မှု အထူးသင်တန်း	၁၀တန်းဖြေဆိုဖူးသူ ၈တန်းအောင်	ရက်သတ္တ(၆)ပတ် ရက်သတ္တ(၆)ပတ်	အခမဲ့ အခမဲ့	၁၇၀၀၀၀ ။		

နိုင်ငံတကာအားကစားနှင့် ကျော်ကြား

ကစားသမားအဝင်အထွက်များမယ့် မန်ယူ

မိုးမြင့်လင်းလက်

ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် တစ်ကမ္ဘာလုံးပရိသတ်တွေစိတ်ဝင်စားနေချိန်မှာ ကလပ်အသင်းတွေကလည်း ပြိုင်ပွဲတွေပြီးဆုံးလို့အင်အားဖြည့်တင်းမှုတွေ၊ ကြိုတင်ပြင်ဆင်မှုတွေ၊ ခြေစမ်းပွဲကစားဖို့တွေနဲ့ အစီအစဉ်အပြည့်ဖြစ်နေပါတယ်။ အထူးသဖြင့် မန်ယူအသင်းကတော့ နည်းပြသစ်နဲ့အတူ လူသစ်ခေါ်ယူဖို့ စတင်ပြင်ဆင်နေပြီ ဖြစ်ပါတယ်။

မန်ယူနည်းပြသစ်ဖြစ်လာတဲ့ လူးဝစ်ဗန်ဂေါလ်ဟာ ပြိုလဲလုမတတ်ဖြစ်နေတဲ့ မန်ယူရဲ့ခြေစွမ်းပြန်လည်ထက်မြက်ဖို့အတွက် အသုံးစရိတ် ပေါင်သန်း ၂၂၀ အထိ ရှိမယ်လို့ ဆိုထားတာမို့ ဒီငွေကြေးကိုကိုင်ပြီး ကစားသမားရှာပုံတော်ဖွင့်ဖို့ စတင်နေပြီဖြစ်ပါတယ်။

လောလောဆယ်မှာ မန်ယူရဲ့ပစ်မှတ်တွေကတော့ ဖာဘရီဂတ်စ်၊ ကိုကီ၊ ကီဗင်စထရုမန်း၊ မတ်ဟမ်မဲလ်နဲ့ မီရန်ဒါတို့ပဲဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီကစားသမားတွေက ထိပ်တန်းအသင်းတွေက အပြိုင်စိတ်ဝင်စားနေကြတာမို့ ခက်ခဲမယ့်အနေအထားရောက်ရှိဖွယ် ဖြစ်နေပါတယ်။

ဖာဘရီဂတ်စ်ဟာ အသက်အရွယ်အရ အကောင်းဆုံး အနေအထားမဟုတ်ပေမယ့် ကွင်းလယ်ပိုင်းလုပ်အားနှုန်းက မန်ယူကိုအကျိုးပြုနိုင်တဲ့ ခြေစွမ်းရှိနေဆဲပါပဲ။ သတင်းတွေအရ ဘာစီလိုနာကနေ ပေါင်သန်း ၃၀ ရရင် ရောင်းဖို့ရှိနေတာမို့ မန်ယူကခေါ်ဖို့ စိတ်ဝင်စားနေခြင်းဖြစ်ပါတယ်။ ဖာဘရီဂတ်စ်ကတော့ ပရီမီယာလိဂ်ကို တစ်ကျော့မပြန်လိုတော့ဘူးလို့ဆိုပေမယ့် မန်ယူဆိုရင် အပြောင်းအလဲဖြစ်သွားနိုင်ပါတယ်လို့ ဆိုနေပါတယ်။

နောက်ပြီး ယူကရိန်းကလပ် ဒီနီပရိုအသင်းမှ ကွင်းလယ်လူ ကိုနိုပလာရန်ကာကိုလည်း ခေါ်ယူဖို့ မန်ယူတို့ ပစ်မှတ်ထားနေပြန်ပါတယ်။ ဒီနီပရိုအသင်းကလည်း ပေါင် ၁၂ သန်းနဲ့ ရောင်းချဖို့သဘောတူလုနီးပါး ဖြစ်နေတာကြောင့် မန်ယူရဲ့ ကွင်းလယ်အားကိုဖြည့်ဆည်းနိုင်ဖို့ အခြေအနေကောင်းတွေဖြစ်ပေါ်နေပါတယ်။

ပြင်သစ်တင်းနစ်ဖလား ရှာရာပိုဗာ ဒုတိယအကြိမ်ဆွတ်ခူး

ကောင်းမြတ်သူ
စုစည်းသည်

ပြင်သစ်အိုးပင်းတင်းနစ် ဗိုလ်လုပွဲတွင် နာမည်ကြီး ရှာရာပိုဗာက ရိုမေးနီးယားမှ ဆယ်ကျော်သက်တင်းနစ်မယ် စီမိုနာဟာလက်ကို သုံးနာရီနှင့် နှစ်မိနစ်ကြာအောင် အကြိတ်အနယ်ကစားပြီး ဒုတိယအကြိမ်မြောက် ပြင်သစ်ဖလားကို ဆွတ်ခူးသွားခဲ့သည်။ ရုရှားတင်းနစ်မယ် ရှာရာပိုဗာက ယင်းပွဲတွင် ၆-၄၊ ၆-၇ (၅-၇)၊၆-၄ ဖြင့်နိုင်ပြီး ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ရှာရာပိုဗာသည် အဆိုပါ ပြင်သစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြင့် ငါးလုံးမြောက် ဂရင်းဆလမ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

"ဒီပြိုင်ပွဲက ကျွန်မကစားခဲ့တဲ့ ပွဲတွေထဲမှာတော့ အခက်ခဲဆုံး ဂရင်းဆလမ်ပွဲပါပဲ။ ဆီမိုနာကို အလွန်ပဲ လေးစားသွားပါတယ်။ သူက ဒီကနေ့ပွဲမှာ မယုံကြည်နိုင်လောက်အောင် လက်စွမ်းပြကစားခဲ့တာပါ"ဟု ရှာရာပိုဗာက ပြိုင်ပွဲအပြီး ပြောကြားသည်။

အသက် ၂၂ နှစ်ရှိ ဟာလက်သည် ပထမဆုံးအကြိမ် ဂရင်းဆလမ်ဖလားကို ဆွတ်ခူးရန် ကြိုးစားခဲ့သည်။ သို့သော်လည်း သူသည် အတွေ့အကြုံရင့်ကျက်သော ရှာရာပိုဗာကို နည်းစနစ်ပိုင်းလိုအပ်ချက်များကြောင့် ရှုံးနိမ့်ခဲ့ရသည်။ ဖလားဆွတ်ခူးရန် ရေပန်းစားနေသော ဆီရီနာဝီလျံသည် အစောပိုင်းပြိုင်ပွဲများကတည်းက ထွက်ခဲ့ရသည်။

ကမ္ဘာ့ဖလား အုပ်စု(ဃ)မှ ကစားသမားစာရင်း (သီဟ)

၁။ အီတလီ (ကမ္ဘာ့အဆင့်-၉)

နည်းပြ - ပရန်ဒယ်လီ(အီတလီ)

ဂိုး - ဘတ်ဖွန်(ဂျူဗင်တပ်)၊ မာတီယာပါရင်(ဂျီနိုအာ)၊ စီရီဂူ(ပီအက်စ်ဂျီ)

နောက်တန်း - အဘာတီ(အေစီမီလန်)၊ ဘာဇာဂလီ(ဂျူဗင်တပ်)၊ ဘိုနူချီ (ဂျူဗင်တပ်)၊ ချီရယ်လီနီ(ဂျူဗင်တပ်)၊ ဒါမီရန်(တိုရီနို)၊ ဒီဆက်ဂလီယို (အေစီမီလန်)၊ ပါလက်တာ(ပါးမား)

အလယ်တန်း - အကွီလာနီ(ဖီအိုရင်တီးနား)၊ ကန်ဒရီဗာ (လာဇီယို)၊ ဒီရော့ဆီ(ရိုးမား)၊ မာချီစီယို (ဂျူဗင်တပ်)၊ မာကိုပါရိုလို (ပါးမား)၊ ပီယာလို (ဂျူဗင်တပ်)၊ သီယာဂိုမော့တာ(ပီအက်စ်ဂျီ)၊ မာကိုဗာရက်တီ (ပီအက်စ်ဂျီ)

ရှေ့တန်း -ဘာလော့တယ်လီ(အေစီမီလန်)၊ ကက်ဆာနို (ပါးမား)၊ ဆာဆီ (တိုရီနို)၊ အင်မ်မိုဘိုင်း (တိုရီနို)၊ လော်ရန်ဇိုအင်စီဂနီ (နာပိုလီ)

၂။ အင်္ဂလန် (ကမ္ဘာ့အဆင့်-၁၁)

နည်းပြ - ရွိုင်းဟော့ဒ်ဆန်(အင်္ဂလန်)

ဂိုး - ဂျိုးဟတ်(မန်စီးတီး)၊ ဖရေဆာဖော်စတာ(ဆဲလ်တစ်)၊ ဘန်ဖော်စတာ (ဝက်စ်ဘရွန်း)

နောက်တန်း -လေတန်ဘိန်းစ် (အဲဗာတန်)၊ ကာဟေးလ် (ချယ်လ်ဆီး)၊ ဖီးလ်ဂျာဂျီအယ်ကာ(အဲဗာတန်)၊ ဂလင်းဂျွန်ဆင်(လီဗာပူး)၊ ဖီးလ်ဂျုံးစ် (မန်ယူ)၊ လုခ်ရှော(ဆောက်သမ်တန်)၊ စမောလင်း(မန်ယူ)

အလယ်တန်း - ရော့စ်ဘာကလေ (အဲဗာတန်)၊ ဂျရတ် (လီဗာပူး)၊ ဂျော်ဒန်အန်ဒါဆင်(လီဗာပူး)၊ အဒမ်လာလာနာ (ဆောက်သမ်တန်)၊ လမ်းပတ် (ချယ်လ်ဆီး)၊ ဂျိမ်းစ်မီနာ(မန်စီးတီး)၊ ချမ်ဘာလိန်း(အာဆင်နယ်)၊ စတာလင်း(လီဗာပူး)၊ ဝီလ်ရှီးယား(အာဆင်နယ်)

ရှေ့တန်း - ရစ်ကီလမ်းဘတ်(ဆောက်သမ်တန်)၊ ရွန်းနီ(မန်ယူ)၊ စတာရစ်(လီဗာပူး)၊ ဝဲလ်ဘတ်(မန်ယူ)

အင်္ဂလန်အသင်းတွင် ချန်ဘာလိန်းပါဝင်နိုင်

ကွင်းလယ်ကစားသမား ချန်ဘာလိန်းသည် ကမ္ဘာ့ဖလားပွဲတွင် ပါဝင်ဖွယ်ရှိကြောင်း အင်္ဂလန်နည်းပြ ရွိုင်ဟော့ဆင်က ပြောကြားလိုက်သည်။ အာဆင်နယ်ကစားသမား ချန်ဘာလိန်းသည် ဗုဒ္ဓဟူးနေ့က အင်္ဂလန်နှင့် အီကွေဒေါ်တို့ တစ်ဖက် နှစ်ဂိုးစီ သရေကျသည့်ပွဲတွင် ဒူးခေါင်းအမာရွတ်ထိခိုက်ဒဏ်ရာရခဲ့သည်။ စနေနေ့က ဟွန်ဒူးရပ်စ်နှင့် အင်္ဂလန်ဂိုးမရှိ သရေကျပြီးနောက် အသက် ၂၀ ရှိ ချန်ဘာလိန်းပါဝင်ရန် အစီအစဉ်ရှိနေဆဲဖြစ်ကြောင်း ပြောကြားလိုက်သည်။

(၁၆)နှစ်ပြည့်မွေးနေ့ဆုတောင်း နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ

[illegible]

RUBY
519100
09-51-77212, 535100

ပျောက်ဆုံးကြောင်း

ကျွန်တော်၏ သွင်းကုန်ထုတ်ကုန်လိုင်စင်အမှတ် တသက-၇၄၈၂ (၉-၄-၉၇) ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဦးနေထွန်းတင်
(၅၀၉၆၉၅၅)
သီရိမင်္ဂလာကုမ္ပဏီ
အခန်း (၀၀၃)၊ တိုက် (၁၇)၊ ယုဇနလမ်း၊ အမှတ် (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်

လယ်ယာမြေကွက် အမြန်ရောင်းချင်သည်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်တွင် ဦးပိုင်မြေကွက်ကျပြီး ပုံစံ(၁၀၅) ပုံစံ(၇)ရပြီး ပိုင်ရှင်အမည်ပေါက်ကျပြီး ဧက ၂၅ ဧက ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၀၄၇၆၃၇၊ ၀၉-၇၃၂၅၁၉၈၈၊ ၀၉-၃၁၀၉၉၆၆၆

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ဦးမြင့်အောင်(ညွှန်ကြားရေးမှူး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)-ဒေါ်ခင်အုန်းမြင့်(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာဖရစ်ဝါနာစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်၊ စက်မှုဝန်ကြီးဌာန)တို့၏ တစ်ဦးတည်းသောသား

ဒေါက်တာပြည့်ဖြိုးမြင့်အောင် (M.B.,B.S)(Ygn:)
MRCP (Part II) (UK), Medical Officer (Sakura Hospital)

နှင့်

မော်ကွန်းဝင်ပထမဆင့် သီဟဗလ(ဗိုလ်ကြီးမြင့်အောင်-ဒေါ်အေးမြင့်)တို့၏မြေး၊
ဦးကြည်လွင် (Foundation Engineering Co., Ltd. BRUNEI) -
ဒေါ်မြင့်မြင့်အေး အလက(၃)စမ်းချောင်း-ငြိမ်း တို့၏သမီးဦး

ဒေါက်တာခိုင်မို့မို့လွင် (M.B.,B.S)(Ygn)
Medical Officer (Sakura Hospital)

တို့၏ ၅-၆-၂၀၁၄ရက်တွင် Sedona Hotel(Grand Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဘဘစည်သူ ဒေါက်တာဗိုလ်ကလေးတင့်အောင်နှင့် ဇနီးဒေါ်ခင်ရီ၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်အောင်နိုင်(ငြိမ်း)ကြည်း၊ ရေ၊ လေ စစ်သံမှူး(ငြိမ်း)နှင့်ဇနီး ဒေါ်မေသန်းဦး၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့်ဇနီး ဒေါ်မြင့်မြင့်ခိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း) ဗိုလ်မှူးချုပ်အောင်သိန်း(ငြိမ်း)၊ စစ်ဘက်နယ်ဘက်အရာရှိကြီးများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ R.I.T(78) မှ သူငယ်ချင်းများ၊ O.T.S (58) မှ သူငယ်ချင်းများ၊ Sakura Hospital မှ ဆရာကြီး ဆရာမကြီးများ၊ မိတ်ဆွေများ၊ မေတ္တာဖြင့်မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး ပန်းအိဖြူ၊ မေတ္တာဖြင့်တေးသံသာများ သီဆိုဧည့်ခံပေးပါသော အလင်္ကာဝတ်ရည် ဦးမောင်မောင်အေးနှင့် အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲမသီရိမြတ်နိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မခင်မြတ်နိုင်နှင့် မဟန်နီဇော်အောင်၊ မင်္ဂလာသတို့သားအရံ ဒေါက်တာထက်နိုင်လင်းနှင့် ဒေါက်တာဖွဲ့သီဟကျော်၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာသျှားသက်ဝေနှင့် ဒေါက်တာနှင်းဝင့်ဝင့်အောင်၊ မေတ္တာဖြင့် မင်္ဂလာလက်ကမ်းပစ္စည်းများပြုလုပ်ပေးပါသော မမွန်(Mon's Arts & Crafts)၊ မိတ်ကပ်၊ ဆံပင်နှင့် မင်္ဂလာဝတ်စုံ၊ လက်ဝတ်ရတနာမေဦးနှင့်အဖွဲ့၊ ပန်းအလှဆင်မြန်းပေးပါသော စနေနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာ အရဏ်ဦး၊ မှတ်တမ်းဓာတ်ပုံ ဗီဒီယို Forever၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ၃-၆-၂၀၁၄ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဗိုလ်တထောင်မြို့နယ် တရားသူကြီးဦးဝင်းဖေခိုင်အားလည်းကောင်း၊ ၃-၆-၂၀၁၄ရက်တွင် မင်းကွန်းတိပိဋကကျောင်း၌ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါကုန်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါကုန်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာပြည့်ဖြိုးမြင့်အောင်-ဒေါက်တာခိုင်မို့မို့လွင်

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

၄၂။ မည်သူမဆို သိလျက်နှင့်ဖြစ်စေ၊ သိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ အောက်ပါတစ်ခုခုကို ပြုလုပ်လျှင် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုကို ကျူးလွန်ရာရောက်သည်-

(က) မည်သည့် အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်းကိုမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောင်းဝယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(ခ) အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်း ပါဝင်ပတ်သက်သည့် အရောင်းအဝယ်လုပ်ငန်း တစ်စုံတစ်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ခြင်း သို့မဟုတ် ဖြစ်မြောက်အောင် ပံ့ပိုးဆောင်ရွက်ခြင်း၊

(ဂ) အကြမ်းဖက်အုပ်စုတစ်ခုအတွက် အကျိုးအမြတ်ဖြစ်စေရန် သို့မဟုတ် ယင်းတို့၏ စီမံညွှန်ကြားမှုအရ အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်း ပါဝင်ပတ်သက်သည့် ငွေကြေးဝန်ဆောင်မှု သို့မဟုတ် အခြားသက်ဆိုင်ရာဝန်ဆောင်မှုများကို ထောက်ပံ့ပေးအပ်ခြင်း၊

(ဃ) အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်းဟု သိရှိသောပစ္စည်းကို မိမိလက်ဝယ်ထားရှိခြင်း သို့မဟုတ် ထိန်းချုပ်မှုအောက်တွင် ရှိနေခြင်း၊

(င) အကြမ်းဖက်အုပ်စုပိုင် ပစ္စည်းနှင့် အကြမ်းဖက်သမားပိုင်ပစ္စည်းများကို အရောင်းအဝယ် ပြုလုပ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့နှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များကို ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်း ကော်မတီသို့ဖြစ်စေ၊ တပ်ဖွဲ့ဝင်တစ်ဦးဦးထံသို့ဖြစ်စေ ခိုင်လုံသည့်အကြောင်းပြချက်မရှိဘဲ ဖွင့်ဟပြောဆိုရန် ပျက်ကွက်ခြင်း၊

(စ) အကြမ်းဖက်သမားရှိကြောင်းနှင့် အကြမ်းဖက်အုပ်စုပိုင် ငွေကြေး၊ ပစ္စည်းရှိကြောင်း၊ ယင်းတို့နှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်မှုရှိကြောင်း သို့မဟုတ် ဆက်သွယ်ဆောင်ရွက်တော့မည်ဟု ယုံကြည်ရကြောင်းကို သတင်းပို့ရန် ပျက်ကွက်ခြင်း။

၄၃။ (က) မည်သူမဆို အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်းကို အရောင်းအဝယ် ပြုလုပ်လျှင်၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းလျှင် သို့မဟုတ် လွှဲပြောင်းရန် အားထုတ်လျှင်သော်လည်းကောင်း၊ ထိုသို့ ပြုလုပ်ခြင်းနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်း ကော်မတီသို့ ဖြစ်စေ၊ တပ်ဖွဲ့ဝင်တစ်ဦးဦးထံသို့ဖြစ်စေ ခိုင်လုံသည့်အကြောင်းပြချက်မရှိဘဲ ဖွင့်ဟပြောဆိုရန် ပျက်ကွက်လျှင်သော်လည်းကောင်း အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုကျူးလွန်ရာရောက်သည်။

(ခ) ပုဒ်မခွဲ (က) အရ အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်းနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို သဘောရိုးဖြင့် ဖွင့်ဟပြောဆိုသည့် သူတစ်ဦးဦးအား တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ တရားစွဲဆိုခြင်းမပြုရ။

၄၄။ ဤအခန်းပါ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ အကြမ်းဖက်မှုတစ်ခုခု မပေါ်ပေါက်စေကာမူ သို့မဟုတ် ကျူးလွန်ရန် အားထုတ်မှု မပြုစေကာမူ သို့မဟုတ် ကောက်ခံရရှိသော ရန်ပုံငွေကို အကြမ်းဖက်မှု ကျူးလွန်ရာတွင် အမှန်တကယ်မသုံးစွဲစေကာမူ သို့မဟုတ် ကောက်ခံထားသော သို့မဟုတ် ထောက်ပံ့ပေးသောရန်ပုံငွေသည် အကြမ်းဖက်လုပ်ရပ်တစ်ခုခုနှင့်ဆက်စပ်မှုမရှိစေကာမူ ပြစ်မှုကျူးလွန်သည်ဟုမှတ်ယူရမည်။ ဤသို့ဆိုရာတွင် မည်သည့်နိုင်ငံ သို့မဟုတ် နယ်မြေအတွင်း အကြမ်းဖက်ပြစ်မှုကျူးလွန်ရန် ကြံရွယ်ခြင်း သို့မဟုတ် ကျူးလွန်ဖြစ်ပွားခြင်းကိုသော်လည်းကောင်း၊ အကြမ်းဖက်အုပ်စု သို့မဟုတ် အကြမ်းဖက်သမားသည် ဤအခန်းပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးဦးနှင့် နိုင်ငံ သို့မဟုတ် နယ်မြေတစ်ခုအတွင်း အတူတကွ သို့မဟုတ် ခြားနားသောနိုင်ငံ သို့မဟုတ် နယ်မြေများတွင် သီးခြားစီတည်ရှိနေခြင်းကိုသော်လည်းကောင်း ထည့်သွင်းစဉ်းစားခြင်း မပြုရ။

၄၅။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများ ချမှတ်ပြီးဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ပြုရမည်။

အခန်း (၁၃)

စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်း

၄၆။ ဗဟိုအဖွဲ့သည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ထုတ်ဆင့်ခြင်း သို့မဟုတ် ထိုသို့သော အမိန့်တစ်ရပ်ရပ်ကို ထုတ်ဆင့်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီအား လွှဲအပ်တာဝန်ပေးခြင်း ပြုနိုင်သည်-

(က) အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသည့် ပစ္စည်းများကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖုံးကွယ်ခြင်းတို့ မပြုနိုင်စေရေးအတွက် တားမြစ်မိန့်၊ ချိပ်ပိတ်အမိန့်နှင့် ထိုအမိန့်တို့ကို ရုပ်သိမ်းသည့် အမိန့်၊

(ခ) သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရန် အမိန့်ထုတ်ဆင့်ထားသော ငွေကြေး၊ ပစ္စည်းနှင့်အကျိုးအမြတ်များမှာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၌ အပ်နှံထားခြင်းဖြစ်ပါက ထိုသက်သေခံပစ္စည်းများကို ရှာဖွေသိမ်းဆည်းခွင့်၊ သက်ဆိုင်ရာ မှတ်တမ်းများစစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်နှင့်လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ပြုရန် သက်ဆိုင်ရာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ တာဝန်ရှိသူများထံ ထုတ်ဆင့်သည့်အမိန့်။

၄၇။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည်-

(က) အစိုးရမဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် အကျိုးအမြတ်မရည်ရွယ်သော အဖွဲ့အစည်းများ၏ ရန်ပုံငွေများနှင့်ပစ္စည်းများကို အကြမ်းဖက်အုပ်စုများနှင့် အကြမ်းဖက်သမားများထံ မရောက်ရှိစေရေးအတွက် လည်းကောင်း၊ ယင်းအဖွဲ့အစည်းများအဖြစ် အသွင်ယူကာ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုတို့က ဖွဲ့စည်းဆောင်ရွက်ခြင်း မပြုနိုင်စေရေးအတွက်လည်းကောင်း၊ အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုများအတွက် ငွေကြေးထောက်ပံ့ရန် လမ်းကြောင်းအဖြစ် အသုံးမပြုနိုင်စေရေးအတွက်လည်းကောင်း လိုအပ်သော စုံစမ်းထောက်လှမ်းခြင်း၊ စစ်ဆေးခြင်းနှင့်အရေးယူမှုအစီအမံများ ချမှတ်ခြင်းများ ပြုနိုင်ရန် စုံစမ်းစစ်ဆေးရေး အဖွဲ့များ သို့မဟုတ် တားဆီးနှိမ်နင်းရေးအဖွဲ့များသို့ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ပြုရမည်။

(ခ) အကြမ်းဖက်သမားပိုင် ငွေကြေးနှင့်ပစ္စည်းများ၊ အကြမ်းဖက်အုပ်စုပိုင်ငွေကြေး၊ ပစ္စည်းနှင့်ရန်ပုံငွေများ ထိန်းချုပ်ရေး၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများနှင့် အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်ရေး၊ သက်သေခံပစ္စည်း သိမ်းဆည်းရေး၊ ထိန်းချုပ်ရေးနှင့်တရားစွဲတင်နိုင်ရေးတို့အတွက် လိုအပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့များဖွဲ့စည်း၍ဖြစ်စေ၊ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ သို့မဟုတ် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကိုဖြစ်စေ တာဝန်ပေးအပ်၍ ဆောင်ရွက်စေရမည်။

(ဂ) အကြမ်းဖက်မှု ကျူးလွန်ရန် ထောက်ပံ့သော အဖွဲ့အစည်းများကို လည်းကောင်း၊ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို လည်းကောင်း အသုံးပြု၍ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ထိန်းချုပ်ရေး အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုကျူးလွန်သူများအား လည်းကောင်း၊ သက်သေခံငွေကြေးနှင့် ပစ္စည်းများကိုလည်းကောင်း၊ သက်ဆိုင်ရာ တရားရုံးသို့ စစ်ဆေးစီရင်နိုင်ရေး အတွက် တရားစွဲဆိုတင်ပို့ရန် တပ်ဖွဲ့ဝင်များအား လိုအပ်သလို စီစဉ်ညွှန်ကြားရမည်။

(င) နိုင်ငံတော်နှင့် အများပြည်သူအပေါ် ရုတ်ခြည်းအန္တရာယ်ကျရောက်စေမည့် အကြမ်းဖက်မှုများအား တားဆီးကာကွယ်ရန် လိုအပ်ပါက အကြမ်းဖက်အုပ်စုများနှင့် အကြမ်းဖက်သမားများ၏ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခွင့်၊ ကန့်သတ်ခွင့်၊ ကြားဖြတ်ဖမ်းယူခွင့်အမိန့်တို့ကို ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ဆင့်နိုင်သည်။

၄၈။ ဤဥပဒေအရ လုပ်ငန်းတာဝန်ပေးထားသော တပ်ဖွဲ့ဝင်များသည် အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့ကဖြစ်စေ၊ လုပ်ငန်းကော်မတီကဖြစ်စေ ပေးအပ်သောလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် မဆန့်ကျင်သမျှ တည်ဆဲပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးဆောင်ရွက်နိုင်သည်။

အခန်း (၁၄)

ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၉။ မည်သူမဆို အောက်ပါအကြမ်းဖက်မှုတစ်ခုခုကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်-

(က) ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၁) နှင့် ပုဒ်မခွဲငယ် (၁၂) တို့တွင် ပါရှိသော ပြုလုပ်မှုများ၊

(ခ) ပုဒ်မ ၇ ပါ လေယာဉ်ဝန်ဆောင်မှုပေးချိန် ဘေးအန္တရာယ်ဖြစ်စေရန် လေယာဉ်ပေါ်တွင် ကျူးလွန်သည့်ပြစ်မှု၊

(ဂ) ပုဒ်မ ၈ ပါ လေယာဉ်ကို ဥပဒေနှင့်မညီဘဲ တမင်သိမ်းပိုက်မှု၊

(ဃ) ပုဒ်မ ၉ ပါ မြို့ပြလေကြောင်းပျံသန်းရေးအား ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်မှု၊

(င) ပုဒ်မ ၁၀ ပါ မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသော လေဆိပ်တွင် ဥပဒေနှင့်မညီဘဲအတင်းအဓမ္မ ပြုလုပ်မှု။

၅၀။ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(က) ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၀)၊ ပုဒ်မခွဲငယ် (၁၃) နှင့် ပုဒ်မခွဲငယ် (၁၄) တို့တွင် ပါရှိသော ပြုလုပ်မှုများ၊

(ခ) ပုဒ်မ ၁၇ ပါ ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှု၊

(ဂ) ပုဒ်မ ၁၉ ပါ နျူကလီးယားဒြပ်ပစ္စည်း၊ အခြားရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ဆိုင်ရာ ပြစ်မှု၊

(ဃ) ပုဒ်မ ၂၀ ပါ နျူကလီးယား အဆောက်အအုံဆိုင်ရာ ပြစ်မှု၊

(င) ပုဒ်မ ၂၃ ပါ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (တ)၊ ပုဒ်မခွဲငယ်(၁)ပါ နျူကလီးယား အဆောက်အအုံဆိုင်ရာ ပစ္စည်းများ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် လွှဲပြောင်းခြင်းဆိုင်ရာပြစ်မှု၊

(စ) ပုဒ်မ ၂၄ ပါ နျူကလီးယားအကြမ်းဖက်မှုဆိုင်ရာ ပြစ်မှု၊

(ဆ) ပုဒ်မ ၂၇ ပါ ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်မှု၊

(ဇ) ပုဒ်မ ၃၃ ပါ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံအား ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်မှု၊

(ဈ) ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ)ပါ အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာ ပြစ်မှု၊

(ည) ပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) မှ ပုဒ်မခွဲ (ဃ) အထိ ပါရှိသော အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှု။

၅၁။ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်ငါးနှစ်မှ အများဆုံးထောင်ဒဏ်ဆယ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ပုဒ်မ ၁၅ ပါ အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များကို ကျူးလွန်သည့် ပြစ်မှု၊

(ခ) ပုဒ်မ ၃၅ ပါ ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာပြစ်မှု၊

(ဂ) ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ဂ) ပါ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု ကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှုကျူးလွန်ရာတွင် အားပေးကူညီရန် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ဗုံး သို့မဟုတ် လက်နက်ကို ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှု၊ ပေးကမ်းမှု သို့မဟုတ် လက်ဝယ်ထားမှု။

၅၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် သုံးနှစ်မှ အများဆုံးထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(က) ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၆) မှ ပုဒ်မခွဲငယ် (၁၈) အထိ ပါရှိသော ပြုလုပ်မှု၊

(ခ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) တို့တွင်ပါရှိသော အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုဆိုင်ရာ ပြစ်မှု၊

(ဂ) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (က) ပါ သတင်းအချက်အလက်များကို ခိုင်လုံသည့်အကြောင်းပြချက်မရှိဘဲ ဖွင့်ဟပြောဆိုရန် ပျက်ကွက်မှု။

၅၃။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် တစ်နှစ်မှ အများဆုံးထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၉၊ ပုဒ်မ ၅၀ နှင့် ပုဒ်မ ၅၁ တို့တွင် ဖော်ပြထားသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရာ၌ သူတစ်ဦးဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ သေစေလျှင် သို့မဟုတ် အပြင်းအထန် နာကျင်စေလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၅၅။ အကြမ်းဖက်ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်ကလည်း အကြမ်းဖက်ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သော အကြမ်းဖက်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၅၆။ တရားရုံးသည် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းထားသော ငွေကြေးနှင့်ပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းယူခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်း ပြုသည့်အမိန့် ချမှတ်ရမည်။

အခန်း (၁၅)

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၅၇။ ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများသည် အောက်ပါကိစ္စရပ်များ အပါအဝင် သင့်လျော်သောအရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံများနှင့် လည်းကောင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်-

(က) အကြမ်းဖက်မှုဆိုင်ရာ သတင်းဖလှယ်ခြင်း၊

(ခ) အကြမ်းဖက်သမားက မိမိနယ်မြေအား အသုံးပြု၍ အခြားနိုင်ငံနှင့် နိုင်ငံသားများအပေါ် အကြမ်းဖက်မှုကျူးလွန်ခြင်း မပြုနိုင်အောင် ကာကွယ်တားဆီးခြင်း၊

(ဂ) အကြမ်းဖက်မှုဆိုင်ရာ စီစဉ်ညွှန်ကြားခြင်း၊ ပြင်ဆင်ခြင်း၊ စီမံခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းတို့ကို ကာကွယ်တားဆီးခြင်း၊

(ဃ) အကြမ်းဖက်သမားများနှင့်အကြမ်းဖက်အုပ်စုများ နိုင်ငံဖြတ်ကျော်၍ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ လှုပ်ရှားသွားလာမှုကို ထိန်းချုပ်တားဆီးနိုင်ရန်အတွက် နယ်စပ်ဒေသ ထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊

(င) အကြမ်းဖက်မှု တားဆီးနှိမ်နင်းရေးဆိုင်ရာ လေ့ကျင့်ရေး၊

စာမျက်နှာ ၁၆ သို့

ဥပဒေ

စာမျက်နှာ ၁၅ မှ

နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ခြင်း၊

(စ) အကြမ်းဖက်မှုတိုက်ဖျက်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဆ) ဒေသအတွင်း ဗဟိုသတင်းအချက်အလက်ဌာန ထူထောင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) အကြမ်းဖက်မှုကာကွယ်တားဆီးရေးတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီဖြစ်စေရန် စွမ်းရည်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း။

၅၈။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးအတွက် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံများနှင့်လည်းကောင်း၊ ဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း နိုင်ငံအချင်းချင်း အကူအညီပေးရေးနှင့် စပ်လျဉ်း၍ တည်ဆဲပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။

အခန်း (၁၆)
တရားခံအား လွှဲပြောင်းပေးခြင်း

၅၉။ အကြမ်းဖက်သမား တရားခံအား လွှဲပြောင်းပေးခြင်းနှင့် စပ်လျဉ်း၍-

(က) ဤဥပဒေပါ အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုတစ်ခုခုကို တရားခံလွှဲပြောင်းပေးနိုင်သည့် ပြစ်မှုဖြစ်သည်ဟု မှတ်ယူပြီး တရားခံလွှဲပြောင်းရေးကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများတွင် ဖော်ပြထားသည့် တရားခံလွှဲပြောင်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်ပါအတိုင်း တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခံရသည့် နိုင်ငံ၏ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် အခြားစည်းကမ်းချက်များကို အထောက်အထားပြု၍ ဆောင်ရွက်ရမည်။

(ဂ) ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်အရ သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် အကြမ်းဖက်သမား တရားခံကိုလွှဲပြောင်းပေးခြင်း သို့မဟုတ် လက်ခံခြင်းကိစ္စများကို သတ်မှတ်ချက်များနှင့်အညီ လိုအပ်သလို စီစဉ်ဆောင်ရွက်စေရမည်။

၆၀။ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်သော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံတစ်ခုခုမှဖြစ်စေ၊ ဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံတစ်ခုခုမှဖြစ်စေ ဤဥပဒေပါ အကြမ်းဖက်ပြစ်မှု တစ်ရပ်ရပ်ကို နိုင်ငံတော်အတွင်း၌ကျူးလွန်သည့် တရားခံကို ပြည်ပသို့ လွှဲပြောင်းပေးရန်နှင့် ပြစ်မှုဆိုင်ရာကိစ္စများတွင် အပြန်အလှန်အကူအညီပေးရန် မေတ္တာရပ်ခံချက်တို့နှင့် စပ်လျဉ်း၍-

(က) ဤဥပဒေနှင့်အကျုံးဝင်သည့် အကြမ်းဖက်မှုများကို နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွှယ်သည့်ပြစ်မှု သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ကျူးလွန်သည့်ပြစ်မှုဟု မှတ်ယူခြင်းမပြုရ၊

(ခ) ယင်းမေတ္တာရပ်ခံချက်တွင် ဖော်ပြပါရှိသည့် ကျူးလွန်ခဲ့သော အကြမ်းဖက်မှုမှာ နိုင်ငံရေးပြစ်မှု၊ ယင်းနှင့် ဆက်နွှယ်သည့် ပြစ်မှု သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ကျူးလွန်သည့် ပြစ်မှုဟူသော အကြောင်းပြချက်တစ်ခုတည်းဖြင့် ငြင်းပယ်ခြင်း မပြုရ။

အခန်း (၁၇)
အရေးယူရာတွင် တရားမျှတစွာ ပြုမူဆက်ဆံခြင်း

၆၁။ မည်သူမဆို ဤဥပဒေအရ အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် လိုက်လျောညီသည့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် အညီ တရားမျှတစွာ ပြုမူဆက်ဆံရေးနှင့် အခြားခံစားခွင့် အခွင့်အရေးများ ရရှိစေရေးတို့အတွက် အာမခံချက်ရရှိစေရမည်။

၆၂။ မည်သူမဆို အကြမ်းဖက်မှုဖြင့် စွပ်စွဲခံရပြီး ဖမ်းဆီးချုပ်နှောင်ခံရလျှင် ယင်း၏အခွင့်အရေးများ ရရှိရေးအတွက် ထိုသူ၏ နိုင်ငံသားအဖြစ်ခံယူ ထားသည့်နိုင်ငံမှအနီးစပ်ဆုံး သင့်လျော်ရာသံရုံးသို့ ဖြစ်စေ၊ ကောင်စစ်ဝန်ရုံးသို့ဖြစ်စေ၊ ကိုယ်စားလှယ်ထံသို့ဖြစ်စေ နှောင့်နှေးကြန့်ကြာခြင်း မရှိစေဘဲ ဆက်သွယ်အကြောင်းကြားနိုင်ရန် အခွင့်အရေးရရှိစေရမည်။

အခန်း (၁၈)
အကြမ်းဖက်မှုတားဆီးကာကွယ်ရေး နှင့် တိုက်ဖျက်ရေးရန်ပုံငွေ

၆၃။ ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေကို အောက်ပါရငွေနှင့်ပစ္စည်းများဖြင့် ထူထောင်နိုင်သည်-

(က) တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ၊

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ က ယင်း၏ ဘဏ္ဍာရန်ပုံငွေသို့ ဤဥပဒေပါ ပြစ်မှုများနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၅)၊ အမှတ်စဉ် ၉ အရ ပေးသွင်းသည့် ငွေကြေးများအနက်မှ တစ်ဆယ်ရာခိုင်နှုန်းအောက် မနည်းသော ထောက်ပံ့ငွေ၊

(ဂ) ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ ထောက်ပံ့လှူဒါန်းငွေနှင့်ပစ္စည်းများ။

၆၄။ ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေကို အောက်ပါကိစ္စများအတွက် အသုံးပြုရန်နှင့် ကုန်ကျစရိတ်များ ကျခံရန် ခွင့်ပြုနိုင်သည်-

(က) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို လည်းကောင်း၊ လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို လည်းကောင်း ဆောင်ရွက်ရာ၌ လိုအပ်သော ကုန်ကျစရိတ်များ၊

(ခ) အကြမ်းဖက်မှု ကြိုတင်ကာကွယ်ရေးနှင့် တားဆီးရေးတို့အတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်သည့် ကိစ္စများ၊

(ဂ) အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်မှုများနှင့် အရေးယူဆောင်ရွက်သည့် ကိစ္စများ၊

(ဃ) အကြမ်းဖက်မှုကြောင့် ဘေးဒဏ်သင့်သူများကို သင့်လျော်သော ကူညီထောက်ပံ့မှုများ၊

(င) အကြမ်းဖက်သမားများကို ခံယူချက် ပြုပြင်ပြောင်းလဲရေးနှင့် ပြန်လည်ထူထောင်ရေး ကိစ္စများ၊

(စ) အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သည့်ကိစ္စများ၊

(ဆ) ဗဟိုအဖွဲ့က သတ်မှတ်သော အခြားလိုအပ်သည့် ကိစ္စများနှင့် အခြားအရေးပေါ်လုပ်ငန်း တာဝန်များဆောင်ရွက်ရာ၌ ကုန်ကျစရိတ်များ။

အခန်း (၁၉)
အထွေထွေ

၆၅။ အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုနှင့်ဆက်စပ်သည့် ငွေကြေး၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း ခံရသူမဟုတ်ဘဲ အခြားသူတစ်ဦးဦးက ထိုငွေကြေးနှင့်ပစ္စည်းတစ်ခုခုကို သဘောရိုးဖြင့် အဖိုးစားနားပေး၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားပြီး လက်ဝယ်ထားခြင်းဖြစ်ကြောင်း သက်သေထင်ရှား တင်ပြနိုင်ပါက ထိုသူ၏အခွင့်အရေးကို ထိခိုက်နစ်နာစေခြင်း မရှိစေရ။

၆၆။ ဗဟိုအဖွဲ့သည် လူ့အခွင့်အရေးအရ ဒုက္ခသည်အဖြစ် ခိုလှုံခွင့်တောင်းခံလာခြင်းနှင့်စပ်လျဉ်း၍ ထိုသို့ ခိုလှုံခွင့်တောင်းခံလာသူမှာ အကြမ်းဖက်မှု ကျူးလွန်ခဲ့ခြင်း ရှိမရှိနှင့် ထိုအကြမ်းဖက်မှုကို ကျူးလွန်ရန် အားပေးကူညီမှု၊ လှုံ့ဆော်မှု၊ ပူးပေါင်းကြံစည်မှု ကျူးလွန်ခြင်း ရှိ မရှိတို့ကို သေချာစွာ စိစစ်စေပြီး အကြမ်းဖက်မှုကျူးလွန်ခဲ့ကြောင်းကိုသော်လည်းကောင်း၊ ထိုအကြမ်းဖက်မှုကို ကျူးလွန်ရန် အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ပူးပေါင်းကြံစည်မှု ကျူးလွန်ခဲ့ကြောင်းကိုသော်လည်းကောင်း တွေ့ရှိပါက ထိုသူကို ဤဥပဒေအရ ထိုက်သင့်သလို အရေးယူဆောင်ရွက်ရမည်။

၆၇။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့ထားသော အကြမ်းဖက်မှု တစ်ခုခုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၆၈။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဗဟိုအဖွဲ့နှင့် ဤဥပဒေအရဖွဲ့စည်းသော လုပ်ငန်းကော်မတီများနှင့် အဖွဲ့များ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် လိုအပ်သော ရုံးအဖွဲ့ကိုဖွဲ့စည်း၍ ရုံးဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးရမည်။

၆၉။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ အကြမ်းဖက်မှုများကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၇၀။ အကြမ်းဖက်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ်ပေးထားသောအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၇၁။ ဤဥပဒေပါ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသည့်သူတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ အဖွဲ့ဝင်တစ်ဦးဦးအပေါ် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သည့်ကိစ္စတစ်ရပ်ရပ်အတွက် မည်သည့် တရားရုံးတွင်မျှ တရားစွဲဆိုခွင့်မရှိစေရ။

၇၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသည် လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) လုပ်ငန်းကော်မတီသည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို ဗဟိုအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဖခင်အမည်မှန်

လက်ပံတန်းမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း(D)တွင် ပညာသင်ကြားနေသော မောင်ဇော်လင်းထွဋ်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဇော် ၇/လပတ(နိုင်)၀၂၄၉၃၀ဖြစ်ပါကြောင်း။ **ဦးခင်မောင်ဇော်**

မိဘအမည်မှန်

နမ့်ခမ်းမြို့၊ အထက (၁)၊ တတိယတန်းမှ မောင်ဖြိုးဝေစိုးနှင့် သူငယ်တန်းမှ မောင်ပြည့်စုံတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်(ခ)ဦးညွှန့်သန်းနှင့် မိခင်အမည်မှန်မှာ ဒေါ်သင်းသင်း(ခ)ဒေါ်လွင်လွင်ဖြစ်ကြောင်း။ **မိဘအမည်မှန်**
ဦးဝင်းနိုင်(ခ)ဦးညွှန့်သန်း
ဒေါ်သင်းသင်း(ခ)ဒေါ်လွင်လွင်

ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အောင်မေတ္တာရပ်ကွက်တွင် နေထိုင်သော (ဘ)ဦးယိုင်ရှဲဖုန်၏သား နဝမတန်းတွင်ပညာသင်ကြားနေသော မောင်မျိုးမင်းထက်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၇-၁၉၉၆ ဖြစ်ကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးယိုင်ခယ် ၁၃/နခန(နိုင်)၀၃၈၈၀၄ဖြစ်ကြောင်း။
ဖခင်အမည်မှန် ဦးယိုင်ခယ်

ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အမှတ် (၁၃)ရပ်ကွက်တွင် နေထိုင်သော အလက၊ ဟိုနောင်တွင် ပညာသင်ကြားနေသော မောင်လီမင်ဟောက်နှင့် မမျိုးဝေဝေလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးယိုးဟော့ ဖြစ်ကြောင်း။
ဖခင်အမည်မှန် ဦးယိုးဟော့

တစ်ဦးတည်းဖြစ်ကြောင်း

နမ့်ခမ်းမြို့၊ ပေါက်နေရပ်ကွက်တွင် နေထိုင်သော ဦးချစ်လွင်၏သား စိုင်းညီညီကျော် (ခ) စိုင်းကျော်စွာဦးသည် တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၇-၇-၁၉၉၉ ဖြစ်ကြောင်း။
စိုင်းညီညီကျော်(ခ)စိုင်းကျော်စွာဦး

မွေးသက္ကရာဇ်အမှန်

နမ့်ခမ်းမြို့၊ မန့်မိုင်ကျေးရွာတွင် နေထိုင်သော ဦးထွန်းရီ(ခ)အိုက်မြတ်၏သား အထက (၁)နဝမတန်းတွင် ပညာသင်ကြားနေသော မိုင်းနိုင်လှအောင်(မွေးသက္ကရာဇ် ၁၆-၁-၉၉)၏ မွေးသက္ကရာဇ်အမှန်မှာ၅-၁-၂၀၀၀ ဖြစ်ကြောင်း။
မွေးသက္ကရာဇ် ၅-၁-၂၀၀၀

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာ ၂ လမ်း၊ အမှတ် ၂၁ ပေါ်ရှိ သုံးခန်းတွဲငါးလွှာ ပဥ္စမထပ်(ခြေရင်းခြမ်း)နှင့် သုံးခန်းတွဲငါးလွှာ စတုတ္ထထပ်၊ (အလယ်ခြမ်း) အကျယ်အဝန်း ၁၄.၅ပေ × ၄၅ပေစီရှိ အခန်းနှစ်ခန်းတို့ကို ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူထားခြင်းအပေါ် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါပစ္စည်းစာရင်းတို့နှင့်ပတ်သက်၍ ကန်ထရိုက်တာ ဦးဝင်းနိုင် ၈/ဆပဝ (နိုင်)၀၄၅၃၂၂မှ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုသဖြင့် ၎င်းထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးထူးအောင် ၁၂/မရက (နိုင်)၁၄၈၄၅၈နှင့် ဦးဌေးမြင့်အေး ၁၂/ဥကတ(နိုင်)၁၃၁၈၆၂တို့မှ ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ငွေပေးချေဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နွယ်နီအေး LL.B အထက်တန်းရှေ့နေ
အမှတ် ၃/၂၀၆၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၃၁၈၈၀၇၂

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/ထူပါရုံ၊ မြေကွက်အမှတ် ၁၂၉၃/က၊ မြေကွက်တည်နေရာအမှတ် ၁၂၉၃/က၊ မြင်တော်သာလမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်သန်း)အမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက် ဦးလှမြင့်(ဖခင်)နှင့် ဒေါ်သန်း (မိခင်)နှင့် သားဖြစ်သူ ဦးသန်းမြင့်(လူပို)တို့ ကွယ်လွန်သဖြင့် သမီးများဖြစ်ကြသော ဒေါ်အုန်းမြင့် TKA-၀၀၉၄၃၉၊ ဒေါ်တိုးတိုး ၁၂/သကတ(နိုင်) ၀၉၈၇၀၂၊ ဒေါ်ခင်အုန်းကြည် ၁၂/သကတ (နိုင်)၀၅၀၂၈၀တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၅၊ မြေကွက်အမှတ် ၂၈၄၊ မြေကွက်တည်နေရာအမှတ် ၂၈၄၊ သိင်္ဂီ ၁လမ်းတောင်၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးဘချို)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဘချို(ဖခင်)နှင့် ဒေါ်သိန်းတင် (မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးဟန်သိန်း ၁၂/သကတ(နိုင်)၀၁၄၂၆၃မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံ(မြောက်)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၆၊ မြေကွက်အမှတ် ၁၂၇၃၊ မြေကွက်တည်နေရာအမှတ် ၁၂၇၃၊ (၄၆) ရပ်ကွက်၊ ဒဂုံ(မြောက်)မြို့နယ် ဦးအေးကြွယ် AD-၀၃၁၆၁၉ အမည်ပေါက် နှစ် ၆၀ဂရန်မြေအားအမည်ပေါက် ဦးအေးကြွယ် (တရားရုံး)ကိုယ်စား ဘိလစ် ဒေါ်လဲ့လဲ့နိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉မှ တရားမကြီးမှု အမှတ် ၂/၁၄(၇-၁-၁၄)နှင့်တရားမဇာရီမှု အမှတ် ၁၂/၁၄ (၂၈-၁-၁၄)တို့တင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/မြောက်၊ မြေကွက်အမှတ် ၉၁၀/က၊ မြေကွက်တည်နေရာအမှတ် ၉၁၀/က၊ မြို့မ ၁၁ လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးတင်စိုး) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်စိုး(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်လှမူသိန်း ၁၀/သထန(နိုင်)၀၁၂၉၈၉မှ ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃/စက်မှုဇုန်၊ မြေကွက်အမှတ် ၄၈၉+၄၉၀+၄၉၃၊ မြေကွက်တည်နေရာအမှတ် ၄၈၉+၄၉၀+၄၉၃၊ မိုးကုတ်လမ်း၊ (၂၃)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဦးဝင်းမောင် ၁၂/ဗဟန(နိုင်)၀၁၉၉၁၄ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးဝင်းမောင်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးကျင်ဦး ၁၂/ဒပန(နိုင်)၀၃၁၉၂၀၊ ဦးကျော်ကျော် ၇/ပခန(နိုင်)၁၇၆၁၀၇ တို့မှ ပါမစ် ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက် ထောက်ခံချက်များနှင့် ကျမ်းကျိန်လွှာတို့ တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ် ဂရန်လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၄စီ၂ ၇၁)၊ မြေကွက်အမှတ် ၁၈၈၊ မြေကွက်တည်နေရာအမှတ် ၁၁၀၊ ဩဘာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေ (မဖြူ) အမည်ပေါက် နှစ်၉၀ဂရန်မြေအား အမည်ပေါက် ဦးကြည် (ဖခင်)၊ ဒေါ်ဖြူ(မိခင်)နှင့် သမီးတစ်ဦးဖြစ်သူ ဒေါ်အေးအေးတို့ အသီးသီးကွယ်လွန်သဖြင့် ဦးတင်ရီ ၁၂/ဗဟန(နိုင်)၀၇၄၂၇၄၊ ဒေါ်ဌေးဌေး L/RGN-၀၃၇၁၂၁၊ဦးမောင်မောင်ဌေး ၁၂/တမန (နိုင်) ၀၇၂၆၀၈၊ ဦးမောင်မောင်တိုး ၁၂/ဗဟန (နိုင်)၀၈၀၅၄၀၊ဒေါ်ရီ ၁၂/တမန(နိုင်)၀၆၇၅၈၅၊ ဦးမောင်မောင်ထွေး ၁၂/တမန(နိုင်)၀၆၇၆၄၀ တို့က သားသမက်နှင့် သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဌာနဆိုင်ရာ

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

ယမန်နေ့မှအဆက်

ထိုသို့ဆောင်ရွက်ရာတွင် သစ်သားဆိုင်ရာ အားနည်းချက်ကြောင့် ရက်မ၊ ကြမ်းခင်းများကို လဲလှယ်ပြင်ဆင်ပြီး တံတားကြံ့ခိုင်မှုကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုနှစ်တွင်လည်း ပေ ၁၀၀ သံကူကွန်ကရစ်တံတားရေးဆွဲတင်ပြခဲ့ပါသည်။ ဒီနှစ်တွင်လည်း တံတား၏ကြံ့ခိုင်မှုကို ထိန်းသိမ်းပါမည်။ လာမည့်နှစ် ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ **မာန်အောင်မြို့နယ် အုန်းချောင်းတံတား အားနည်း၍ ကွန်ကရစ်တံတားပြောင်းလဲတည်ဆောက်ပေးရန်ကိစ္စနှင့်ပတ်သက်၍** မာန်အောင်ကျွန်းပတ်လမ်းပေါ်ရှိ အုန်းချောင်းတံတား တံတားအမှတ် (၂/၅၂)မှာ ၂၁၃ ပေ အရှည်သစ်သားတံတားတစ်စင်းဖြစ်ပါသည်။ တံတားကြံ့ခိုင်မှု အားနည်းသည့်အတွက် ဘီးလမ်းကြမ်းခင်းများကို နှစ်အလိုက် ပြင်ဆင်ထိန်းသိမ်းပေးလျက်ရှိပါ သည်။ ပေ ၁၈၀ အထက် သစ်သားတံတားဖြစ်သည့်အတွက် ကွန်ကရစ်တံတားတည်ဆောက်ရန် မြေစမ်းသပ်ခြင်း၊ တိုင်းတာခြင်းများဆောင်ရွက်၍ တံတားဒီဇိုင်းလိုအပ်ပါသည်။ တံတားဒီဇိုင်းများရရှိပါက ခန့်မှန်းခြေစာရင်းများ ရေးဆွဲ၍ ရန်ပုံငွေတင်ပြတောင်းခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၅။ **မာန်အောင်ကျွန်းပတ်လမ်းတစ်လျှောက်လုံးကို သုံးနှစ်အတွင်း အပြီးကတ္တရာခင်းပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** မာန်အောင်ကျွန်းပတ်လမ်းသည် မိုင် ၀/၀- ၅၁/၄ ထိ ၅၁ မိုင် ၄ ဖာလုံရှည်သော လမ်းဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်အပြီးတွင် ကတ္တရာလမ်း နှစ်မိုင် ငါးဖာလုံ၊ ကျောက်လမ်း ၂၂ မိုင် အမာခံလမ်း ၂၆ မိုင် ၇ ဖာလုံ ဆောင်ရွက်ပြီးဖြစ်ပါသည်။ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေ ၁၄၃၅ ဒသမ ၅၅ သန်းဖြင့် ကျောက်လမ်း ၁၈ မိုင် ၆ ဖာလုံ၊ (၅ ×၂၈)ပေ သံကူကွန်ကရစ်တံတားတစ်စင်း၊ (၁၀×၂၈)ပေ သံကူကွန်ကရစ်တံတား နှစ်စင်း၊ (၁၅×၂၈) ပေ သံကူကွန်ကရစ်တံတား လေးစင်း၊ (၃၀×၂၈)ပေ သံကူကွန်ကရစ်တံတား လေးစင်း၊ (၄၀×၂၈)ပေ သံကူကွန်ကရစ်တံတား လေးစင်း စုစုပေါင်း သံကူကွန်ကရစ်တံတား ၁၅ စင်းနှင့်သစ်သားတံတား ၅၈ စင်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေ ၁၀၇၀ ဒသမ ၉၇ သန်းဖြင့် နှစ်မိုင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကိုးမိုင်ခြောက်ဖာလုံ ကျောက်လမ်းခင်းခြင်း၊ ကွန်ကရစ်တံတား ၃၂ စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အကုန်တွင် ကတ္တရာလမ်းစုစုပေါင်း လေးမိုင် ငါးဖာလုံရှိလာမည်ဖြစ်ပါသည်။ ဆက်လက်၍ ကတ္တရာလမ်းမဖြစ်သေးသည့် ကျောက်လမ်း ၄၆ မိုင် ၇ ဖာလုံကို ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ရန် နှစ်အလိုက်ရန်ပုံငွေများတောင်းခံပြီးရရှိသည့် ရန်ပုံငွေအရ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၆။ **မာန်အောင်မြို့နယ် ဆောက်လုပ်ရေးတွင် အသုံးပြုနေသည့် လမ်းကြိတ်စက်နှစ်လုံးမှာ ၁၉၅၄ ခုနှစ်ကပင် စက်လုံးဖြစ်၍ အဆိုပါစက်ကို လေလံရောင်းချရန် စာရင်းပြုစုထားပြီးဖြစ်ပါသည်။ သို့သော် လေလံစာရင်းမှ ချန်ထားခဲ့ရပြီးပြုပြင်၍ မောင်းနှင်နေပါသည်။ စက်တစ်လုံးမှာ ၂၀၀၀ ပြည့်နှစ်မှ ရရှိသည့်စက်ဖြစ်၍ လုပ်ငန်းဆောင်ရွက်ရာတွင် ကောင်းမွန်ပါသည်။ စက်နှစ်လုံးဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင်ပြီးစီးရမည့် သတ်မှတ်ကာလတွင် မပြီးနိုင်သည်က စက်ပစ္စည်းမကြာခဏပြုပြင်နေရပါသဖြင့် လမ်းကြိတ်စက်အသစ်တစ်လုံး ရရှိရေးဆောင်ရွက်ပေးပါရန် ကိစ္စနှင့်ပတ်သက်၍** ချက်ချင်းစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၇။ **အမ်းမြို့နယ် အမ်း-တပ်တောင်လမ်းအပိုင်းတွင် ဂယ်လောင်း-တပ်တောင်လမ်းအပိုင်း လွန်စွာပျက်စီးနေပါသဖြင့် ၎င်းလမ်းအပိုင်းကို ကတ္တရာလမ်းခင်းပေးပါရန်ကိစ္စနှင့်ပတ်သက်၍** အမ်း-တပ်တောင်လမ်းသည် မင်းဘူး-အမ်း-တပ်တောင်လမ်းမိုင်တိုင်(၉၇/၂)မှ (၁၁၈/၅) အထိ စုစုပေါင်း မိုင်အရှည် ၂၁ မိုင် သုံးဖာလုံရှည်သောလမ်းဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်တွင် မိုင်(၉၇/၂)မှ (၁၀၄/၃)အထိ ခုနစ်မိုင်တစ်ဖာလုံမှ ကတ္တရာလမ်းဖြစ်ပြီး မိုင်(၁၀၄/၃)မှ (၁၁၈/၅)အထိ ၁၄ မိုင်နှစ်ဖာလုံမှာ ကျောက်လမ်းအဖြစ် တည်ရှိခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် မိုင်(၁၁၇/၅)မှ(၁၁၈/၅)အထိ တစ်မိုင်ကိုလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မိုင်(၁၁၆/၃)မှ (၁၁၇/၅) အထိ တစ်မိုင်နှစ်ဖာလုံကိုလည်းကောင်း ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၄ခုနှစ် နှစ်စတွင် ကတ္တရာလမ်းစုစုပေါင်း ကိုးမိုင်သုံးဖာလုံရှိခဲ့ပြီးဖြစ်ပါသည်။ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာခုနှစ်တွင် မိုင်တိုင် (၁၁၃/၃)မှ (၁၁၆/၃)အထိ သုံးမိုင်ကို ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်သောကြောင့် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အကုန်တွင် ကတ္တရာလမ်းစုစုပေါင်း ၁၂ မိုင် သုံးဖာလုံရှိလာမည်ဖြစ်ပါသည်။ ဆက်လက်၍လည်း ကတ္တရာလမ်းမဖြစ်သေးသည့် ကျောက်လမ်းကိုးမိုင်ကို ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ရန် နှစ်အလိုက် ရန်ပုံငွေများတောင်းခံပြီး ရရှိသည့် ရန်ပုံငွေအရ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၈။ **အမ်း-မင်းဘူးလမ်းကို ယာဉ်သွားလာမှုအဆင်ပြေစေရန် မဟာဗျူဟာလမ်းနှစ်လမ်းပေါင်းလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ပါရန်ကိစ္စနှင့်ပတ်သက်၍** မင်းဘူး-အမ်းလမ်းသည် မိုင်တိုင် (၀/၀)မှ (၉၇/၂)အ ထိ ၉၇မိုင်နှစ်ဖာလုံရှိပြီး မကွေးတိုင်းဒေသကြီးအပိုင်းမှ မိုင်တိုင် ၆၁/၀ ထိ တာဝန်ယူဆောင်ရွက်ပြီး ရခိုင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မိုင်တိုင် ၆၁/၀မှ ၉၇/၂ အထိ ၃၆ မိုင် နှစ်ဖာလုံကို တာဝန်ယူ၍ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီးဖြစ်ပါသည်။ ယာဉ်သွားလမ်းအကျယ် ၁၂ ပေရှိပြီး တစ်နေ့လျှင် ရခိုင်ပြည်နယ်အတွင်းသို့ မင်းဘူး-အမ်းလမ်းမှ ယာဉ်စီးရေ ပျမ်းမျှ ၄၅ စီးခန့် ဖြတ်သန်းသွားလာသောလမ်းဖြစ်ပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရုံးချုပ်၏သတ်မှတ်ချက်အရ ယာဉ်စီးရေစံနှုန်း တစ်နေ့ ၅၁ စီးမှ အစီး ၅၀၀ အထိ ဖြတ်သန်းသွားလာမှုသာ အကျယ် ၁၈ ပေ လမ်းအဖြစ်လည်းကောင်း၊ ၅၀၁ စီးမှ အစီး ၂၀၀၀ ထိ ဖြတ်သန်းသွားလာမှုသာ ၂၄ ပေ အကျယ်နှစ်လမ်းသွားအဖြစ်လည်းကောင်း အဆင့်မြှင့်တင်ဖောက်လုပ်ရန် သတ်မှတ်ထားရှိပါသဖြင့် လက်ရှိယာဉ်စီးရေ စံနှုန်းအရ နှစ်လမ်းသွားအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၉၇၆ ဒသမ ၀၇၅ သန်းဖြင့် မင်းဘူး-အမ်းလမ်း မိုင် ၆၁/၀ မှ ၉၇/၂ အတွင်း အန္တရာယ်ရှိသော တောင်တက်တောင်ဆင်းလမ်းကွေ့နေရာများအား တစ်ဖက်လျှင် ခြောက်ပေစီချဲ့ပြီး ကတ္တရာလမ်းခင်းရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်သောကြောင့် အဆိုပါလုပ်ငန်းများ ဆောင်ရွက်အကောင်အထည်ဖော်ပြီးစီးပါက ယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၉။ **ရန်ကုန်-တောင်ကုတ်-ကျောက်ဖြူ ပြည်ထောင်စုလမ်းမကြီးကို ၂၀၀၆ ခုနှစ်ကပင် စတင်ဖွင့်လှစ်အသုံးပြုခဲ့ပါသည်။ ကျောက်ဖြူမြို့နှင့် အနီးပတ်ဝန်းကျင်ဆက်စပ်နေသော မြို့နယ်များ၊ မြို့နယ်ခွဲများနှင့် ကျေးရွာများ၏ ဆင်းရဲမှုလျှော့ချရေးနှင့် လူနေမှုဘဝမြှင့်တင်ရေးအတွက် ရန်ကုန်-ကျောက်ဖြူလမ်းအပိုင်းတွင် ပန်းတောင်း-တောင်ကုတ်အပိုင်း၊ တောင်ကုတ်-မအီအပိုင်း၊ မအီ-စနဲ-ရမ်းဗြဲအပိုင်းများမှာ ယခုအခါ ယိုယွင်းပျက်စီးမှုများရှိနေသည့်အတွက် အများပြည်သူ၏ လိုလားတောင့်တချက်နှင့်အညီ လမ်းပိုင်းများကို အဆင့်မြှင့်ပြုပြင်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ပန်းတောင်း-တောင်ကုတ်လမ်းအပိုင်းသည် မိုင်တိုင် ၄၆/၇ မှ ၁၀၂/၂ အထိ ၅၅ မိုင် သုံးဖာလုံရှိပြီး ကတ္တရာလမ်းဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သတင်းတိုများ

အကြံညဏ်ရယူသည့် တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ကမ္ဘာ့ဘဏ် မြန်မာနိုင်ငံရုံးမှ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု အဆုံးသတ်ရေးနှင့် သာယာဝပြောမှုများကို ဝေမျှနိုင်ရေး ဦးတည်ဆောင်ရွက်နိုင်ရန် စနစ်တကျလေ့လာဆန်းစစ်မှု (Systematic Country Diagnostic) အကြံညဏ်ရယူသည့် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၄ ရက် ညနေ ၃ နာရီက ကျင်းပသည်။ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးစိုးသာ၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်၊ အတွင်းရေးမှူး ဦးအေးမောက်၊ ကော်မတီဝင်များ၊ ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ကော်မတီများနှင့် အမျိုးသားလွှတ်တော်ကော်မတီများမှ ကော်မတီဝင်များ တက်ရောက်ကြသည်။ ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများက မြန်မာနိုင်ငံတွင် ဆင်းရဲမှုအဆုံးသတ်ရေးနှင့် သာယာဝပြောမှုများကို ဝေမျှနိုင်ရေးဆောင်ရွက်နိုင်ရန် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာသော ကော်မတီဝင်များက အကြံပြုချက်များကို ပြန်လည်ဆွေးနွေးပြီး ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများက ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော်စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

GSMမိုဘိုင်းစခန်းနှင့် တာဝါတိုင်များတည်ဆောက်ပြီးစီး

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် GSM မိုဘိုင်းစခန်းနှင့် တာဝါတိုင် ၂၀ ကို Aether ကုမ္ပဏီနှင့် ဆောင်ရွက်လျက်ရှိရာ မိုဘိုင်းစခန်းအဆောက်အအုံ တည်ဆောက်မှုနှင့် တာဝါတိုင် တည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့်နီးပါး ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ ယခုဘဏ္ဍာနှစ်အတွင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် ချင်းရွှေဟော်၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် ဟိုပန်မြို့နှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် နမ့်ဆန်နှင့် မန်တုံမြို့တို့တွင် GSM မိုဘိုင်းစနစ်များထည့်သွင်းတပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

မြန်မာစာဖွံ့ဖြိုးမှုအတွက် အလှူငွေ ငွေပဒေသာပင်စိုက်ထူ

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ကျောင်းသား ကျောင်းသူများအနက် မြန်မာစာဂုဏ်ထူးရှင်များအား ဂုဏ်ပြုချီးမြှင့်သောအနေဖြင့် နေပြည်တော်နေ စာရေးဆရာဦးဟန်ညွန့် (ဥပဒေ)နှင့်ဇနီးစာရေးဆရာမ ညိုညိုယဉ်(ဒိုက်ဦး)မိသားစုက ငွေပဒေသာပင် မတည်အလှူငွေကျပ်သုံးသိန်းကို ဇွန် ၃ ရက် နံနက် ၉ နာရီက ဒိုက်ဦးမြို့နေအိမ်၌ ဒိုက်ဦးမြို့ ကန်ဦးကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများထံ ပေးအပ်လှူဒါန်းသည်။ ဆုများကို ဒိုက်ဦးမြို့ ကန်ဦးကျောင်း ကျောင်းသား ကျောင်းသူဟောင်းများကို နှစ်စဉ်ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်သည်။ အဆိုပါ မြန်မာစာဂုဏ်ထူးဆုကို အလှူရှင်များ၏ အဘွားဒေါ်စောအား ရည်စူး၍ မြန်မာစာ ဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုလှူဒါန်းခြင်းဖြစ်ကြောင်း စာရေးဆရာ ဦးဟန်ညွန့်(ဥပဒေ)က ပြောသည်။ **မျိုးဇေယျာ(ပျဉ်းမနား)**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါရုံးလုပ်ငန်းသုံးစက်ပစ္စည်း (၇)မျိုးနှင့် ပရိဘောဂ (၁)မျိုးကို ဝယ်ယူလိုပါသဖြင့် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

(က)	Video Camera and accessories (Sony HXR-NX 70 N)	3 Sets.
(ခ)	Motor and Pump (440 V, 3.5 KW)	1 No
(ဂ)	Transformer (315 KVA)	1 No
(ဃ)	Laptop Computer	5 Nos.
(င)	Color Copier	2 Nos.
(စ)	A4 Scanner	2 Nos.
(ဆ)	Sofa Settee	2 Sets.

၂။ ဈေးနှုန်းအဆိုပြုလွှာများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဖြည့်တင်းရေးနှင့်သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၂၁၉၊ ၀၉-၄၃၀၃၆၆၇၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မွေးသက္ကရာဇ် အမှန်

ပင်းတယမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်းမှ RIMADEVI (ခ) မလှလှဝင်း၏ မွေးသက္ကရာဇ်မှန်မှာ (၂-၁-၁၉၉၉)ဖြစ်ပါကြောင်း။

အမွေပြတ်စွန့်လွှတ်ခြင်း

ဖြူးမြို့နယ်၊ ပျဉ်းမပင်ကျေးရွာနေ ဦးရမ်းဒူးလာရ် ၇/ဖမန(နိုင်)၀၉၄၅၆၂၏ သား မောင်ကီးစိုရ်ကူမား (နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားဆဲ)သည် မိဘကိုအကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အသိပေးအပ်ပါသည်။

ရမ်းဒူးလာရ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါအဆောက်အအုံ၊ အခန်း၊ မြေကွက်လွတ်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) **ငှားရမ်းမည့်အဆောက်အအုံ/အခန်းများ**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ရှိအဆောက်အအုံတစ်လုံး၊ အခန်းလေးခန်း၊ မြေကွက်လွတ်တစ်ခု၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ အဆောက်အအုံတစ်ခု၊ ရှမ်းပြည်နယ်၊ လားရှိုးမြို့ရှိ ဈေးဆိုင်ခန်းနှစ်ခန်း။

(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန်** - ၁၉-၆-၂၀၁၄ မှ ၁-၇-၂၀၁၄ ထိ - ရုံးချိန်အတွင်းသာ

(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ (ရုံးအမှတ်-၃)၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊နေပြည်တော်

(ဃ) **တင်ဒါတင်သွင်းဖွင့်ဖောက်မည့် ရက်/အချိန်/နေရာ** - ၂-၇-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ ကူးသန်းရောင်းဝယ်ရေးစားသုံးသူရေးရာဦးစီးဌာန၊ရုံးအမှတ်(၃)၊ နေပြည်တော်

၂။ တင်ဒါဖွင့်ဖောက်မည့်ရက်တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် တင်ဒါစိစစ်ရေးကော်မတီ၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးအတွင်း ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ငှားရမ်းမည့်အဆောက်အအုံ/အခန်း/မြေကွက်လွတ်(၉)ခု၏ အသေးစိတ်အချက်အလက်များကို တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၈၁၇၁သို့ ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်မ မိုးနှင်းဖြူ၏ Passport MA 047855 ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၆၇၀၀၉၁၁

ပြည်ထဲရေးဝန်ကြီးဌာန

ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် ပြည်ထဲရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုလက်အောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သော ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ မော်တော်ယာဉ်များ၊ မီးသတ်ယာဉ်နှင့် ယာဉ်အပိုပစ္စည်းများ၊ လုံခြုံရေး၊ စစ်ဆေးရေးနှင့်ဆက်သွယ်ရေးပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိက လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါပစ္စည်းများတင်သွင်းလိုသော ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၁၆-၆-၂၀၁၄ ရက်မှစ၍ နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၀)တွင် ဝယ်ယူနိုင်ပြီး ၁၆-၇-၂၀၁၄ ရက် ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ရုံးအမှတ် (၁၀)သို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြော်ငြာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က)	မြန်မာနိုင်ငံရဲတပ်ဖွဲ့	ဖုန်း-၀၆၇-၄၁၂၅၁၂၊ ၄၁၂၀၄၅
(ခ)	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ဖုန်း-၀၆၇-၄၁၂၄၁၄၊ ၄၁၂၅၂၈
(ဂ)	အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	ဖုန်း-၀၆၇-၄၃၁၃၇၄၊ ၄၃၁၃၉၆
(ဃ)	အကျဉ်းဦးစီးဌာန	ဖုန်း-၀၆၇-၄၃၁၄၁၆၊ ၄၃၁၄၂၀
(င)	မီးသတ်ဦးစီးဌာန	ဖုန်း-၀၆၇-၄၂၀၀၂၅၊ ၆၆၁၅၄၄

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အတိုးနှုန်းသက်သာသည့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးမှုမှသည် ပြည်သူများ၏ရင်မှ ထွက်ပေါ်လာသည့် ပီတိသံများ

နေပြည်တော် ဇွန် ၇

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲက ယခုနှစ်မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် တောင်သူလယ်သမားများ၏ လက်ဝယ်သို့ ဇွန်၄ စတင် ထုတ်ချေးပေးလျက်ရှိရာ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာများမှ လာရောက်ထုတ်ယူသည့် တောင်သူများအနေဖြင့် ဝမ်းသာပျော်ရွှင်လျက်ရှိကြသည်။

နိုင်ငံတော်က ယခုကဲ့သို့ အတိုးနှုန်းသက်သာစွာဖြင့် ဆောလျင်စွာ ထုတ်ပေးနိုင်အောင်စီစဉ်ဆောင်ရွက်ပေးမှုကြောင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာများမှ ပုံစံ(၇)များဖြင့် တဖွဲဖွဲ လာရောက်ထုတ်ယူသည့် တောင်သူလယ်သမားများ၏ ပျော်ရွှင်ကြည်နူးသည့်မြင်ကွင်း၊ နေပြည်တော် ကောင်စီနယ်မြေ၏ လမ်းညွှန်ချက်နှင့်အညီ ချေးငွေလာရောက်ထုတ်ယူသည့် တောင်သူအချို့၏ ပြောကြားချက်များကို ရေးသား တင်ပြလိုက်ပါသည်။

ဦးငွေသန်း(မန်နေဂျာ)
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ
တပ်ကုန်းမြို့

ကျွန်တော်တို့အနေနဲ့ နေပြည်

တော်ကောင်စီရဲ့ လမ်းညွှန်ချက်နဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကြီးကြပ်မှုဖြင့် တောင်သူတွေကို အချိန်မီ စိုက်ပျိုးနိုင်အောင် ရည်ရွယ်ပြီး အခုလို စောစီးစွာကြိုတင်ချေးငွေထုတ်ပေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်ဘဏ်ခွဲအနေနဲ့ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို စတင်ထုတ်ပေးနေပါတယ်။ ယခုထုတ်ပေးတာ ကတော့ ကျေးရွာအုပ်စု ငါးအုပ်စု မှာရှိတဲ့ တောင်သူ ၂၆၈ ဦးရဲ့ စပါးစိုက်ဧက ၁၂၁၇ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧက ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ၁၂၁၇ သိန်းထုတ်ချေးပေးပါတယ်။ နေပြည်တော်ကောင်စီက ချမှတ်တဲ့ စည်းကမ်းအတိုင်းပဲ ထုတ်ချေးသူတွေရဲ့ ပုံစံ(၇)တွေ သေချာစိစစ်ပြီးမှ ထုတ်ပေးတာဖြစ်ပါတယ်။ ဒီနှစ် ငွေကျပ် ၁၀၀ ကို တစ်လလျှင် ၄၂ ပြား အတိုးနှုန်းရှိတော့ မနှစ်က ထုတ်သူတွေရော၊ ဒီနှစ်မှ အသစ်ထုတ်တဲ့သူတွေပါ လာရောက်ထုတ်ယူတာတွေ့ရပါတယ်။ ဒီနေ့ထုတ်ပေးတာကတော့ မြို့ပေါ်ရှိ ဘုရင့်နောင်ရပ်ကွက်၊ အောင်ဇေယျရပ်ကွက်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြဝတီရပ်ကွက်နဲ့ ကြီးအင်းအုပ်စုတို့ ဖြစ်ပါတယ်။

ဒေါ်သန်းမြင့်(တောင်သူဦးစီး)
ဘုရင့်နောင်ရပ်ကွက်
တပ်ကုန်းမြို့

ဒီနေ့စိုက်ပျိုးစရိတ်ချေးငွေတွေ ထုတ်ပေးမယ်ဆိုတော့ ကျွန်မအနေနဲ့ ဝမ်းသာစွာနဲ့ လာခဲ့တာပါ။ ဒီနှစ် အတိုးနှုန်းကလည်း သက်သာတော့ ပိုပြီး ဝမ်းသာတာပေါ့။ ကျွန်မကတော့ ပြီးခဲ့တဲ့နှစ်ကအတိုင်းပဲ။ စပါးစိုက်ဖို့ ငါး ဧကအတွက် ငါးသိန်းချေးပါတယ်။ ငွေထုတ်ရတာလည်း ဘာအခက်အခဲမှ မရှိပါဘူး။

ဦးရွှေကို(တောင်သူဦးစီး)
ကြီးအင်းအုပ်စု၊ ကြီးအင်းကျေးရွာ
တပ်ကုန်းမြို့

နိုင်ငံတော်က တောင်သူတွေကို စိုက်ပျိုးစရိတ်ချေးငွေတွေ အခုလို စောစောစီးစီးထုတ်ပေးလို့ ကျွန်တော်တို့ တောင်သူတွေအနေနဲ့ ဝမ်းသာပါတယ်။ ကျွန်တော်တို့ဒေသတွေက ဆင်သေ ဆည်ရေသောက်လည်းဖြစ်တော့ စိုက်ပျိုးရေးအတွက် သိပ်အခက်အခဲလည်းမရှိပါဘူး။ ဒါပေမယ့် လယ်ယာမြေမှတ်ပုံတင်လုပ်တဲ့ အခါမှာတော့ အချိန်နည်းနည်းစောင့်ရတာကလွဲလို့ ကျန်တာသိပ်အခက်အခဲမရှိပါဘူး။ ကျွန်တော်တို့ အုပ်စုအနေနဲ့ကတော့ ဒီနှစ်မှစတင် ချေးတာပါ။

ဦးမြင့်ဦး(တောင်သူဦးစီး)
အောင်ဇေယျရပ်ကွက်
တပ်ကုန်းမြို့

ကျွန်တော်ကတော့ စိုက်ပျိုးဧက ၁၄ ဧကရှိပါတယ်။ သတ်မှတ်ချက်အရ ၁၀ ဧကအတွက် ၁၀ သိန်းပဲ

ချေးပါတယ်။ နိုင်ငံတော်အနေနဲ့ တောင်သူလယ်သမားတွေရဲ့ စိုက်ပျိုးရာသီအစမှာ လိုအပ်နေတဲ့ ငွေကြေးအရင်းအနှီးကို အတိုးနှုန်းသက်သာစွာနဲ့ ထုတ်ချေးပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေနဲ့ တာဝန်ရှိသူများအားလုံးကို ကျွန်တော်တို့ တောင်သူတွေအနေနဲ့ ကျေးဇူးတင်ပါတယ်။ တောင်သူတွေအနေနဲ့ကတော့ တကယ်တမ်းပြောရရင် ရာသီဥတုတွေ၊ စိုက်ရေးပျိုးရေးတွေမှာ အခက်အခဲတော့ အနည်းနဲ့အများရှိကြပါတယ်။ ဒါပေမယ့် ဒီလိုအတိုးနှုန်း သက်သက်သာသာနဲ့ ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်ရဲ့ စေတနာတွေအပေါ်မှာလည်း ကျွန်တော်တို့အနေနဲ့ သတ်မှတ်ထားတဲ့ ကာလအချိန်မီ ပြန်ဆပ်နိုင်အောင် ကြိုးစားပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။ တင်ပြချင်တာလေးတစ်ခုက ဒီစိုက်ပျိုးစရိတ်ချေးငွေက လက်ရှိရှိနေတဲ့လယ်ယာစိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးက လယ်ယာလုပ်သားရှားပါးမှုနဲ့ တခြားကိစ္စရပ်တွေ ပါရှိလာတော့ ကုန်ကျစရိတ်တွေက များလာပါတယ်။ များလာတဲ့အတွက်ကြောင့် အရင်းအနှီးစိုက်ထုတ်မှုကို နိုင်ငံတော်အစိုးရက ဒီလိုသက်သက်သာသာနဲ့ ဧကအတိုင်း ပြည့်ပြည့်ဝဝလေးပေးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးစေချင်ပါတယ်။

သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မောင်လွင်

အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

လက်ပံတန်းမြို့

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ ကွမ်းခြံအုပ်စု ကွမ်းခြံကျေးရွာတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၇ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ သစ်တောဦးစီးအရာရှိ ဦးမြင့်သိန်းဦးနှင့်ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မာမာအေးနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်ပြည်သူ ၂၅၀ တို့က ကျွန်း၊ ယူကလစ်၊ မန်ကျည်း၊ မဲဇလီ၊ မဟော်ဂနီ အပင် ၅၀၀ တို့ကိုစိုက်ပျိုးကြသည်။ **(၀၅၈)**

မြောင်

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနက စီစဉ်ကျင်းပသော ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပွဲတော်ကို ဇွန် ၆ ရက် နံနက် ၈ နာရီက အုတ်နဲ့ဘုတ်ကျေးရွာအုပ်စု မြစ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။ **(မြို့နယ် ပြန်/ဆက်)**

မလှိုင်

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က မလှိုင်မြို့နယ် ကုန်းတဲကျေးရွာ အမက ကျောင်းရှေ့ ခရိုင်ချင်းဆက်လမ်းဘေး၌ကျင်းပသည်။ အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်သို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်နှင့်ဌာန ဆိုင်ရာများ၊ တာဝန်ရှိသူများ စုစုပေါင်း ၂၅၀ ကျော်ပါဝင်၍ အပင်ပေါင်း ၃၀၀ ကို ရေလောင်း စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **အောင်ဌေး(မလှိုင်)**

မတူပီ

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၅ ရက် နံနက် ၈ နာရီက မတူပီမြို့ ဂေါက်ကွင်း၌ကျင်းပရာ ယူကလစ်ပင် ၃၀၀၊ ခါတော်မီပင် ၂၀၀ စုစုပေါင်း အပင် ၅၀၀ စိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အင်္ဂပူ

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်တွင် ဇွန် ၅ ရက်က အထက အင်္ဂပူငုရွှေဝါခန်းမ၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနား ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းကျော်က ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောခဲ့သည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ NGO များ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျောင်းဝင်းအတွင်း ပိတောက်၊ မဟော်ဂနီနှင့် ပျဉ်းကတိုးပင်များ စုစုပေါင်း အပင် ၃၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မန်းကျော် ပြန်/ဆက်**

တီးတိန်

ချင်းပြည်နယ် တီးတိန်မြို့တွင် ၂၀၁၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၅ ရက်က တီးတိန်မြို့ ရှောင်စွန်းတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးလတ်က အမှာစကားပြောကြားပြီး တက်ရောက်သူများက စုပေါင်းသစ်ပင်များ စိုက်ပျိုးကြကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

ဘဏ္ဍာရေးဝန်ကြီးဌာန
အခွန်အယူခံခုံအဖွဲ့ရုံး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဘဏ္ဍာရေးဝန်ကြီးဌာန အခွန်အယူခံခုံအဖွဲ့ရုံးတွင် လက်ရှိအသုံးပြုလျက်ရှိသည့် တရားခွင်စားပွဲနှင့် ကုလားထိုင်များအား အသစ်လဲလှယ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသည့် ပရိဘောဂလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၉-၆-၂၀၁၄
တင်ဒါပိတ်မည့်ရက် - ၂၇-၆-၂၀၁၄

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

ရုံးအမှတ်(၄၆)၊ အခွန်အယူခံခုံအဖွဲ့ရုံး
ဖုန်း-၀၆၇-၄၃၀၁၇၁

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှအသုံးမပြုတော့သည့် အောက်ဖော်ပြပါ ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း နေရာဌာနအသီးသီးအလိုက် ရောင်းချမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါများကို ၈-၇-၂၀၁၄ ရက် ၁၁း၀၀နာရီ နောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	အမှတ်စဉ်	ပစ္စည်းအမျိုးအမည်	တည်ရှိရာနေရာ
(၁)	၂/၂၀၁၄	ဒီဇယ်ဆီ(၁၂၀၁၂)ဂါလန်	ထမံသီဆီဖြန့်ဝေရေးစခန်း (ဟင်္သာနောင်စခန်းခွဲ/ပဒေါင်စခန်းခွဲ)၊ ဟုမ္မလင်းမြို့နယ်၊
		Aeroshell Turbine Oil-750 ၂၀ လီတာ×၂၃၃၉ ပုံး	ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (ခနိတော)၊ ရန်ကုန်မြို့
(၂)	၃/၂၀၁၄	တာယာ(၂၈၄၂)လုံး/ ဘက်ထရီ ၃၃ လုံး ပီပါခွံဟောင်း ၂၃၈၆ လုံး	ခနိတော/ချောက်/စစ်တွေ/သံတွဲ/မြိတ်/ထားဝယ်

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉-၆-၂၀၁၄ရက်မှစတင်၍ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးများ (ခနိတော၊ ရန်ကုန်မြို့/မန္တလေးမြို့)နှင့် ဤရုံးဌာနတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၉၂၊ ၀၆၇-၄၁၁၂၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်

၅၄" ကြမ်းခင်းကော်ဖော ၁၄၈၄ကိုက်အား လွှတ်လပ်စွာဝယ်ယူနိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အုတ်ကျင်းဂုန်နီစက်ရုံရှိ ၅၄" ကြမ်းခင်းကော်ဖော၁၄၈၄ကိုက်အား ရောင်းချရန်ရှိပါသဖြင့် တစ်ကိုက်လျှင် ၃၂၀၀ိ/-(ကျပ်သုံးထောင့်နှစ်ရာတိတိ)ဖြင့် လွှတ်လပ်စွာဝယ်ယူရရှိနိုင်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရုံးအမှတ်(၅၀)၊ နေပြည်တော်
ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၃၁၁၂၂၊ ၀၆၇-၄၃၁၃၁၄
အုတ်ကျင်းဂုန်နီစက်ရုံ-ဖုန်း-၀၁-၆၈၁၆၀၀

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊အမှတ်(၂၄) အကြီးစားစက်ရုံ (ဒဂုံ)တောင်ဒဂုံစက်မှုဇုန်(၁)ရှိ ဘို့၊ နပ်၊ ဘက်ထရီအိုးခွံနှင့် ဝိုင်ယာနန်းဆွဲအလုပ်ရုံကို နှစ်ရှည်ငှားရမ်းဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ဝင်စားသူများအနေဖြင့် အသေးစိတ်အချက်အလက်များ၊ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၉-၆-၂၀၁၄ ရက် ၉း၀၀ နာရီမှစတင်၍ အောက်ပါလိပ်စာတွင် ဝယ်ယူနိုင်ပါသည်-

စီမံရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၁၅၁၊ ၀၆၇-၄၀၅၀၅၈

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၉)၊ နဝမတန်းမှ မနှင်းနန္ဒာစိုးနှင့် အဋ္ဌမတန်းမှ မလင်းလင်းခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ပါ ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၉၈၄၉၅ Jialing Super Cub 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လှိုင်ဦး ၁၄/ပသရ(နိုင်)၀၀၀၃၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၁၉၂၈ Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာအောင်မြင့် ၉/ပဥလ(နိုင်)၀၀၃၈၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

အမည်ပြောင်း

ရပ်စောက်မြို့နေ ဗိုလ်ကြီးမြင့်ထွန်းနိုင်-ဒေါ်ခိုင်ခိုင်မြင့်တို့၏သား မောင်ဇေရတုအား မောင်ဇေယျတုဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဇေယျတု

ဖခင်အမည်မှန်

တန့်ယန်းမြို့နယ် မိုင်းကောင် အထက အဋ္ဌမတန်းမှ မနန်းနွံလှိုင်းနှင့် စတုတ္ထတန်းမှ နန်းငင်းလောင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းသန်းသူ ၁၃/ပယန(နိုင်)၀၀၀၀၅၉ ဖြစ်ပါသည်။

အမည်မှန်

လားရှိုးမြို့၊ အထက(၆) ဆဋ္ဌမတန်းမှ နန်းခမ်းလှိုင်း၏ အမည်မှန်မှာ မစန်းစန်းအေးဖြစ်ပါသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တာချီလိတ်မြို့တွင် အသွားအိုတစ်ဦး ပလက်ဖောင်းပေါက်အတွင်းချော်ကျပြီး သေဆုံး

တာချီလိတ် ဇွန် ၈

တာချီလိတ်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်ရှိ ပလက်ဖောင်းပေါက်အတွင်း အသွားအိုတစ်ဦး ချော်ကျ၍ သေဆုံးမှု ဇွန် ၂ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဇွန် ၂ ရက် နံနက် ၁၀ နာရီခန့်က တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်နေ အသွားအေါ်နန်းတစ် (၇၅ နှစ်) သည် နေအိမ်မှ မဟာမုနိကျောင်းတိုက်သို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်မှ လျှောက်သွားစဉ် ကျိုးပေါက်ပျက်စီးနေသော ပလက်ဖောင်းပေါက်အတွင်း ချော်လဲကျကာ ဦးခေါင်းဖောက်ထိုးဖြစ်သွားပြီး ရေစီးရေလာမရှိသော မြောင်းအတွင်းမှ ရေပုပ်များအနံ့ကို ရှူရှိုက်မိကာ သတိလစ်မေ့မြောနေခဲ့သည်။

"မြောင်းထဲမှာ ဘယ်လောက်ကြာကြာ ဇောက်ထိုးကျပြီး မေ့နေသလဲတော့မသိဘူး။ ရဲအရာရှိတစ်ယောက်က ကြယ်တံခွန်စတိုးမှာ ဈေးလာဝယ်ရင်း လှမ်းတွေ့သွားပြီး ထူပေးတော့ သတိမရတော့ဘူး။ မြောင်းပျက်ထဲက ဆယ်ပေးပြီးတော့ အဲဒီအသွားရဲ့ မိသားစုတွေကို အသိပေးပြီး ဆေးရုံပို့ပေးလိုက်တယ်" ဟု မျက်မြင်တွေ့လိုက်သူတစ်ဦးက ပြောသည်။ အသွားအေါ်နန်းတစ်၏ မိသားစု ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ ဆေးရုံသို့ တင်ပို့ကုသခဲ့သော်လည်း ချော်ကျမှုကြောင့် လည်ဆစ်ရိုး လွဲသွားကာ အဆုတ်အတွင်းသို့ မသန့်ရှင်းသောရေများ ဝင်ရောက်မှုကြောင့် ဇွန် ၄ ရက်တွင် ဆေးရုံ၌ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်ရပ်နှင့် ပတ်သက်၍ ဒေသခံကျောင်းသားမိဘတစ်ဦးက "မြို့လယ်ကောင်မှာ လမ်းဘေးပလက်ဖောင်းတွေကို အဖုံးမဖုံးထားတာတွေ၊ ဖုံးထားတာတွေကလည်း ကျိုးနေပေါက်နေတာတွေ အများကြီးပါပဲ။ အခုလို သက်ကြီးရွယ်အိုတွေ အတွက်ရော ကျောင်းသား ကျောင်းသူတွေအတွက်ပါ အလွန်အန္တရာယ်များပါတယ်။ တာချီလိတ် အထကရှေ့နားမှာလည်း မြောင်းဖုံးတွေမဖုံးဘဲ ဒီအတိုင်းထားထားတာ အများကြီးရှိနေတယ်။ သက်ဆိုင်ရာတွေအနေနဲ့ ဒီရေမြောင်းတွေကို ဖုံးအုပ်ပေးဖို့၊ ကျိုးပေါက်နေတာတွေ ပြင်ပေးဖို့ကို အရေးတကြီး လုပ်ပေးစေချင်ပါတယ်"ဟု ပြောသည်။

တာချီလိတ်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးကို ၂၀၁၂ ခုနှစ်တွင် ကွန်ကရစ်လမ်းမကြီးအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့သည်။ လမ်းမကြီးကို အဆင့်မြှင့်ခင်းခဲ့သည်မှာ နှစ်နှစ်ကျော်ပြီ ဖြစ်သော်လည်း လမ်းဘေးရှိ ပလက်ဖောင်းများ၊ ရေမြောင်းဖုံးများကို သက်ဆိုင်ရာက စနစ်တကျပြုပြင်ပေးခြင်းမရှိသေးသဖြင့် လမ်းလျှောက်သူများအတွက် အဆင်မပြေဖြစ်နေကြောင်း မြို့ခံများထံမှ သိရသည်။

ထို့ကြောင့် မြို့အင်္ဂါရပ်နှင့်ညီပြီး လမ်းမကြီးနှင့် လိုက်လျောညီထွေဖြစ်မည့် စနစ်ကျသော ပလက်ဖောင်းများကိုပါ အမြန်တည်ဆောက်ပေးစေလိုကြောင်း တာချီလိတ်မြို့ခံများက ပြောသည်။

မောင်ယဉ်ကျေး

ကျောက်မဲတွင် မိုးရာသီစိုက်ပျိုးစရိတ် သန်းပေါင်း ၁၃၀၀ ကျော် ထုတ်ချေး

ကျောက်မဲ ဇွန် ၈

ချေးငွေအကျေပြန်ဆပ်ပြီးသော လယ်သမား ၅၀၀၀ကျော်အား မိုးသီးနှံစိုက်ပျိုးထုတ်လုပ်စရိတ်ချေးငွေ ကျပ်သန်းပေါင်း ၁၃၀၀ ကျော်ကို ဇွန် ၅ ရက်က စတင်ထုတ်ချေးလျက်ရှိကြောင်းသိရသည်။

ကျောက်မဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၆ စုမှ တောင်သူလယ်သမား ၅၀၇၅ တို့အတွက် မိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှုစရိတ် ချေးငွေကျပ် ၁၃၁၉ သန်းကို ကျောက်မဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် စတင်ထုတ်ချေးလျက်ရှိသည်။ ဇွန် ၅ ရက်က ကျောက်မဲမြို့နယ် နမ့်ဟူးတောင်းကျေးရွာအုပ်စု၊ ပင်တိန်ကျေးရွာအုပ်စုတို့မှ တောင်သူ ၁၇၆ ဦးကို ၂၀၁၆ခုနှစ် မိုးသီးနှံထုတ်လုပ်မှုအတွက် ငွေကျပ် ၉၈၄ သိန်းကို ထုတ်ချေးပေးခဲ့ပြီး ကျန်ကျေးရွာများကို နောက်ရက်များတွင် ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်(ကျောက်မဲ)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနား ပြင်ဦးလွင်၌ ကျင်းပ

ပြင်ဦးလွင် ဇွန် ၈

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူပွဲအခမ်းအနားကို ဇွန် ၅ ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မန္တလေး -လားရှိုးလမ်းမတော်ဆီဆိုင်အပိုင်းအနီး၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိုင်းရွက်ဆိုင်နှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ရပ်ကွက်အတွင်းရှိ လုပ်သားပြည်သူများ စုစုပေါင်း ၁၂၀ တက်ရောက်ကြသည်။

ထို့နောက် ပြင်ဦးလွင်မြို့ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းတွင်လည်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကျင်းပရာ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ အင်အား ၄၀၀ တက်ရောက်သည်။

(၄၃၂)

ကျောင်းသားများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ဘားအံ ဇွန် ၈

ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိသင့်သိထိုက်သောအချက်များ ပညာပေးဟောပြောပွဲကို ကရင်ပြည်နယ် ဘားအံမြို့ အထက(၁) မြသံလွင်ခန်းမ၌ ဇွန် ၅ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်၊ လမ်းအမှတ်အသားများ၊ အချက်ပြစနစ်များ၊ ခြေကျင်လျှောက်သူများလိုက်နာရမည့်စည်းကမ်းချက်များ၊ မော်တော်ဆိုင်ကယ်အန္တရာယ်ဖြစ်မှုလျော့နည်းကျဆင်းရေး အသိပညာပေးများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်တိုက်မှုဖြစ်စဉ်များ၊ ကျောင်းသားလူငယ်များ လမ်းဖြတ်ကူးခြင်းမှအစ အရွယ်ရောက်၍ အနေးယာဉ်နှင့် အမြန်စက်တပ်ယာဉ်များဖြင့်သွားလာရာတွင် သိသင့်သိထိုက်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဘားအံနှင့် အမှတ် (၇) ယာဉ်ထိန်း ဒုတိယရဲတပ်ဖွဲ့ခွဲမှူးရုံး ဘားအံတို့မှ တာဝန်ရှိသူများက လာရောက်ဟောပြောခဲ့ပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၆၀၀ တက်ရောက်ခဲ့ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့သည်။

ထွန်းထွန်းထွေး(ဘားအံ)

စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ်မောင်းပြေးသောယာဉ် ပိုင်ရှင်မဲ့အဖြစ် သိမ်းဆည်းရမိ

သထုံ ဇွန် ၈

သထုံမြို့နယ်တွင် စစ်ဆေးရန် ရပ်တန့်ခိုင်းသည်ကို မရပ်တန့်ဘဲ ကားကိုထားကာ ထွက်ပြေးသွားသဖြင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

သထုံခရိုင်အတွင်း ဒုစရိုက်မှုခင်းများ လျော့နည်းကျဆင်းစေရေးအတွက် မူးယစ်ဆေးဝါးနှိမ်နင်းရေးဌာနမှ ရဲအုပ်အောင်သူ ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဇွန် ၅ ရက်က သထုံမြို့နယ် ပေါ်တော်မူကျေးရွာ မော်လမြိုင်-ရန်ကုန် ကားလမ်း မိုင်တိုင်အမှတ် (၁၄၈/၂) နှင့် (၁၄၈/၃) အကြားတွင် ယာဉ်များကို ရပ်တန့်စစ်ဆေးခဲ့သည်။ ယာဉ်အမှတ် YGN-2G-5126 အဖြူရောင်(ခဲပတ်) Toyota Crown အမျိုးအစား ယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းပြေးသွားခဲ့သဖြင့် လိုက်လံဖမ်းဆီးရာ ကားကို ပေါ်တော်မူဘုရား အုတ်တံတိုင်းအနီး ရော်ဘာခြံဘေးတွင် သော့တန်းလန်းဖြင့် ရပ်တန့်ထားခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် သိမ်းဆည်းရမိသည့် ပိုင်ရှင်မဲ့မော်တော်ယာဉ်ကို သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လိုင်စင် မှန် မမှန် စိစစ်ကာ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သက်ဦး(သထုံ)

ဖခင် အမည်မှန်

လားရှိုးမြို့၊ လူ့ချွန်ရူကျောင်းကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မြွေနှမ်းဆိုင်၏ ဖခင်အမည်မှန်မှာ ဦးအိုက်ပြာ ၁၃/မရက(နိုင်)၀၀၆၃၇၃ ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အရှေ့ပိုင်း မဲခေါင်မြစ်ကူးတံတားတွင် BORDERCONTROL FACILITIES တည်ဆောက်ရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)မှ တာဝန်ယူကြီးကြပ်လျက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ ၄င်းတည်ဆောက်ရေးလုပ်ငန်းတွင်လိုအပ်သည့် အောက်ဖော်ပြပါတည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

(၁) ဘိလပ်မြေ(ထိုင်းဆင်)
(၂) မြစ်သဲ
(၃) ကျောက်ကြီး
(၄) မြစ်ကျောက်စရစ်/CHIPPING
(၅) အုတ်
(၆) သံချောင်းလုံး ၁၂ မမနှင့်အောက်
(၇) သံချောင်းလုံး ၁၂ မမအထက်
(၈) တောသစ်

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၄-၆-၂၀၁၆ ရက်၊ မွန်းတည့် ၁၂:၀၀ နာရီ
၃။ **တင်ဒါစိစစ်ဖွင့်မည့်ရက်နှင့်အချိန်** - ၂၄-၆-၂၀၁၆ ရက်၊ မွန်းလွဲ ၂:၀၀ နာရီ
၄။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - တာချီလိတ်ခရိုင်၊ အင်္ဂလိနီယာရုံး၊ တာချီလိတ်မြို့။

၅။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆) မန္တလေးမြို့တွင် ၉-၆-၂၀၁၆ ရက်မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လျှပ်စစ်လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူတပ်ဆင်လိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

(က) Out Door LED Display Board System (26ft × 16ft) များ ဝယ်ယူတပ်ဆင်ခြင်း
(ခ) လျှပ်စစ်သွယ်တန်းခြင်း (ရေရှည်ရေးအတွက်) ဆောင်ရွက်ခြင်း

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား အောက်ပါအတိုင်း ဝယ်ယူနိုင်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၁၂-၆-၂၀၁၆ရက်၊ ၉:၃၀နာရီ
(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၅-၆-၂၀၁၆ရက်၊ ၁၅:၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၃၀-၆-၂၀၁၆ရက် ၁၃:၀၀နာရီ ရုံးအမှတ် (၆၀)၊ နေပြည်တော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

ရုံးအမှတ် (၆၀)၊ နေပြည်တော်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၅၉၀၅၃၀၊ ၀၆၇-၅၉၀၅၀၆

ယာဉ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၇၆၂၉၇ Kenbo -125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်သူ ၁၃/လရန(နိုင်)၀၈၂၈၁၇၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (နေပြည်တော်)

အမည်မှန်နှင့်ဖခင် အမည်မှန်

ဖားကန့်မြို့နယ်၊ လုံခင်း အထက နဝမတန်း (A)ရှိ မမျိုးဟောမ်၏ အမည်မှန်မှာ မဖော်ဂျူးမျိုးဟောမ် ဖြစ်ပြီး ဖခင်၏အမည်မှန်မှာ ဦးဖော်ဂျူးနော်မိုင် ၁/ကမန(နိုင်)၀၀၀၅၆၅ ဖြစ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်စတိုရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၉-၆-၂၀၁၆ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၂-၆-၂၀၁၆ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန ရုံးအမှတ်(၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
အင်းစိန်နံ့တင်(၃၀၀)ဆံ့ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အင်းစိန်နံ့တင်(၃၀၀)ဆံ့ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခြောက်လစာ လေးထပ်ဝန်ထမ်းအိမ်ရာနှစ်လုံး၊ ဆောက်လုပ်ရန် တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါပုံစံများအား ၉-၆-၂၀၁၆ရက်မှစ၍ ဆေးရုံအုပ်ကြီးရုံး၊ အင်းစိန်သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီးတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၉-၇-၂၀၁၆ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂:၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သတင်းတို

မြင်းခြံ
နည်းပညာတက္ကသိုလ်တွင် စာပေဟောပြောပွဲကျင်းပ

မြင်းခြံ ဇွန် ၈

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့ အစိုးရနည်းပညာတက္ကသိုလ်တွင် ဆရာ ဆရာမများနှင့် ကျောင်းသားများ၊ သမဂ္ဂအဖွဲ့ဝင်များ စီစဉ်ကျင်းပသည့် ပထမဆုံးအကြိမ် စာပေဟောပြောပွဲကို ဇွန် ၆ ရက်ညနေ ၆နာရီက တက္ကသိုလ်ပရဝုဏ်ကွင်းပြင်၌ ကျင်းပကြောင်း သိရသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာများဖြစ်ကြသည့် ညီမင်းညို၊ ဦးဘုန်း(ဓာတု)နှင့် ချစ်ဦးညိုတို့က စာပေဗဟုသုတများ ဟောပြောသည်။ စာပေဟောပြောပွဲသို့ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဒေသခံစာပေမြတ်နိုးသူများ စုစုပေါင်း ၂၀၀၀ ခန့် လာရောက်နားထောင်ခဲ့ကြောင်း သိရသည်။ **(၄၃၅)**

ဒူးရင်းသီး အထွက်နှုန်းနည်းပါးပြီး ဈေးမြင့်သောကြောင့် ရောင်းချသူများတွက်ခြေမကိုက်

သထုံ ဇွန် ၈

မွန်ပြည်နယ် သထုံမြို့နယ်၌ ယခုနှစ်တွင် ဒူးရင်းသီးအထွက်နောက်ကျကာ အထွက်နှုန်းလည်းနည်းပါးပြီး ဝယ်ရင်းဈေး မြင့်မားသောကြောင့် ဒေသဒူးရင်းသီး ဝယ်ယူရောင်းချသူများ တွက်ခြေမကိုက်ဖြစ်နေသလို တစ်နှစ်စာသီးစား ဝယ်ယူသူများလည်း အရှုံးနှင့် ရင်ဆိုင်နေကြရကြောင်း သိရသည်။

"မနှစ်က ငွေကျပ် ၁၅၀၀ ခန့်နဲ့ ရောင်းတဲ့အရွယ်က ဒီနှစ် ငွေကျပ် ၂၀၀၀ ခန့် ရောင်းရတယ်။ ဒီနှစ်ဒူးရင်းအထွက်နှုန်းကလည်းကျတော့ ဝယ်ရင်းဈေးကလည်း မြင့်တယ်၊ နောက်ပြီး အရင်နှစ်တွေဆိုရင် တခြားဒေသတွေမှ ဒူးရင်းမထွက်ခင် ဒီဒေသက အရင်ထွက်တာ။ ဒီနှစ်ကျတော့ ထွက်ချိန်လည်း နောက်ကျတယ်။ ရေးဘက်က ဒူးရင်းသီး လှိုင်လှိုင်ပေါ်တဲ့အချိန်မှ ဒီမှာရှိတဲ့ ခြံတွေကထွက်တော့ အရောင်းအဝယ်က ထင်သလောက်မဖြစ်ဘူး။ ကျွန်မတို့ဆို အဝေးကိုမပို့တော့ဘူး၊ ဒီမှာပဲ ခရီးသွားတွေကို တစ်နိုင်

တစ်ပိုင်ရောင်းတာ၊ ဒူးရင်းသီးက ကြာရင်ပုပ်တော့ အဝေးပို့လို့ အချိန်ကုန်ပြီး ပုပ်ကုန်ရင် ဒိုင်တွေကပေးတဲ့ဈေးနဲ့ ဖြစ်သလို ရောင်းရမယ်၊ အဲဒါဆို ပိုရှုံးမှာ" ဟု သိမ်ဆိပ်ကျေးရွာ ရာသီပေါ်သစ်သီးဆိုင်တန်းတွင် ဒူးရင်းသီးရောင်းသူ ဒေါ်ရီရီမြင့်က ပြောသည်။

တစ်နှစ်စာသီးစားခြံ ဝယ်ယူရောင်းချသူတစ်ဦးက "ရော်ဘာဈေးကောင်းရတဲ့အချိန်မှာ ခြံရှင်တွေက ဒေသမျိုး ဒူးရင်းပင်တွေနေရာမှာ ရော်ဘာအစားထိုး စိုက်ပျိုးလာတာကြောင့် အပင်တွေနည်းသွားတယ်။ ဒီနှစ်ရာသီဥတုက အတော်ပူပြင်းတော့ အသီးတွေ နေလောင်ပြီး အတော်ပျက်စီးတယ်၊ ကျွန်တော်တို့က ခြံအနေအထားကို ကြည့်ပြီး ကြိုတင်ငွေပေးဝယ်ထားတော့ အခုလို အသီးအထွက်နည်းတဲ့အခါ အရှုံးနည်းအောင် ကိုယ်တိုင်ခြံထဲသွားပြီး ဂရုတစိုက်နဲ့ အသီးကြွေလိုက်ကောက်ရတယ်"ဟု ဆိုသည်။

ယခုလက်ရှိအချိန်တွင် သထုံမြို့ သိမ်ဆိပ်သစ်သီးဈေးတန်း၌ ဒေသဒူးရင်းမျိုးမှာ အလုံးအရွယ်အစားအလိုက် တစ်လုံးလျှင် ငွေကျပ်၅၀၀ မှ ၄၀၀၀ အထိ ဈေးပေါက်ပြီး ထိုင်းကိုင်းကူးမျိုးမှာ ငွေကျပ် ၁၅၀၀ မှ ၈၀၀၀ အထိ ဈေးပေါက်လျက်ရှိသည်။ ထိုင်းကိုင်းကူး ဒူးရင်းမျိုးမှာ အလုံးအရွယ်အစား ပိုမိုလှပသော်လည်း ဈေးမြင့်သဖြင့် ရန်ကုန်အပါအဝင် မြို့ကြီးများသို့သာ တင်ပို့မှုများကြောင်း သိရသည်။ သထုံမြို့နယ်ဘက်တွင်မူ အရသာ ပိုမိုကောင်းမွန်ပြီး လူတန်းစားမရွေးဝယ်ယူစားသုံးနိုင်သော ဒေသဒူးရင်းမျိုးများမှာ ပိုမိုအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ **သက်ဦး(သထုံ)**

မော်တော်ဆိုင်ကယ်လိုင်စင်များ နေ့ချင်းပြီးလုပ်ဆောင်ပေး

မြင်းခြံ ဇွန် ၈

မြင်းခြံမြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးတွင် မော်တော်ဆိုင်ကယ်လိုင်စင်များကို (One Stop Service) နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိရာ မော်တော်ဆိုင်ကယ်ပိုင်ရှင်များ ကိုယ်တိုင်လာရောက်၍ မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြသည်။

မော်တော်ဆိုင်ကယ် မှတ်ပုံတင်ခြင်းလုပ်ငန်းကို နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်ရန်အတွက် ယာဉ်စစ်ခြင်း၊ တန်ဖိုးဖြတ်ခြင်း၊ ငွေသွင်းခြင်းများကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနရုံးအတွင်းထားရှိပေး၍ လိုင်စင်လာရောက်လုပ်သူများ အဆင်ပြေကြောင်း၊ ယာဉ်မှတ်ပုံတင် စာအုပ်၊ နံပါတ်ပြား စသည်တို့ကို တစ်ရက်တည်းနှင့် အပြီးရသဖြင့် ယခင်ထက် များစွာ အချိန်ကုန်သက်သာကြောင်း လိုင်စင်လာလုပ်သူ ဆိုင်ကယ်ပိုင်ရှင်များထံမှ သိရသည်။

မြင်းခြံမြို့တွင် မော်တော်ဆိုင်ကယ်လိုင်စင်များကို ယနေ့အထိ စီးရေ ၇၈၀၀ နီးပါး၊ ညောင်ဦးမြို့တွင် ၁၀၆၆ စီး၊ ကျောက်ပန်းတောင်းမြို့တွင် ၁၆၀၄ စီး ပြုလုပ်ပေးပြီးဖြစ်ကြောင်းနှင့် မြင်းခြံမြို့တွင် နေ့စဉ် မော်တော်ဆိုင်ကယ် အစီးရေ ၁၀၀ ကျော် လိုင်စာလျှောက်ထားမှု လာရောက်ဆောင်ရွက်နေကြောင်း သိရသည်။ မြင်းခြံခရိုင်အတွင်းရှိ ငါန်းဇွန်မြို့သို့ ဇွန် ၁၂ ရက်နှင့် ၁၃ရက်၊ နွားထိုးကြီးမြို့သို့ဇွန် ၁၆ ရက်နှင့် ၁၇ ရက်နှင့် တောင်သာမြို့သို့ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် သွားရောက်၍ လိုင်စင်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးသွားမည်ဟု ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးဦးလေးနိုင်က ပြောသည်။ မြင်းခြံမြို့ ကညနရုံးတွင် မော်တော်ဆိုင်ကယ်လိုင်စင် လာရောက်ဆောင်ရွက်သူများအနေဖြင့် ဇူလိုင် ၄ ရက်နောက်ဆုံးထား၍ ဆောင်ရွက်ကြရန်လည်း ၎င်းက ပြောကြားခဲ့သည်။

ဇော်မင်းနိုင်(မြင်းခြံ)

ခရီးသည်တင်ယာဉ်များ အန္တရာယ်ကင်းရှင်းရေးစစ်ဆေး

ရမည်းသင်း ဇွန် ၈

ရမည်းသင်းမြို့ အဝေးပြေးခရီးသည်ပို့ဆောင်ရေးယာဉ်များ အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မတော်တဆဖြစ်ပွားမှုအန္တရာယ်မှ ကြိုတင်ကာကွယ်ရေးအတွက် ရမည်းသင်းမြို့မှစတင်ထွက်ခွာမည့် ရမည်းသင်း-ရန်ကုန်ခရီးသည်တင်ယာဉ်များဖြစ်ကြသော နေကြယ်မင်းယာဉ်လိုင်း၊ အောင်သူယာဉ်လိုင်း၊ နန်းထိုက်စံယာဉ်လိုင်းနှင့် ရမည်းသင်း-မန္တလေးခရီးသည်တင်ယာဉ်ဆီဇာကားလိုင်းများကို ယာဉ်ကြံ့ခိုင်မှု ရှိ မရှိ၊ ယာဉ်လိုင်စင်၊ ယာဉ်နောက်လိုက်လိုင်စင်၊ လုပ်ငန်းလိုင်စင်၊ ယာဉ်အချက်ပြမီးကောင်း မကောင်း၊ ရောင်ပြန်ပြားတပ်ခြင်း ရှိ မရှိနှင့် မီးသတ်ဆေးဘူးထားရှိမှုတို့ကို ဇွန် ၇ ရက်က စစ်ဆေးခဲ့ကြကြောင်း သိရသည်။

စစ်ဆေးမှုတွင် ရမည်းသင်းခရိုင်ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကဦးဆောင်ပြီး ရမည်းသင်းခရိုင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြသက်လွင်နှင့် ဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်ဥပဒေအရာရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ယာဉ်လိုင်းများကြီးကြပ်မှုကော်မတီအတွင်းရေးမှူးတို့ပါဝင်သောအဖွဲ့များက ပူးပေါင်းပါဝင်ခဲ့သည်။

ဇော်ဝင်းအောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပစ္စည်းဝယ်ယူရေးအဖွဲ့

ရက်စွဲ၊ ၂၀၁၄ခုနှစ် ဇွန်လ ၆ရက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနတွင် အသုံးပြုရန်အတွက်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	(၄ပေ×၃ပေ×၂ပေ) သုံးဘီးတပ် အမှိုက်သိမ်းလှည်း	၈၀၀ စီး
(ခ)	မိုးကာအင်္ကျီ (Free Size အရှည်ဒူးဖုံး)	၄၀၀၀ ထည်
(ဂ)	သန့်ရှင်းရေးဝန်ထမ်းဝတ်စုံ (Free Size)	၆၈၀၀ စုံ

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၀-၆-၂၀၁၄ရက်၊ ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀ (ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး(ပစ္စည်းဝယ်ယူရေးအဖွဲ့)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ မြောက်ဦး-မင်းပြား၊ ချောင်းကူး-ပေါက်နှင့်ဟိုပင်-မိုးညှင်း (မိုးကောင်း) ၆၆ ကေဗွီ ဓာတ်အားလိုင်း သုံးလိုင်းအတွက် လိုအပ်သော ၁၂ မီတာ၊ ၁၃၆၂ လုံးနှင့် ၁၅ မီတာ၊ ၁၄၃ လုံးတို့အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၉-၆-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၃-၆-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၈၂

လူပျောက်ကြော်ငြာ

ဦးမြင့်နိုင် အသက်(၄၃)နှစ်၊ ဆွံ့အနားမကြားသူသည် ၁-၆-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် အမှတ်၅၄၀၊ အောင်ချမ်းသာ ၂ လမ်း၊ (၇၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နေအိမ်မှပျောက်သွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ကျေးဇူးဆပ်ပါမည်။**
ဖုန်း-၀၉-၄၀၁၅၇၉၃၂၃၊ ၀၉-၃၃၆၁၉၉၄၈

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ဖလမ်းခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့်ပြည်နယ်ခွင့်ပြု ရန်ပုံငွေဖြင့် လမ်း၊တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းပစ္စည်းများကို လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၃-၆-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၂၇-၆-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ
တင်ဒါဖွင့်မည့်ရက် - ၃၀-၆-၂၀၁၄ ရက်

၂။ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ခရိုင်အင်ဂျင်နီယာမှူး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဖလမ်းခရိုင်၊ ဖလမ်းမြို့
ဖုန်း-၀၇၀-၄၀၀၅၈

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဟိန်းသူရအောင် ၃/ကဆက(နိုင်)၀၆၆၀၈၁ ၏ နိုင်ငံကူးလက်မှတ် MA-၅၉၅၉၁၃ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၂၈၁၃၉၆**

ယာဉ်မှတ်ပုံတင်မိတ္တူစာအုပ် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဝယ/၁၉၇၇ Kenbo 125 M/C၊ယာဉ်လက်ဝယ်ရှိသူ ဒေါ်နုနုအေး ၉/မရတ(နိုင်)၀၅၀၆၆၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ဌာနဆိုင်ရာနှင့် လူမှုရေး၊ စီးပွားရေးကြော်ငြာ

မွန်ပြည်နယ်
သထုံခရိုင်
(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအတွက် ကတ္တရာ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

